www.burmeseclassic.com

# ပင်းဒယ

## ရွှေဥမင်စေတီ နှင့် ပင်းဒယဂူသမိုင်း




ဒေါက်တာသန်းထွန်း

M.A.,B.L., Ph.D. (London)

သမိုင်းပါမောက္ခ

နှင့်

သိန်းသန်းထွန်း


www.burmeseclassic.com

www.burmeseclassic.com

သိန်းထိုက်ရတနာစာပေ အထူးထုတ်

# ပင်းဒယမြို့
# ပင်းဒယရှေးဥမင်စေတီနှင့်
# ပင်းဒယဂူသမိုင်း

**ဒေါက်တာသန်းထွန်း**
M.A., B.L., Ph.d (London)
(သမိုင်းပါမောက္ခ)
နှင့်
**သိန်းသန်းထွန်း**
ပြုစုသည်

သိန်းတန်စာနယ်ဇင်း
အမှတ် - ၄၂ ၂၇ လမ်း၊ ဇိမ်တော်ရာ၊
သင်္ကန်းတန်း၊ မန္တလေး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် ၁၉၉၇၊ စက်တင်ဘာလ။
အုပ်ရေ
၁၀၀၀
တန်ဖိုး
(        )
မျက်နှာဖုံးပန်းချီ
ကျော်ဖြူစံ
မျက်နှာဖုံးနှင့်အတွင်းဖလင်
ဦးထွန်းဆိုင်
မျက်နှာဖုံးရိုက်
လုပ်အား
စာအုပ်ချုပ်
ကေကရီ

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်– ၁၄/၉၇ (ဂ)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်– ၁၀/၉၇ (ဂ)

ဦးမြသန်း (၀၁၅၀)၊ အသိုင်းအဝိုင်းစာပေ၊ အမှတ်–၃၅၊ ဗွဲစုံရပ် မရမ်းကုန်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးရွှေထွန်းအောင်(၀၂၀၇) လုပ်အား ပုံနှိပ်တိုက်၊ အမှတ်–၅၊ လမ်း–၁၀၀၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မှ အတွင်းစာသားများ ရိုက်နှိပ်ပါသည်။

# မာတိကာ

– မြေပုံစာရင်း
– ဓာတ်ပုံ စာရင်း
– ဆွဲပုံ စာရင်း

အခန်း ၁

ငါးပါးသီလ လက်ာ [illegible]

အခန်း ၂

ပင်းဒယ အခြေအနေ ပုံကြမ်းနဲ့ သမိုင်းနောက်ခံ ၁၅

အခန်း ၃

သက္ကရာဇ်ဖော် ၅၂

အခန်း ၄

ဘီသက္ကဂုရု ၁၀၁

အခန်း ၅

ဂူတွင်းအနုပညာလက်ရာ ၁၃[illegible]

www.burmeseclassic.com

# မြေပုံ စာရင်း

၁။ ပင်းဒယ တည်နေရာပြမြေပုံ
၂။ ပင်းဒယ တောင်ဘက်ဂူမှန်ကွက်ပုံ (စကေး ၁"-၂၀')

ဂူပုံမှန်ကွက်ပုံကို မန္တလေး စည်ပင်သာယာ ဝင်းမောင် ရေးဆွဲသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြေပုံစာရင်း


၁။ မြေပုံ ၁ ၁၀ ဇန်နဝါရီ ၁၇၇၃ ရက်စွဲပါ သစ်သားဆင်းတု

၂။ မြေပုံ ၂ ၆ ဖေဖော်ဝါရီ ၁၇၇၃ ရက်စွဲပါ သစ်သားဆင်းတု

၃။ မြေပုံ ၃ ၃ နိုဝင်ဘာ ၁၇၇၇ ရက်စွဲပါ သစ်သားဆင်းတု

၄။ မြေပုံ ၄ ၁၅ မတ် ၁၇၈၉ ရက်စွဲပါ ဘီသက္ကဂုရ

၅။ မြေပုံ ၅ ၁၉၇၄ ရက်စွဲပါ သစ်သားမင်းဝတ်ဘုရား

၆။ မြေပုံ ၆ ၂၀ နိုဝင်ဘာ ၁၈၀၉ ရက်စွဲပါ သစ်သား ကြာဖက်ခေါင်း ဗောဓိရိုးဘုရား


www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်ပုံစာရင်း

၇။ ဓာတ်ပုံ ၇ ၂၂ ဒီဇင်ဘာ ၁၈၁၂ ရက်စွဲပါ
သစ်သားဆင်းတု
၈။ ဓာတ်ပုံ ၈ မင်းဝတ်ဘုရား (ကုန်းဘောင်ခေတ်ဦး)
၉။ ဓာတ်ပုံ ၉ ဦးဇာဂရ
၁၀။ ဓာတ်ပုံ ၁၀ ဦးဝိမလစာရ
၁၁။ ဓာတ်ပုံ ၁၁ ဘီသက္ကဂုရု သစ်စေ့ကို လက်ညှိုး
လက်မဖြင့် ကိုင်ပုံ
၁၂။ ဓာတ်ပုံ ၁၂ ဘီသက္ကဂုရု သစ်စေ့ကို လက်ခလယ်
လက်မဖြင့် ကိုင်ပုံ
၁၃။ ဓာတ်ပုံ ၁၃ ဘီသက္ကဂုရု သစ်စေ့ကို လက်ညှိုး
လက်ဖဝါးမှာ ညှပ်ကိုင်ပုံ
၁၄။ ဓာတ်ပုံ ၁၄ ဘီသက္ကဂုရု သစ်စေ့ကို လက်ညှိုး
လက်ခလယ်နှင့် လက်ဖဝါးမှာ ညှပ်ကိုင်ပုံ
၁၅။ ဓာတ်ပုံ ၁၅ ဘီသက္ကဂုရု သစ်စေ့ကိုင် လက်ဖဝါး
အောက်မှာ ဆင်ကလေးတစ်ကောင်
၁၆။ ဓာတ်ပုံ ၁၆ ရှိုးပြမယ့် ကြည့်ကောင်းတဲ့ ဘုရားတံကဲ
(ဆွဲပုံ ၃ ကြည့်)
၁၇။ ဓာတ်ပုံ ၁၇ ပိုပြီး လှပလာတဲ့ ဘုရားတံကဲ
(ဆွဲပုံ ၄ ကြည့်)
၁၈။ ဓာတ်ပုံ ၁၈ အထူးလှပလာတဲ့ ပလ္လင်နှင့် တံကဲ
(ဆွဲပုံ ၅ ကြည့်)
၁၉။ ဓာတ်ပုံ ၁၉ စိုင်ပေါင်နဲ့ တံကဲ
(ဆွဲပုံ ၆ ကြည့်)
၂၀ ဓာတ်ပုံ ကိန္နရီ ကြက်တူရွေးနှင့် ပန်းတံကဲ
(ဆွဲပုံ ၇ ကြည့်)
၂၁။ ဓာတ်ပုံ ၂၁ နဂါး ငှက်နဂါးနှင့် ကြက်တူရွေးတံကဲ
(ဆွဲပုံ ၈ ကြည့်)
၂၂။ ဓာတ်ပုံ ၂၂ နဂါး
(ဆွဲပုံ ၉ ကြည့်)
၂၃။ ဓာတ်ပုံ ၂၃ သမ္ဗုဒ္ဓေဘုရား
(ဆွဲပုံ ၁၀ ကြည့်)
၂၄။ ဓာတ်ပုံ ၂၄ ပန်းစကြာ
(ဆွဲပုံ ၁၁ ကြည့်)
၂၅။ ဓာတ်ပုံ ၂၅ လက်ဝီးကွက်ထိဘုရား
(ဆွဲပုံ ၁၂ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com

## ဓာတ်ပုံစာရင်း


၂၆။ ဓာတ်ပုံ ၂၆ လဂွတ် ဆင်ထိဘုရား (ဆွဲပုံ ၁၃ ကြည့်)

၂၇။ ဓာတ်ပုံ ၂၇ လက် ကြွက်ထိဘုရား (ဆွဲပုံ ၁၄ ကြည့်)

၂၈။ ဓာတ်ပုံ ၂၈ ပျားသလက်ဆက် မျောက်

၂၉။ ဓာတ်ပုံ ၂၉ လက်ဇော့

၃၀။ ဓာတ်ပုံ ၃၀ ရှု့ အောက်ကြည့်

၃၁။ ဓာတ်ပုံ ၃၁ ရှု့အပေါ်ကြည့်

၃၂။ ဓာတ်ပုံ ၃၂ ကရဝိက်

၃၃။ ဓာတ်ပုံ ၃၃ ဟင်္သာ

၃၄။ ဓာတ်ပုံ ၃၄ ဝသုန္ဓရီ

၃၅။ ဓာတ်ပုံ ၃၅ ဆံရေညှစ်တဲ့ အမျိုးသမီး

၃၆။ ဓာတ်ပုံ ၃၆ နံရံဆေးရေး ပန်းချီ (ဆွဲပုံ ၁၆ ကြည့်)


ဓာတ်ပုံအားလုံးကို နေနွယ်ရိုက်ကူးတယ်။

## ဆွဲပုံ စာရင်း


၁။ ဆွဲပုံ ၁ ဘီသက္ကဂုရု လက်တော်တွေမှာ တွေ့ရတဲ့ အမြိုက်အိုးနဲ့ သစ်စေ့

၂။ ဆွဲပုံ ၂ ပင်းဒယတောင်ဘက်ဂူ ပန္နက်ပုံကြမ်း

၃။ ဆွဲပုံ ၃ ရိုးပေမယ့် ကြည့်ကောင်းတဲ့ ဘုရားတံကဲ (ဓာတ်ပုံ ၁၆ ကြည့်)

၄။ ဆွဲပုံ ၄ ပိုပြီးလှပလာတဲ့ ဘုရားတံကဲ (ဓာတ်ပုံ ၁၇ ကြည့်)


www.burmeseclassic.com

www.burmeseclassic.com

## ဆွဲပုံ စာရင်း


၅။ ဆွဲပုံ ၅ အထူးလုပလာတဲ့ ပလ္လင်နှင့် တံကဲ
(ဓာတ်ပုံ ၁၈ ကြည့်)

၆။ ဆွဲပုံ ၆ စိုင်ပေါင်နဲ့ တံကဲ
(ဓာတ်ပုံ ၁၉ ကြည့်)

၇။ ဆွဲပုံ ၇ ကိန္နရီ ကြက်တူရွေးနှင့် ပန်းတံကဲ
(ဓာတ်ပုံ ၂၀ ကြည့်)

၈။ ဆွဲပုံ ၈ နဂါး၊ ငှက်နဂါးနဲ့ ကြက်တူရွေးတံကဲ
(ဓာတ်ပုံ ၂၁ ကြည့်)

၉။ ဆွဲပုံ ၉ နဂါး
(ဓာတ်ပုံ ၂၂ ကြည့်)

၁၀။ ဆွဲပုံ ၁၀ သမ္ဗုဒ္ဓေဘုရား
(ဓာတ်ပုံ ၂၃ ကြည့်)

၁၁။ ဆွဲပုံ ၁၁ ပန်းစကြာ
(ဓာတ်ပုံ ၂၄ ကြည့်)

၁၂။ ဆွဲပုံ ၁၂ လက် ဇီးကွက်ထိဘုရား
(ဓာတ်ပုံ ၂၅ ကြည့်)

၁၃။ ဆွဲပုံ ၁၃ လက် ဆင်ထိဘုရား
(ဓာတ်ပုံ ၂၆ ကြည့်)


## ဆွဲပုံ စာရင်း


၁၄။ ဆွဲပုံ ၁၄ လက် ကြွက်ထိဘုရား
(ဓာတ်ပုံ ၂၇ ကြည့်)

၁၅။ ဆွဲပုံ ၁၅ လက် ခြင်္သေ့ထိဘုရား
(ပင်းဒယမြောက်ဘက်ဂူ)

၁၆။ ဆွဲပုံ ၁၆ နံရံဆေးရေးပန်းချီ
(ဓာတ်ပုံ ၃၆ ကြည့်)


ဓာတ်ပုံ အားလုံးကို သန်းထွန်းရေးဆွဲတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၁

၁၀၊ နေနဂါရို ဘုရား ရုပ်ဆံ ကျိုးသွားဆင်းတု

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၂

၆။ ဖေဖော်ဝါရီ ၁၇၇၃ ရက်စွဲပါ သစ်သားဆင်းတု



ဓာတ်ပုံ ၃

၃။ နိုဝင်ဘာ ၁၇၇၇ ရက်စွဲပါ သစ်သားဆင်းတု

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၄

၁၅၊ မတ်၊ ၁၈၈၉ ရက်စွဲပါ ကိုသဏ္ဍာဝရ



ဓာတ်ပုံ ၅

၁၈၉၄ ရက်စွဲပါ သင်ယာမင်းဝတ်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၆

၂၈၊ နိုဝင်ဘာ၊ ၁၈၀၉ ရက်စွဲပါ သစ်သားကြာဖက်ဆောင်း တေမိရှိဘုရား



ဓာတ်ပုံ ၇

၂၂၊ ဒီဇင်ဘာ၊ ၁၈၁၂ ရက်စွဲပါ ချမ်းသာဆင်းတု

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၈
မင်းခေတ်ဘုရား (ကုန်းဘောင်ခေတ်ဦး)



ဓာတ်ပုံ ၉
ဦးဇာဂရ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၁၁


ဦးဝိမလစာရ



ဓာတ်ပုံ ၁၁

ဘိသက္ကဂုရုသစ်ဓနော်ကို

လက်ညှိုး လက်မြှောင့် ကိုင်ပုံ



ဓာတ်ပုံ ၁၂

ဘိသက္ကဂုရုသစ်ဓနော်ကို

လက်ခလယ် လက်မြှောင့် ကိုင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၁၃

ဘိသဂ္ဂုရုရှင်တော်ကို လက်ညှိုး လက်ဝါးမှာ ညှပ်ကိုင်



ဓာတ်ပုံ ၁၄

ဘိသဂ္ဂုရုရှင်တော်ကို လက်ညှိုး လက်ခလယ်နှင့် လက်ဝါးမှာ ညှပ်ကိုင်



ဓာတ်ပုံ ၁၅

ဘိသဂ္ဂုရုရှင်တော်ကို လက်ဖဝါးအောက်မှာ ဆင်ကလေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၁၆

မှုန်ပေမယ့် ကြည့်ကောင်းတဲ့ ဘုရားတံကဲ (ဆွဲပုံ ၃ ကြည့်)



ဓာတ်ပုံ ၁၇

ပိုပြီးလှပလာတဲ့ ဘုရားတံကဲ (ဆွဲပုံ ၄ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com




ဓာတပု ၁၈
အထူးလုပလာတဲ့ ပလ္လင်နှင့် တံကဲ (ဆွဲပုံ ၅ ကြည့်)




ဓာတ်ပုံ ၁၉
နိုင်ပေါင်နဲ့ တံကဲ (ဆွဲပုံ ၆ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၂၀
ကိန္နရီ ကြက်တူရွေးနှင့် ဖင်ဒုံးကဲ (ဆွဲပုံ ၇ ကြည့်)




ဓာတ်ပုံ ၂၁
နဝိုး ငှက်နဂါးနှင့် ကြက်တူရွေးတုံးကဲ (ဆွဲပုံ ၈ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၂၂
နဂါး (ဆွဲပုံ ၉ ကြည့်)



ဓာတ်ပုံ ၂၃
သမ္မုဒ္ဒေဘုရား (ဆွဲပုံ ၁၀ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၂၄
ပန်းကြော (ဆွဲပုံ ၁၁ ကြည့်)



ဓာတ်ပုံ ၂၅
လက် ဦးကျွက်ဆိပ်များ (ဆွဲပုံ ၁၂ ကြည့်)


www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၂၆

—က် ဆင်ထိဘုရား (သွဲ့ပုံ ၁၃ ကြည့်)



ဓာတ်ပုံ ၂၇

လက် ကြွက်ထိဘုရား (သွဲ့ပုံ ၁၄ ကြည့်)



ဓာတ်ပုံ ၂၈

ဖူးသလက်ဆက်ကို ဥဿုက်

www.burmeseclassic.com



ဓာတ်ပုံ ၂၉
လက်ဖွေ့



ဓာတ်ပုံ ၃၀
ရှုဲ့အောက်ကြည့်



ဓာတ်ပုံ ၃၁
ရှုဲ့အပေါ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၃၂
ကရဝိက်



ဓာတ်ပုံ ၃၃
ဟင်္သာ

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၃၄
ဝသုန္ဒရီ



ဓာတ်ပုံ ၃၅
သံယောဇဉ်တဲ့ အမျိုးသမီး


www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ ၃၆

နံရံဆေးရေးပန်းချီ (ဆွဲပုံ ၁၆ ကြည့်)



ဆွဲပုံ ၁

ဘီသဋ္ဌုရုပ်လက်တော်တွေမှာ တွေ့ရတဲ့ အမြိုက်အိုးနဲ့ သပိတ်

www.burmeseclassic.com


www.burmeseclassic.com

ဆွဲပုံ ၂

ပင်းဒယတောင်ဘက်ရှုပန္နက်ပုံ


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆွဲပုံ ၃
ရိုးပေမယ့် ကြည့်ကောင်းတဲ့ ဘုရားတံကဲ (ဓာတ်ပုံ ၁၆ ကြည့်)


www.burmeseclassic.com

www.burmeseclassic.com



ဆွဲပုံ ၄

ပိုပြီးလှပလာတဲ့ ဘုရားတံခါး (စာပိုဒ် ၁၇ ကြည့်)




ဆွဲပုံ ၅


အထူးလှပလာတဲ့ ပလ္လင်နှင့် တံခါး

(စာပိုဒ် ၁၈ ကြည့်)

www.burmeseclassic.com



ဆွဲပုံ ၆
ဗိုင်ပေါင်နဲ့ ဘုရားတံကဲ
(ခေတ်ပုံ ၁၉ ကြည့်)



ကိန္နရီ ကြက်တူရွေးနှင့် ပန်းတံကဲ ခေတ်ပုံ ၂၀ ကြည့်
(ဆွဲပုံ ၇

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပုံ ၈
နဂါး ငှက်နဂါးနှင့် ကြက်တူရွေးတံကဲ


(ဓာတ်ပုံ ၂၈ ကြည့်)



ဆွဲပုံ ၉
နဂါး (ဓာတ်ပုံ ၂၂ ကြည့်)


www.burmeseclassic.com

www.burmeseclassic.com



ဆွဲပုံ ၁၀

သပ္ပဒေဘုရား (ဓာတ်ပုံ ၂၃ ကြည့်)



ဆွဲပုံ ၁၁


ပန်းစကြာ (ဓာတ်ပုံ ၂၄ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com




ဆွဲပုံ ၁၂
လက်ဇီးကွက်ယိုဘုရား (ဓာတ်ပုံ ၂၉ ကြည့်)




ဆွဲပုံ ၁၃
လက်ဆင်ယိုဘုရား (ဓာတ်ပုံ ၂၆ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပုံ ၁၄
လက်ကြွက်ထိဘုရား (ဓာတ်ပုံ ၂၈ ကြည့်)



ဆွဲပုံ ၁၅
လက်ခြသေ့ထိဘုရား (ပင်းယ မြောက်ဘက်ရှ)

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပုံ ၁၆
နံရံဆေးရေးပန်းချီ (ဓာတ်ပုံ ၁၆ ကြည့်)

# အခန်း ၁

## ငါးပါးသီလ လင်္ကာ

ပင်းဒယဂူ၊ စေတီနဲ့ ရုပ်ပွားသမိုင်းရေးမယ်လို့ အားကိုးရမယ့် စာဟောင်း၊ ပေဟောင်း၊ မှတ်တမ်းဟောင်းတွေ ရှာကြတဲ့အခ အင်းတဲ မင်းကျောင်းမှာ ကိုးကြောင်းရေး ပေစာငါးရွက်ရပါတယ်- ဖတ်ကြည့်တဲ့အခါ ဘွဲ့အမည်မသိရတဲ့ ဆရာတော်တစ်ပါး ရုပ်တော် အသွား ပင်းဒယမှာ ခဏဝင်နားရင်း ၁၁၅၆၊ ပြာသို(ဆုတ်) ၅၊ (ဇန်နဝါရီ၊ ၁၇၉၅)နေ့က ငါးပါးသီလ လင်္ကာကို ရေးသွားတယ်လို့ သိရတယ်။ အရိုင်အနှစ် နှစ်ရာလောက်က စာဖြစ်တယ်၊ အားရေးမယ့် ဘုရားသမိုင်းအတွက် အကောင်းဆုံး နိဒါန်းပဲဖြစ်တယ်လို့ ဒီမှာ ကူးယူ ဖော်ပြလိုက်ပါတယ်။

၁။ အမိပတိ၊ မရှိဘက်လွတ်၊ သုံးလူထွတ်ကို၊ ကြည်ညွတ်ရှိခိုး
ဦးထိပ်ဗွေဦ၊ မြူတေဖြိုးမောက်၊ ပြည်တန်ကျောက်ထက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်စိတ်သုန်၊ တင့်မိဋ္ဌာန်ပြီး၊ နိဗ္ဗာန်ဩွန့်တတ်၊ ကာရာ
မြတ်ကို၊ နဝရတ်ဂုဏ်တန်၊ ရွှေနှာသန့်သို့၊ ဆင်ပန်ပြီ သော်၊
သယ်ဘဲတော်ကို၊ မူဇော်ဆန် ကြယ်၊ ပုလဲသွယ်နည်း၊ တင့်တယ်
ကျစ်လျစ်၊ လည်ဝယ်ရစ်မှ၊ ရှင်ချစ်ဘုရား၊ ပေဘာခဲထားသား၊
ငါးပါးစည်းစီ၊ ပဉ္စသီကို၊ ကျင့်ညီသဖြင့်၊ ကောင်းပန်းပွင့်၏၊
မကျင့်အလို၊ [illegible]သဖြင့်၊ အပြစ်နှင့်ဘု၊ နိမ့်မြင့်ထင်ရှား၊
သံလေးကျူး ရင်ကြေးပိမ့်။ ။နီးဝေးကြားစေကုန်သတည်း။

၂။ ပါဏာတိပါတ်၊ မသတ်ရှောင်ရှား၊ ကြည်သော်အားကား၊
ရှည်လျားကာလ၊ ဘဝတိုင်သား၊ အင်္ဂါကြီးငယ်၊ တင့်တယ်
လုံးရပ်၊ ချေစပ်အလွန်၊ ကောင့်မွန်လက်ခြေ၊ ဖဝါးမြေဒ္ဒ၊
ချထွေသိမ်သည်း၊ တကြိတည်း[illegible]ည်၊ ရှုလည်းရှုဖွယ်၊
ဆင်းနိကာယ်နှင့်၊ စင်ကြယ်နူ ည၊ ရဲဝံ့တည်ကြည်၊ ကြီးသည်
ခွန်အား၊ စက်အားမြန်လျင်၊ လူမြင်တိုင်းချစ်၊ မေတ္တာရစ်၏။
နှစ်သက်သောကြောင့်၊ မနှောင့်မယှက်၊ မဖျက်မဆီးနိုင်၊
ဖြီးခိုင်လုံ့လ၊ ထိုမှတစ်ခု၊ ညှဉ်းဆဲမှုဖြင့်၊ မစုမတော၊
မျှားလုံခြွေ၍ အနေငြိမ်ဆိမ်၊ စီရိမ်ဝေစွာ၊ လွန်ချမ်းသာလျက်၊
ရောဂါဘေးရိပ်၊ မနှိပ်မစက်၊ အသက်လည်းရှည်၊ ကြည်ကြည်
ဖြူဖြူ၊ ချစ်သောသူနှင့်၊ အတူမကွေ၊ စံနေတို့ရ၊ ဤသို့စသော၊



မျှ‌‌ေ‌လှတုံစွာ၊ ကျိုးရောက်ရာသည်။ ။ သဒ္ဒါပွားစေကုန်
သတည်း။

။ ကျက်သရေလျှံလန်း၊ ယုဂန်နန်းက၊ နေဝန်းတက်သစ်၊ တိမ်ခြေ
လှစ်၍၊ မညစ်မညူး၊ စက်ရှိန်မြူးသို့၊ ကျေးဇူးထွန်းပြောင်၊
ဤစာစောင်လည်း၊ အရောင်မမှန်၊ ဝင်းဝင်းထိန်စိမ့်၊ အဒိန္နဒါန်၊
မလွန်နှလုံး၊ သတင်းသုံးက၊ အဆုံးမရှိ၊ ကြီးဘိစည်းစိမ်၊
ငြိမ်းချမ်းလှစွာ၊ ဥစ္စာများလှ၊ မရသေးသာ၊ စည်းစိမ်များလည်း၊
ထိုးပွားရောက်နည်း၊ ရပြီးဥစ္စာ၊ မကွာမြဲမြဲ၊ စိတ်ကြံလိုလျှောက်၊
ချမ်းသာရောက်၏၊ ရွံ့ကြောက်ခန့်ညား၊ ရန်ငါးပါးလည်း၊
ရှောင်ရှားကင်းလွန်၊ မြတ်ထွတ်ဝန၊ သူများအထံ၊
အဆက်ဆံကို၊ ပျော်စံပိုင်စိုး၊ သူတက်တိုး၍၊ ကံမိုးသာလွန်၊
မွန်မွန်ရည်ရည်၊ မရှိသည်ကို၊ မလည်နားပါး၊ မကြားမသိ၊
မထိဆင်းရဲ အမြဲသုခ၊ စံကုန်ရပဟု၊ တေဇမော်ကိမို၊ ငါးမာန်
ဖြိုလျှင်၊ သံသာချီအိန့်၊ ကျောအေးထိန့်သာ၊ အမိန့်တော်ထွက်၊
ထင်ပြက်ပြက်ကို၊ မပျက်မကျိုး၊ သဒ္ဒါနှိုး၍။ ။စောင့်ကြိုး
စားစေကုန်သတည်း။

။ အခါစည်းစီ၊ ဆယ့်နှစ်လီတွင်၊ ရာသီဖြိုးစွာ၊ လွန်သာယာလျက်၊
ရွှေဝါလျှံရဲ၊ ပန်းခုဝဲလျှင်၊ အမြဲပွင့်တုန်း၊ တန်ဆောင်မုန်းဟူ၊
ချိန်ဆုံးရက်စေ၊ နှင်းငွေမြူဖုံး၊ မဝေမှုန်းသား၊ ပုဏ္ဏမာသ၊

www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည့်လသို့၊ ဓမ္မကျိုက်သရေ၊ ရွှန်းရွှန်းဝေစိမ့်၊ ကာမေသု
အား မပြစ်မှားခဲ့၊ တရားရှေ့ရှု၊ စောင့်ကြိုမှုကား၊ ရန်သူမျိုးကင်း
ထမင်းမလွှတ်၊ အဝတ်အိပ်ရာ၊ လှူယ်ကာခဏ၊ လိုတိုင်းရ၏။
အေးမြမေတ္တာ၊ သူတကာလည်း၊ ကြင်နာချစ်ရည်၊ စုံစေ့
လက္ခဏာ၊ မကွာမသွေ၊ ဣန္ဒြေနှင့်၊ လေးထွေပါယ်ရပ်၊ မကပ်
မကျ၊ မိန်းမမဆန်၊ ကောင်းကျန်ကောင်းဘုန်း၊ ထွက်မြောက်
ရန်း၍၊ နပုန်းပဏ္ဍုတ်၊ ဆိုးယုတ်တဆစ်၊ မဖြစ်မကြုံ၊ မယုံမနာ၊
သက်ာမလွှမ်း၊ ဉာဏ်ခွဲခြမ်းလျက်၊ ငြိမ်းချမ်းစံရေး၊ မရှိဘေး
တည်း၊ မဝေးချစ်သူ၊ အတူမကွာ၊ စံရရာဟု၊ များစွာ၍သို့၊
ကျေးဇူးတို့ကို၊ နှစ်လိုရွှင်ပြုံး၊ ဖြောင့်ဖြောင့်သုံး၍။ ။
နှလုံးထားစေကုန်သတည်း။

၅။ ရန့်ပြည့်စုံ၊ မွှေးမွှေးထုံသာ၊ ပဒုမ္မာရင့်၊ နေကိုလင့်၍၊ ပွင့်လေ
သောလား၊ သူတော်များတို့၊ တရားဟူသည်၊ နေရောင်ခြည်
လျှင်၊ လျှံစည်ကောက်ထွန်း၊ လင်းပြည့်ခွန်းအံ၊ တက်ရွှန်း
ပီတိ၊ ရွှင်ဘိသဒ္ဓါ၊ ပွင့်လုံးချာလော၊ မုဿာဝါဒ၊ ကြည်ရေ
အသွင်၊ အာနိသင်ကား၊ သန့်စင်ပြစ်ပြေ၊ ဣန္ဒြေလည်း၊
မသွေမလွှတ်၊ ညီညွတ်သဏ္ဍာန်၊ ငါးကြန်စုံရောက်၊
ရွှေတိုင်ဆောက်သို့၊ ပြစ်ခြောက်မည်ရှား၊ ညီတရားဖြင့်၊ စကား



ကောင်းတတ်၊ ပရိသတ်လည်း၊ ယုံမှတ်ကိုးကွယ်၊ ကြာနယ်
သင်းပျံ့၊ ခတွင်းနံ့နှင့်၊ နူးညံ့မျက်နှာ၊ နှုတ်ခမ်းလျှာလည်း၊
ရွှေကြာညိုချပ်၊ ပွင့်မှုလတ်သို့၊ မလျှပ်မပေါ်၊ ဖြောင့်တော်သဖြင့်၊
မပျံ့လွှင့်တည်၊ သည့်နှင့်မရပ်၊ ကျိုးပေးအပ်ဟု၊ စောသဗ္ဗညု၊
သုံးလူ့ဆံကျင်၊ ထွတ်ဆုံးတင်၏။ သွန်သင်မိန့်မှာ၊ ရှိသေ
စွာ၍။ ။ကောင်းရာလားစေကုန်သတည်း။

၆။ ကမ္ဘာတည်သစ်၊ အမိုက်ဖြစ်၍၊ နွမ်းညစ်ဆာပူ၊ ရှေးဦးသူတို့၊
ဆုယူကုန်ကြ၊ မျှော်တောင့်တသော်၊ နေလနှင့်ပွင့်၊ မှောင်ကို
လွှင့်မှ၊ ကဲမြင့်ကြည်လင်း၊ နှလုံးရွှင်သို့၊ အောင်မင်္ဂလာ၊
ဝမ်းမြောက်သာစိမ့်၊ သူရာမေရိယ၊ ကြည်ရကျိုးမြတ်၊
အဋ္ဌပုဒ်မှု၊ နာဂတ် ပဉ္စပွန်၊ ဉာဏ်နှစ်တန်၌၊ ပြုရန်ကိစ္စ၊
သိလွယ်လှ၏။ ကာလခပ်သိမ်း၊ မ(တိမ်းမှန်ဘိ)၊ တည်မှတ်
မိလျက်၊ ရှိသည့်ပညာ၊ လိမ္မာအထူး၊ မရှုးမသွပ်၊ မလျှပ်
ပေါ်ခြင်း၊ အဖြင့်မရှိ၊ မယိမယို၊ မမှိုမမှုန်၊ မထုံမအ၊
မဝမယာစ်၊ အပြစ်မတွေ့၊ မမေ့မလျော့၊ မကြော့မကြမ်း၊
မသွမ်းမလေ၊ မတွေဝေတည့်၊ ကောင်းထွေနိမိတ်၊ မထိတ်
မလန့်၊ မကန့်သက်၊ နှစ်ဖြာမခြား၊ စကားတစ်ခွန်း၊
တည်လွှန်းမှန်မော၊ မချောမပျစ်၊ ကျစ်လျစ်မွန်ရည်၊ သာကြည်
သြဇ၊ ရှေးကပြုဖူး၊ သူ့ကျေးဇူးကို၊ မမြုမထိမ်၊ မွေ့သိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြည်ညို၊ ဝန်မတို့တည့်၊ ကုသိုလ်ဖြစ်က၊ အားရ ဝမ်းမြောက်၊ ကြောက်ကြောက် ရွက်ရက်၊ တည်ငြိမ်သက်၏။ အမျက်မမျှ၊ ဖြောင့်သားကြည်ဖြူ၊ အယူအငင်း အမြင်ထဲသံ၊ အကြံအစည်၊ လည်လည်ဖတ်ပတ်၊ မုတ်မှတ်သားသာ၊ စီ ပွား ရှိသည်၊ မရှိသည်၌၊ ဖွေနည်ပြီးတိုင်၊ ဆင်ခြင်နိုင်၏၊ ပျ လိုင်မွေးစွာ၊ ကျင့်သီလကို၊ တည်ပစေငှ၊ နှလုံးပြု၍။ ကောင်းမှုများစေကုန်သတည်း။

၇။ မင်္ဂလာညွန့်ဖူး၊ ကမ္ဘာဦးက၊ အထူးသဖြင့်၊ ကြီးမြင့်ပေါ်ထင်၊ ရွှေကြာပင်လည်း၊ အောင်မြင်နိမိတ်၊ မြတ်သောဟိတ်ဖြင့်၊ တိတ်ကောင်းလှစွာ၊ ငါးခိုင်ဖြာ၍၊ ရောင်ဝါထူးဆန်း၊ ရွှေသက်န်းနှင့်၊ လန်းလန်းလှတင့်၊ ပွင့်ပွင့်သို့၊ ကောင်းကျင့်မြတ်ညီ၊ ပဥ္စသီလ၊ စောင့်ထိန်းရသာ၊ ငါပါးအကျိုး၊ ကျမ်းရိုးအရ၊ ရှုံး၍ပြပိမ့်၊ ဘဝမျက်မှောက်၊ မဖျောက်မကွာ၊ သံသရာ၌၊ ဥစ္စာစည်းစိမ်၊ ချမ်းငြိမ်ရွှင်ပြုံ၊ နှလုံးမထိတ်၊ တည်သောစိတ်ဖြင့်၊ တိရစ္ဆာန်ညစ်၊ မဖြစ်လေဘဲ၊ ငရဲမလာ၊ မွတ်ရှားလှစွာ၊ ပြိတ္တာ၏ဘုံ၊ မကြုံဓာတိ၊ မငြိမတွယ်၊ သူရကယ်ဝင့်၊ ကင်းလွတ်ကျူးကျော်၊ လူဖြစ်သော်လည်း သူတော်သူမြတ်၊ နတ်ဖြစ်လျှင်လည်း၊ နတ်တွင်နတ်လွန်၊ အဆုံးစွန်လည်း၊ ကောင်းမွန်သီးသန့်၊ မလှုပ်နန့်သား၊ နိဗ္ဗာန်



ကျေးရွှး၊ ချမ်းသာထူးကို၊ စူးစူးထုတ်ချောက်၊ ကေန်ရောက်ဟု၊ ဝမ်းမြောက်ရွှင်ခြင်း၊ သဒ္ဓါပြင်း၍။ ။ မယွင်းပွားစေကုန်သတည်း။

ပျို့မွေးသင့်လှိုင်၊ တကြိုင်ကြိုင်နှင့်၊ ငါးခိုင်ညွှန့်လန်း၊ သီလပန်းကို၊ မြတ်မှန်းသိသိ၊ ပန်ဆင်မိ၍၊ ညီးညီးပြောင်ပြောင်၊ ရွှေတန်ဆောင်သို့၊ ဂုဏ်ရောင်ကွန့်မြူး၊ ဖြစ်လေဘူးသား၊ အထူးသက်သေ၊ ပြည့်ညွှန်းပေအံ့၊ စေတနာဓော်၊ ပီတိပြောစိမ့်၊ အနောမဒဿီ၊ လျှော်ညီထင်ရှား၊ မြတ်ဘုရားလျှင်၊ လေးပါးသစ္စာ၊ ပွင့်သောခါ၌၊ ကြမ္မာ (ချွတ်လွဲ၊ ကောင်း) ချီးဝှဲ၍၊ ဆင်းရဲသောလျောက်၊ သူတစ်ယောက်သည်။ သူ့အောက်ကျိုးနွံ၊ သူအထံဝယ်၊ စေခံစား၊ သူရင်းငှားစစ်၊ ဖြစ်လေသည်နှင့်၊ ရွှန်းရွှန်းပွင့်သား၊ ရှင်ပင်သာသနာ ကြိမ်ကြွားပါလည်း၊ သမ္မာသမ္ဗုဒ္ဓ၊ ဘုရားမွေနှစ်၊ မခံဖြစ်ခဲ့၊ စင်စစ်မွေ့ရှာ၊ လူချင်းရာကို၊ စာနာတွေးဆ၊ သံဝေဂဖြင့်၊ ဘုရားတပည့်၊ ကျေးရှူး ပြည့်သား၊ မထည့်ထံပါး၊ ချဉ်းဝပ်တွားလျက်၊ ငါးပါးဖြူလွှ၊ မြတ်သီလကို၊ နိစ္စမိဌာန်၊ တသက်ပန်တည်၊ တတာန်ထိုမှ၊ ဘဝတသီး၊ ပြောင်းကာနီးသော်၊ ကြီးသည်ကောင်းမှု၊ အာနုဘော်အား၊ နတ်အများတို့၊ ရထားပြိုးပြောင်၊ မြင်းတစ်ထောင်နှင့်၊ တင်ဆောင်လေက၊ နတ်ရွာကျ၍၊ သိကြားစည်းစိမ်၊ ဘုံနန်းအိမ်၌၊ အကြိမ်သုံးဆယ်။ ထိုးကကွယ်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



အံ့ဖွယ်ထူးစွာ၊ ကြိုးတောစနှင့်၊ စကြာမင်းဖြစ်၊ ခုနစ်ဆယ့်ငါး၊
စံစားတလှစ်၊ ကေရာဇ်နှင့်၊ ဘုန်းသစ်လျှံဝေ၊ ပဒေသရာဇ်၊
အဖြစ်ဖြစ်ကို၊ တစ်နှစ်သချာ၊ မဖွဲ့သာတည့်၊ များစွာဤသို့၊
စံခဲ့မြို့မှ၊ ငါတို့ဘုန်းမေါင်၊ မြတ်ရွှေညောင်၌၊ အောင်မင်္ဂလာ၊
ပွင့်သောအခါတွင်၊ ရာဇဌာနီ၊ ဝေဘာလီဝယ်၊ ပည်းသိ
သောက်လွှေ့၊ ဥစ္စာကြွေ့သား၊ သဋ္ဌေးနွယ်မြစ်၊ အမျိုးဖြစ်၍၊
မိရိုးမွေးဖ၊ ညာတကတို့၊ သီလဆောက်တည်၊ ကျင့်ကြ
သည်ကို၊ ကျင့်လည်ရှေးက၊ ဝါသနကြောင့်၊ ကြားရမြင်သိ၊
ဆင်ခြင်မိ၍၊ သတိမပျက်၊ ခုနစ်သက်က၊ ရမ္မက်ကုန်ခန်း၊
ကြီးဘုန်းတန်းနှင့်၊ ရဟန္တာစစ်၊ ချက်ချင်းဖြစ်သော်၊ ပွင့်လစ်
ရှေးဓာတ်၊ ပါရီသတ်ကို၊ ပုဒ်ပါဠိပြေချော၊ တရားဟောက၊
ရှင်မောကြည်လင်၊ ကောင်းကျိုးထင်၏၊ သို့စဉ်ရှည်ထွေ၊
တသချေနှင့်၊ သိန်းနေကမ္ဘာ၊ အခွန့်ကြာက၊ မြဲစွာစောင့်မတ်၊
သီလမြတ်ကြောင့်၊ မပြတ်ဆက်တိုင်း၊ အလှိုင်းကြီးကြီး၊
စံခဲ့ပြီးမှ၊ ရန်မီးငြိမ်းရာ၊ ခေမာပြည်ငြိမ်း၊ ရောက်နိုင်စွမ်းဟု၊
ချီးမွမ်းဩဇ၊ ဗျာဒိတ်ရရှင့်၊ သီလဂုဏ်ဝှန်၊ ထိုထေရ်မွန်
သို့။ ။တံခွန်လွှားစေကုန်သတည်း။

၉။ စောင့်လျှင်အထူး၊ ကျေးဖူးများကြောင်း၊ ဆိုပြီး နှောင်းမှ၊
တိမ်းစောင်းကျူးလွန်၊ အပြစ်ဝန်ကို၊ ပြည့်ညွှန်ခွဲခြမ်း၊
သင့်ရုံစွမ်းအား၊ စွဲလမ်းအာရုံ၊ ရွှေကြေးမှုံသို့၊ စံပုံတရှည်၊



မ(ပြတ်) ကြည့်စမ့်၊ သူ၏အသက်၊ ကျေပျောက်ပျက်အောင်၊
နှိပ်စက်သတ်ညှစ်၊ ပြုသောပြစ်ကား၊ ညှောင်ညစ်ပူပန်၊ ငရဲထံ၌၊
တပြန်ပြောင်းပြောင်း၊ ကာလညောင်လျက်၊ ကျဉ်းမြောင်း
စွာလှ၊ ဒုက္ခိတမှ၊ အဆသင့်လျော်၊ လွှတ်မပါသော်လည်း၊
နံစော်ညှီပုပ်၊ အရုပ်မလှ၊ မဝအစာ၊ မွတ်ရှားစွာသား၊
ပြိတ္တာပိုးမွှား၊ ကျွတ်မျှော်ငါးနှင့်၊ နဂါးမြင်ဆင်၊ သမင်စိုင်ဆတ်၊
ပဒတ်ဝက်ရဲ၊ နွားကျွဲမြေခွေး၊ အိမ်ခွေးယုတ်ညစ်၊ အပြစ်များစွာ၊
ငါးရာစီချည်၊ ဖြစ်သတည်းဟု၊ ရှင်နည်းဘုန်းတူ၊ ဟောတော်
မူရှင့်၊ ကြည်ဖြူစုံမက်၊ သူ့အသက်ကို ကိုယ်သက်ပမာ၊
ချစ်ကြင်နာ၍။ ။မေတ္တာကဲစေကုန်သတည်း။

၁၀။ ပမာဆိုဖွယ်၊ သစ်သီးဝယ်၌၊ နုနယ်လှတင့်၊ အပွင့်အကင်း၊
ယင်းကမှသည်၊ နေ့ရက်ရှည်သော်၊ အရည်တက်ရွှမ်း၊
ဖိတ်ဖိတ်လျှမ်း၍၊ အရွမ်းအပြင်း၊ ဝင်းဝင့်ဝါဝါ၊ အညှာကြွေလို၊
ဩဇာချိုသို့၊ ကုသိုလ်မှာလည်း၊ ထို၏နည်းလျှင်၊ ဆည်းပူးဖွေရှာ၊
ရွှေ့ရွှေ့သာတည်း၊ သမ္မာရင့်မှည့်၊ တရားပြည့်စိမ့်၊ သူ၏ဥစ္စာ၊
ချမ်းသာစီးပွား၊ သူ့ခမ်းနားကို၊ ပြစ်မှားကွယ်ဝှက်၊ ပြုသည်
ချက်ကား၊ ကြောက်မက်ဖွယ်ကြီး၊ ငရဲမီးတွင်၊ ပြောင်းပြီး
ပြောင်းပြန်၊ အဖန်ဖန်တည့်၊ အလွန်ရှည်လျား၊ ပြီးငြားမှ
ကံအားလျော်စွာ၊ လူဖြစ်ပါလည်း၊ ဥစ္စာပစ္စည်း၊ ခွန်နည်းသိမ်

www.burmeseclassic.com



ဖျင်‌ ဆင်းဆင်းရဲရဲ၊ သမ်းမဲနွမ်းညှိုး၊ ဆွေမျိုးမနီး၊ အထီးကြွင်း ကျွန်၊ သူ့ကျွန်သူ့ကျေး၊ မလေးစားလောက်၊ သူ့လက်အောက်၌၊ သူပေါက်သူတက်၊ ကြောက်ရှက်လန့်ထိတ်၊ သူ့ရိက္ခာစား၊ သူ့ထံပါးဝယ်၊ ဝပ်တွားသေဇ္ဇာ၊ သူ့ခြေသူ့ရုံ သူ့စေခံ၍၊ စီမံတိုင်းလုပ်၊ ယေိစရုမ်ဖြင့်၊ လက်သုပ်အမိစံ၊ မနှစ်မသိမ့်၊ နိမ့်နိမ့်ကျကျ၊ မဟုရပ်ဝါ၊ ဖျားနာသေးဒဏ်၊ ရန်မာန်များစွာ၊ ဤဒေါသကြောင့်၊ ပရစိတ၊ သူ့ခနကို၊ အတ္တဟိတာ၊ ကိုယ့် ဥစ္စာသို့၊ ဧရာ့နစ်လို၊ မလျှိုမဝှက်၊ မဖျက်ဆီးထိုက်၊ မုန်ပြင်းအိုက်သား၊ အမိုက်လောဘ၊ စိတ်နာဂကို၊ သမ္မပညာ၊ ချွန်း (အုပ်ကာ)၍။ ။မြစ်ထား လွှဲစေကုန်သတည်း။

၁၁။ မြတ်စွာဘုရား၊ လူအများကို၊ သနားသောအား၊ ဖန်စိတ်ဖြား၍၊ တရားမျှော်ရှု၊ ဆုံးမပြုသား၊ အနုသာသနေ၊ မြဲရှိသေလျက်၊ မသွေမလှည့်၊ သဘောတည့်စိမ့်၊ သူ၏သက် (ထား)၊ သူ့ မယားနှင့်၊ ပိုင်းကားအုပ်ထိန်း၊ မိန်းမနှစ်ဆယ်၊ များထိုဝယ်၌၊ အကယ်၍တိ၊ မှာလျှောက်မိသော်၊ လှုံညိုပြောင်ပြောင်၊ ငရဲဆောင်တွင်၊ တောက်လောင်ဖန်ငေါဲဆင်းရဲပေါ့ရယ်၊ ကာလကြွယ်အောင်၊ ကိုးကွယ်ရာမဲ့၊ နစ်ပြီးခဲ့မှ၊ ရေ့ဝဲအဟာန်၊ ဇေါက်ပြန်တလှစ်၊ လူပင်ဖြစ်လည်း၊ ကံညစ်ဆောင်ပို့၊ အင်ချို့စွာလှ၊ မိန်းမဖြစ်ယုတ်၊ ပဏ္ဍုတ်နပုန်း၊ ရှေးဒုနှိမ့်ဖျင်းသိမ်၊



တိမ်တိမ်မြုပ်မြုပ်၊ စက်ဆုတ်စရာ၊ ရွံ့ရှာစဖွယ်၊ မျိုးနွယ်စတော၊ မရေတွက်ကောင်း၊ ဖြစ်ရရှောင်းခဲ့၊ အကြောင်းအရေး၊ မျှော်ထောက်တွေး၍၊ ဆေးလွှေးထုံးရား၊ ယောကျ်ားမိန်းမ၊ ဟူသမျှတို့၊ သူများကျွမ်းဝင်၊ သူ့လင်တစ်ပါး၊ သူ့မယားကို၊ အလားအလာ၊ ခွင့်လမ်းသာလည်း၊ ပညာဆိုပိတ်၊ ဖုတ်ပြိတ် တစ္ဆေ၊ အနေမလှ၊ ဘီလူးမသို့၊ စိတ်ကထင်မှန်း၊ မစွန်းငြိရာ၊ ရှောင်ကြဉ်ညာ၍။ ။ပြစ်ဆာဖဲစေ ကုန်သတည်း။

၁၂။ ရွှေငွေမြဖန်၊ ရှောင်လေးတန်နှင့်၊ အလွန်ကြီးကျယ်၊ လေးကျွန်း လယ်၌၊ နှုန်းဖွယ်တုကျွန်း၊ မြင်းမိုရ်ထွန်းသို့၊ သွန်းသွန်း ခိုင်ကျည်၊ တရားတည်စိမ့်၊ ကွေ့လည်ဆန်းပြား၊ စကားမမှန်၊ သုံးသည့်ဒဏ်ကား၊ ပြင်းထန်ရောင်ဟုန်၊ ငရဲဘုံတွင်၊ များပုံတာရှည်၊ ခံပြီးသည်မှ၊ လူ့ပြည်တတန်၊ ဖြစ်လာပြန်သည်၊ ဉာဏ်နည်း ခေါင်းပါး၊ တရားမသိ၊ ဒိဋ္ဌိမိစ္ဆာ၊ ဝါဒဆိုးယုတ်၊ လေးဂါဝုတ်မျှ၊ နှုတ်ခမ်းတွင်းနံ့၊ မဆံ့ပုပ်နံ၊ နာခံစိမ့်သော၊ သူ့ကိုပြောလည်း၊ သဘောမကျ၊ ဩဇပေါ့ပျက်၊ လွှဲ့လက် သွေဖည်၊ မတည်မယူ၊ သူမယုံကြည်၊ ကိုကသည်လည်း၊ တည့်မလေအောင်၊ မဆောင်စွမ်းနိုင်၊ ပျက်ခေါင်တိုင်၏၊ ပြည့်လှိုင်အဖြစ်၊ ဤသို့ဖြစ်၍၊ လိမ့်လစ်ကွေးကောက်၊ မဖောက်ပြန်ရာ၊ ရှေးလောင်းလျာသို့၊ သစ္စာဖြောင့်တော်၊ အာနုဘော်ကြောင့်၊ ခဲလှော်သေဖွယ်၊ အပြောကျယ်သား၊

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဝဲချာ၊ ဗလဝါမှ၊ အ(ညာ) ဆန်းဘူး၊ မြှားဆိပ်မူးလည်း၊ ကျေးရှူးကျိုးစက်၊ အသက်ချမ်းသာ၊ ဤကိုစာ၍။ ။သစ္စာ မြဲစေကုန်သတည်း။

၁၃။ ရာဇဌာနီ၊ ပြည်သိင်္ဂီ၌၊ နာရီလှည့်ပတ်၊ အထိမ်းမှတ်ဖြင့်၊ မပြတ်လျှောက်ဆို၊ သိစေလို၍၊ ဗဟိုရ်စည်ကြီး၊ ပိုင်းခြားတီးသို့၊ စံမိုထူးလည်း၊ တရားစည်ကို၊ သံရှည်ချီးပ၊ အများကိုယ်အကျိုး၊ ရှမ်းဆော်နှိုးပိမ့်၊ ယစ်မျိုးမှိုင်းဝေ၊ အရက်သေကို၊ သုံးလေသည့်သူ၊ အပြစ်မှုကား၊ လောင်ပူဆာလှိုက်၊ ငရဲ၌လျှင်၊ ဦးစိုက်မတ်တတ်၊ ဆည်ခတ်လျှိုးခက်၊ ပက်လက်မှောက်ခုံ၊ တစ်စုံမွှားမွှား၊ ကာလလျားအောင်၊ သနားမဲ့တွန်၊ ခံပြီးလွန်မှ၊ တက်ချွန်တာထူး၊ ဆင်းရဲကျူးသား၊ ဘီလူးသဘက်၊ ခွေးဝက်ဖြစ်ပြန်၊ အဖန်ငါးရာ၊ သူရူးမှာကား၊ သချာဘက်လောက်၊ ခွေးကောက်မပေား၊ အနန္တေ၁တည့်၊ ကြောက်မောစရာ၊ ဤပြစ်ဆာကြောင့်၊ ပမာပမည်း၊ နိသရည်းမှု၊ ဖြုတ်ချည်းမျိုတည့်၊ အုသည်း ပြည့်သား၊ ဆိပ်ရည့်အလား၊ မှတ်သားသေချာ၊ နှလုံးနာ၍။ ။ပစ်ခွာ လွဲစေကုန်သတည်း။

၁၄။ သရေတက်ရွှန်း၊ နှောက်နှောက်ထွန်းအောင်၊ မော်ကွန်းသရုပ်၊ နှိဒါန်းအုပ်ပိမ့်၊ ဖတ်ချုပ်ရှစ်ဌာန်၊ သိကြားဖန်ယို့၊ ပန်းမနိ လန်းလန်း၊ အုန်းထန်းဝေဝေ၊ သစ်ပေရွှန်းရွှန်း၊ သောင်ကျွန်း



ပေါပေါ၊ စင်ရော်ဝဲဝဲ၊ ဝမ်းဘဲငြာငြာ၊ ဟသာကြွေ ကြွေ၊ မြစ်ထွေးသောင်းသောင်း၊ ဥဒေါင်းပျော်မြူး၊ ခေါ်ထူ တွန်တွန်၊ ဟောဝန်ဟန်ဟန်၊ ကန်လည်းကျင်းကျင်း၊ အင်လည်းရန်သွယ်၊ လယ်လည်းစီလျက်၊ ဥယျာဉ်ပတ်ရစ်၊ မြစ်လည်းဝမ်းမြောင်၊ တောင်လည်းစိုက်ကွင်း၊ မြို့ရွှေပင်းက၊ အခင်/အခြေလျှောက်၊ မြို့ရောက်စောကဲသို့၊ လာရောက်သည်တွင်၊ သို့စဉ်သတ္တိ၊ ဉာဏ်ရည်ရှိလျှင်၊ ကဝိထူးခြား၊ ချီးဖွယ်များသား၊ မှန်းလား တစ်ဦး၊ ညွှတ်နှုးကြည်ညို၊ တောင်းပန်ဆိုငြား၊ ကြည်ညိုမွှား၍၊ မှတ်သားစေကြောင်း၊ လူအပေါင်းတို့၊ ကျင့်ရာဖို့လျှင်၊ ဤ ပျို့သာရ၊ ပသင်္ဂသည်၊ ဘုံ[illegible]ဆုံး၊ ပေါင်းရုံးမွေးစွာ၊ ဘုံယာ ဒယ၊ ပိုက်အရတွင်၊ အချနှစ်နည်း၊ အညီချည်းလျှင်၊ ကမ္ဘည်း ချီငေါ်၊ ပြီးသည်သော်မူ တောင်ပေါ်တာရာ၊ စွားသာ ငါးဆယ်၊ ခြောက်ခုဝယ်တွင်၊ တိမ်လယ်မိုးလွတ်၊ နက္ခတ်ဖုသျှ၊ ဗိုလ်ဆန်လွန်ငှ၊ ညီကြဖြောင့်တန်း၊ နှုတ်ကရန်းလျက်၊ နှယ်ပန်းခွာညို၊ မြဲရောင် စိုသား၊ ပြာသိုလတွင်း၊ ငါးရက် ကြွင်းသား၊ သနင်းဘုံပျော်၊ ပြည့်သည့်နေ့၌၊ အောင်မြေ ပြစ်ပြေ၊ လက်စနေနှင့်၊ မကွေမခြား၊ အမျိုးသားတို့၊ တရားညီမျှ၊ သီလဖြောင့်ဖြောင့်၊ စောင့်စေ သတည်း၊ ဆည်းပူးထိပ်မို၊ ဤကသိုလ်ကြောင့်၊ မဂ်ဖိုလ်ရှစ်တန်၊ နိဗ္ဗာန်ပြည်ကြီး၊ ပျော်မငြီးကို၊ ခရီးမထောင့်၊ ဖြောင့်စေသတည်း၊ ကွမ်းတည့်ဤစာ၊ ပြုကျိုးမှာကား၊ များစွာသတ္တာ၊ လာနေယျတို့၊

www.burmeseclassic.com

www.burmeseclassic.com



ရစေကောင်းမှု၊ ဖို့ဝေပြု၏၊ နှမောဒနာ၊ ရွှင်ဝမ်းသာ၍။ ။ဟစ်ညာ သဲစေကုန်သတည်း။

ဒီစာကိုပြုစုတဲ့ပုဂ္ဂိုလ်ကိုလည်း ဘယ်သူလို့မသိရဘူး၊ ဒီစာထဲက မင်းသားဆိုတာ ဘယ်သူဖြစ်လေမလဲလို့လည်း မသိရဘူး၊ လက်ာရဲ့ ရက်စွဲက ၉ ဇန်နဝါရီ ၁၇၉၅ ဖြစ်လို့ ပင်းဒယမှာ ၁၇၈၃ က ၁၇၉၆ ထိ အုပ်ချုပ်နေတဲ့ မောင်ရွှေဘွင့်များ ဖြစ်လေမလား မှန်းဆမိတယ်။ ဘယ်သူပဲဖြစ်ဖြစ် အများသတ္တဝါ အကျိုးရှိဖို့ စာတစ်ပုဒ်တော့ ပင်းဒယနေရာမှာ ရေးသားစပ်ဆိုမိဖူးတာကို နှောင်း လူတွေ မှတ်သားစရာ ဖြစ်ပါတယ်။



## အခန်း ၂

## ပင်းဒယအခြေအနေ ပုံကြမ်းနဲ့ သမိုင်းနောက်ခံ

ပင်းဒယဆိုတဲ့နာမည်က ရှမ်းနာမည်။ ပင်ကိုအဓိပ္ပာယ်ဖော်ရင် ကျယ်ပြန့်တဲ့ လွင်ပြင်လို့ ပြောရမယ် ထင်တယ်။ ပင်းဒယဟာ တောင်ပိုင်းရှမ်းပြည်နယ်ရဲ့ မြေလတ်လို့ခေါ်လေ့ရှိတဲ့ ဒေသထဲမှာ စတုရန်းမိုင် နှစ်ရာရှိတဲ့ နေရာဖြစ်ပြီး အရင်က ငွေခွန်မှူးအုပ်ချုပ်ခဲ့ ပါတယ်။ နယ်မြေအပိုင်းအခြားကို ပြောတဲ့အခါ မြောက်ဘက်မှာ ရပ်စောက်မြေနဲ့အစပ်၊ အရှေ့ဘက်မှာ တောဆုံးမြေနဲ့အစပ်၊ တောင် ဘက်မှာ ပွေးလှမြေနဲ့အစပ်၊ အနောက်ဘက်မှာ ရွာငံ၊ ကျောက်တွားသိမ် မြေနဲ့အစပ်၊ ပြောရပါတယ်။ အနောက်ဘက်မှာရှိတဲ့ တောင်ရိုး တောင်တန်းကနေပြီး ကျန်နေရာတွေကို တဖြည်းဖြည်းလျှောကျ ပြန့်ပြူးသွားတဲ့သဘောရှိတယ်။ ရေအင်းမတန်ပေါတယ်။ ပင်းဒယမြို့ အနားမှာ ကန်သင်းနဲ့ ရေသွင်းပြီး လယ်စိုက်နေတာ တွေ့နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်တောင်ရိုး အမြင့်ဆုံးအပိုင်းဟာ ပင်းဒယရွာငံနယ်ခြား၊ ပင်းဒယကျောက်ဂူးသိဝ နယ်ခြားပါပဲ။ ဒီနယ်ထဲက ချောင်းငယ် မြောင်းငယ်ရှိသမျှကတော့ အားလုံးဇော်ဂျီမြစ်ထဲစီးဆင်းကြတယ်။ ဇော်ဂျီမြစ်ဟာ ရေဖြူတစ်ဝိုက်မှာ မြစ်ဖျားခံတယ်။ မြောက်အရှေ့ဖြစ်တဲ့ ရပ်စောက်ဘက်ကို စီးဆင်းတယ်။ မောမြောက်လက်လှ လွှင့်ပြင်ကိုရောက်လို့ ကျောက်ဆည်နယ်ထဲ စီးဆင်းပြီး မြစ်ငယ်နဲ့ ပေါင်းသွားပါတယ်။ ပင်းဒယတစ်ဝိုက်ဆီမှာတော့ ဒီမြစ်က ကြီးလှတယ်မဟုတ်ဘူး၊ မြောင်းသာသာပါပဲ။

ရာသီဥတု ပြောရရင် မြေလတ်တခြားနယ်နဲ့ စာရင် ဒီပင်းဒယ ဘက်က နည်းနည်းပိုပူတယ်။ မိုးရေချိန် ရပ်ပုံချင်တော့ တူညီပါတယ်။ အရင် ၁၈၉၇ က လူဦးရေ ၁၂၄၁၃ ယောက်ပဲ ရှိတယ်။

| | |
|---|---|
| ဓနု | ၈၃၄၈ |
| တောင်သူ | ၁၉၅၆ |
| တောင်ရိုး | ၁၀၄၁ |
| ဓနော | ၇၄၃ |
| ရှမ်း | ၁၃၃ |
| မြန်မာ | ၇၆ |
| အင်းသား | ၅၆ |
| ပလောင် | ၅၄ |
| တရုတ် | ၆ |
| မွန် | ၄ |
| ဟိန္ဒူ | ၃ |
| အစုစု | ၁၂၄၁၃ ယောက် |



အပိုင်းအခြား အနေနဲ့ တိုက်ကိုးတိုက် ရှိခဲ့ဖူးတယ်။ (၁) ဦးတိုက်။ (၂) ကန်အရှေ့။ (၃) ကန်အနောက်။ (၄) တဲထုံး။ (၅) ကျောက်စု။ (၆) ရေဖြူ။ (၇) တောင်ရှေ့။ (၈) ပင်မျော်နဲ့။ (၉) အနောက်တတန်းဖြစ်ပါတယ်။ ၁၈၉၇ တုန်းက ဒီတိုက်တွေ ထဲမှာ ရွာကဂိုးဆယ်၊ အိမ်ခြေက နှစ်ရာခြောက်ဆယ့်ကိုးရှိတယ်။ အကောက်အခွန် ပေးသွင်းပုံကတော့

| | |
|---|---|
| သဿမေဓ | ၁၃၁၈၆ |
| လယ်ခွန် | ၃၀၀ |
| ယာခွန် | ၁၉၀ |
| မြေခွန် | ၈၁၀ |
| အစုစု | ၁၄၄၇၆ |

'ပင်းဒယသမိုင်း' ရယ်လို့ အားကိုးအားထားလုပ်စရာ မရှိပါဘူး။ ရေကန်၊ နတ်သမီးခုနစ်ဖော်၊ ပင့်ကူး ကုမ္ဘာဘယ မင်းသားဆိုတာ တွေကတော့ ကြားဖူးကြတဲ့အတိုင်း ပုံပြင်တစ်ခုအနေနဲ့ရှိတယ်။ စိတ်ကူးယဉ်ဖယဉ်၊ အဖြောပိုဝိပိုင်ဆိုရင် အန်မှတန်နှားထောင်ကောင်းတဲ့ ကလေးကြိုက်၊ လူကြီးကြိုက်ပါပဲ။ ဒါပေမယ် ရိုးရိုးပြောကြစို့ဆိုရင် ဒါမျိုးဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလား မေးတဲ့အခါ မဖြစ်နိုင်ဖို့က များပါတယ်လို့ ဖြေရမှာပဲ။ မင်းသားကုမ္ဘာဘယက ဘယ်ပြည်ကလဲ မေးရင် အခုညောင်ရွှေလို့ဆိုရတယ်။ သူက သဖုံမှာ သွားအိပ်တောင်

www.burmeseclassic.com

www.burmeseclassic.com



ကျတယ်။ အဲဒီမှာ အနေကြာလို့ပျင်းတော့ မယားနဲ့သားကို ပစ်ပြေးတယ်။ ပင်းဒယရောက်နားရောက်တော့ ဂဠုန်နဂါးရန်ပွဲမှာ နဂါးဘက်ကူဝင်ပြီး သူက ဂဠုန်ကိုသတ်တယ်။ ဂဠုန်ပင့်ကူဖြစ်။ ပင့်ကူနဲ့နတ်သမီး ခွန္နစ်ဖော်ပွဲမှာ သူဟာ ပင့်ကူကိုသတ်တယ်။ ပင့်ကူက ဘီလူးဖြစ်။ နတ်သမီးတွေထဲက အငယ်ဆုံးရှင်မိယာကို သူက ယူထားလိုက်တယ်။ ဘီးလူးနဲ့သူနဲ့ သတ်ကြမြန်တော့ သူလဲသေ၊ ဘီလူးလဲသေ။ ဘီးလူးက ဖော်ဂျီဖြစ်။ ဖော်ဂျီက မိယာကိုခေါ်သွား။ မိယာကဖော်ဂျီကို ပရိစ်ဘိုနဲ့ မြစ်ထဲတွန်းချပြီး ထဘီနဲ့အုပ်လို့ ဖော်ဂျီသေပြီး ဖော်ဂျီမြစ်ဖြစ်သွားရော။ မင်းသားကို သိကြားက အသက်ပြန်သွင်းပေးတယ်။ သူတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ ဇာတ်လမ်းက မရပ်သေးဘူး။ မင်းသမီး သူ့အဖေဆီပြန်ပြေးလို့ မင်းသားလိုက်ခေါ်ခန်းပါရသေးတယ်။ ပြန်ရောက်တော့ မင်းသားက မင်းဖြစ်သွားတယ်။

ဒီပင်းဒယနယ်ကို အုပ်ချုပ်သလား၊ ညောင်ရွှေစော်ဘွားဆက်လားလို့ ခွဲမပြောပေမယ့် မူလက ညောင်ရွှေကလို့ ပြောပြီးသားမို့ **ညောင်ရွေစော်ဘွားဆက်** ဖြစ်တယ်။ ဒီပုံပြင်လိုပဲ ရွှေဥမင်စေတီ သမိုင်းကိုလဲ အာသောကတည်ခဲ့တယ်။ အလောင်းစည်သူ ပြုပြင်ခဲ့တယ်လို့ ပြောတဲ့ရှေးစကားလဲရှိပါတယ်။ သက်သေခံရယ်လို့ ပုဂံခေတ်ရောက်လောက်အောင် အထောက်အထား မတွေ့ပါ။

မြေလတ်အပါအဝင် ရှမ်းပြည်နယ်နဲ့ ပတ်သက်ပြီး ဗမာ အုပ်ချုပ်ရေး မှတ်တမ်းတွေ ပြန်ရှာတဲ့အခါ ရှမ်းပြည်နယ်



ပြည်တွင်းရေးက နယ်ရှင်စော်ဘွား၊ မြို့စား၊ ငွေခွန်မှူးတွေရဲ့ တာဝန်။ မြန်မာတာဝန်က နယ်အချင်းချင်း ိုက်ရန်မဖြစ်ဖို့နဲ့ ပြည်ပအန္တရာယ်ကို ကာကွယ်ပေးဖို့သာ အရင်းမူလ တာဝန် ဖြစ်တယ်။ မြန်မာနယ်မြေမှာလဲ ဒီသဘောတားပဲ ရှိပါတယ်။ မထူးပါဘူး၊ ဒီလိုငြိမ်ဝပ်ပိပြားဖို့ ရှင်ဘုရင်ရှိတဲ့ မြို့တော်ကနေ ပြီး အရပ်လေးမျက်နှာ နယ်စပ်တွေအရောက် ကင်းတွေထား ပြီး တပ်တွေဖြန့်ထားတာ တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး စစ်ကိုင်းမင်း နန်းတက်ပြီးစက အမိန့်တော်တစ်ခု တွေ့ရဖူးပါ တယ်။ ရက်စွဲက ၁၁၈၁၊ တပို့တွဲလဆုတ် ၆ (၄ ဖေဖော်ဝါရီ ၁၈၂၀) ဖြစ်ပါတယ်။

အညာကို ဗန်းမော်မြို့၊ အောက်ကို ဟံသာဝတီမြို့ရောက်၊ မြစ်စဉ်တစ်လျှောက် မြို့ကျေးရွာများမှာ စခန်းထောက်သင့်ရာ တွင် ရုံးဆောက်လုပ်၍ နေ့ညအလျင် အစေအပါး ရောက်လွယ် အောင် လှေငယ်နှင့် လူအသင့်ခန့်ရန် ထားစေ။

ကြည်းကြောင်းမှာလည်း မိုးကောင်း၊ အာသာ၊ မဏိပူရ၊ မဥ္စဝတီ၊ မိုးနဲ၊ တောင်ငူ၊ စစ်တောင်း၊ မုတ္တမ၊ လမ်းတစ် လျှောက် သင့်ရာတွင် ရုံဆောက်လုပ်ရန် မြင်း၊ လူအသင့်ခန့် ရန်ထားစေ။

သက္ကရာဇ် ၁၁၈၁ ခု၊ တပို့တွဲလပြည့်ကျော် ၆ ရက် နေ့ နာခံတော် စမြောင်မှူး နေမျိုးနော်ရထာ ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်။ (ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်လက်တင် ဆင်ရွက်ရသည့်အတိုင်း) ရွှေမြို့တော်ကသည် မိုးနဲမြို့ရောက်၊ မိုးနဲမြို့ကသည် ကျိုင်းတုံမြို့ရောက်၊ ကျိုင်းတုံမြို့ကသည် ကျိုင်ရုံကြီးရောက်၊ မြင်းထောက်ထား၍ ဆင့်ဖဲ့ပို့သစေရန် စခန်းစဉ်စာရင်း ဘုရား။

| ရွှေမြို့တော်က မိုးနဲမြို့ရောက် | စခန်း | တိုင်ကွာ | မြင်း | လူ | နယ်ဝင် |
|---|---|---|---|---|---|
| ရွှေမြို့တော်ကသည် စဉ့်ကိုင်ရွာ | ၁ | ၇ | ၂ | ၂ | မက္ခရာမြို့နယ် |
| စဉ့်ကိုင်ရွာကသည် ဟန်ပျည်းဘိုရွာ | ၁ | ၇ | ၂ | ၂ | မြင်စိုင်းမြို့နယ် |
| ဟန်ပျည်းဘိုရွာကသည် ရခိုင်ရွာ | ၁ | ၆ | ၂ | ၂ | မြေးခုံတိုင်မြို့နယ် |
| ရခိုင်ရွာကသည် ခင်လယ်ရွာ | ၁ | ၆ | ၂ | ၂ | ဇောလှမြို့နယ် |
| ခင်လယ်ရွာကသည် ရွာင်ရွာ | ၁ | ၆ | ၂ | ၂ | ကျီဝန် ဝန်စု |
| ရွာင်ရွာကသည် ကျောက်ကူရွာ | ၁ | ၇ | ၂ | ၂ | ငွေခွန်ဝန် ဝန်စု |
| ကျောက်ကူရွာကသည် ပွေးလှရွာ | ၁ | ၇ | ၂ | ၂ | ကျီဝန် ဝန်စု |
| ပွေးလှရွာကသည် ညောင်ရွှေမြို့ | ၁ | ၈ | ၂ | ၂ | ညောင်ရွှေမြို့ |
| ညောင်ရွှေမြို့ကသည် နမ့်ခုပ်မြို့ | ၁ | ၇ | ၂ | ၂ | နမ့်ခုပ်မြို့ |
| နမ့်ခုပ်မြို့ကသည် နာဘဲမြို့ | ၁ | ၅ | ၂ | ၂ | နမ့်ခုပ်မြို့ |
| နာဘဲမြို့ကသည်ပွန်ချောင်းရွာ | ၁ | ၅ | ၂ | ၂ | မိုင်းပွန်မြို့နယ် |
| ပွန်ချောင်းရွာကသည် လွယ်ခုံရွာ | ၁ | ၆ | ၂ | ၂ | မိုင်းပွန်မြို့နယ် |
| လွယ်ခုံရွာကသည် ခင်လူးရွာ | ၁ | ၇ | ၂ | ၂ | မိုင်းနဲမြို့နယ် |
| ခင်လူးရွာကသည် မိုးနဲမြို့ | ၁ | ၃ | ၂ | ၂ | မိုးနဲမြို့ |
| ပေါင်း | ၁၄ | ၈၇ | ၂၈ | ၂၈ | ၈ သောင်း ၇ တိုင် |

www.burmeseclassic.com

| ဝိုးနဲမြို့က ကျိုင်းတုံမြို့ရောက် | စခန်း | တိုင်ကွာ | မြင်း | လှ | နယ်ဝင် |
|---|---|---|---|---|---|
| မိုးနဲမြို့ကသည်နောင်ပွတ်ရွာ | ၁ | [illegible] | ၂ | ၂ | မိုးနဲမြို့ |
| နောင်ပွတ်ရွာကသည် ပန်လွယ်ရွာ | ၁ | ၈ | ၂ | ၂ | မိုးနဲမြို့ |
| ပန်လွယ်ရွာကသည် ခိုအုပ်ရွာ | ၁ | ၇ | ၂ | ၂ | မိုးနဲမြို့ |
| ခိုအုပ်ရွာကသည် ပ[illegible]ယ်ရွာ | ၁ | ၈ | ၂ | ၂ | မိုးနဲမြို့ |
| ဟာလယ်ရွာကသည် သဲကော်ရွာ | ၁ | ၈ | ၂ | ၂ | ကျိုင်းခန်းမြို့နယ် |
| သဲကော်ရွာကသည် ကျိုင်းလွန်ရွာ | ၁ | ၈ | ၂ | ၂ | မိုးနဲမြို့နယ် |
| ကျိုင်းလွန်ရွာကသည် ကာလီရွာ | ၁ | ၈ | ၂ | ၂ | သိန္နီမြို့နယ် |
| ကာလီရွာကသည် သေည်ညွတ်ကျီတော် | ၁ | ၃ | ၂ | ၂ | ငွေခွန်ဝန် ဝန်စု |
| သေည်ညွတ်ကျီတော်ကသည် ညောင်ကိုးပင် | ၁ | ၇ | ၂ | ၂ | ငွေကွန်ဝန် ဝန်စု တောစခန်း |
| ညောင်ကိုးပင်ကသည် ကင်မွန်းခြံရွာ | ၁ | ၇ | ၂ | ၂ | ငွေခွန်ဝန် ဝန်စု တောစခန်း |
| ကင်မွန်းခြံရွာကသည် နန့်ကန်ရွာ | ၁ | ၈ | ၂ | ၂ | သေည်မှောင်းနယ် တောစခန်း |
| နန့်ကန်ရွာကသည် အုန်းအိပ်ရွာ | ၁ | ၇ | ၂ | ၂ | မိုင်းပြည်နယ် တောစခန်း |
| အုန်းအိပ်ရွာကသည် မိုင်းပြည်မြို့ | ၁ | ၈ | ၂ | ၂ | ကျိုင်းတုံမြို့နယ် |

| မိုးနဲမြို့က ကျိုင်းတုံမြို့ရောက် | စခန်း | တိုင်ကွာ | မြင်း | လှ | နယ်ဝင် |
|---|---|---|---|---|---|
| မိုင်းပြည်မြို့ကသည် ကင်ကွယ်ရွာ | ၁ | ၇ | ၂ | ၂ | ကျိုင်းတုံမြို့နယ်တောစခန်း |
| ကင်ကွယ်ရွာကသည် ရွှေချညောင်ပင် | ၁ | ၇ | ၂ | ၂ | ကျိုင်းတုံမြို့နယ်တောစခန်း |
| ရွှေချညောင်ပင်ကသည် ထင်းရှူးတောင် | ၁ | ၇ | ၂ | ၂ | ကျိုင်းတုံမြို့နယ်တောစခန်း |
| ထင်းရှူးတောင်ကသည် ကျိုင်းတုံမြို့ | ၁ | ၇ | ၂ | ၂ | ကျိုင်းတုံမြို့နယ် |
| ပေါင်း | ၁၇ | ၁၂၂ | ၃၄ | ၃၄ | ၁ သိန်း ၂ သောင်း ၂ တိုင် |

www.burmeseclassic.com

www.burmeseclassic.com

| ကျိုင်းတုံမြို့က ကျိုင်းရုံကြီးမြို့ရောက် | ခန်း | တိုင်ကွာ | မြင်း | လူ | နယ်ဝင် |
|---|---|---|---|---|---|
| ကျိုင်းတုံမြို့ကသည် ခယ်တွေ | ၁ | [illegible] | ၂ | ၂ | ကျိုင်းတုံမြို့နယ် |
| ခယ်တွေကသည် မိုင်းမုံရွာ | [illegible] | ၅ | ၂ | ၂ | ကျိုင်းတုံမြို့နယ် |
| မိုင်းမုံရွာကသည် [illegible] | ၁ | ၅ | ၂ | ၂ | ကျိုင်းရုံကြီးမြို့နယ် |
| [illegible]ကသည် မိုင်းပန်ရွာ | ၁ | ၅ | ၂ | ၂ | ကျိုင်းရုံကြီးမြို့နယ် |
| မိုင်းပန်ရွာကသည် မိုင်းရှန်ရွာ | ၁ | ၇ | ၂ | ၂ | ကျိုင်းရုံကြီးမြို့နယ် |
| မိုင်းရှန်ရွာကသည် မိုင်းဟဲရွာ | ၁ | ၆ | ၂ | ၂ | ကျိုင်းရုံကြီးမြို့နယ် |
| မိုင်းဟဲရွာကသည် မိုင်းဆုံရွာ | ၁ | ၇ | ၂ | ၂ | ကျိုင်းရုံကြီးမြို့နယ် |
| မိုင်းဆုံရွာကသည် ကျိုင်းရုံကြီးမြို့ | ၁ | ၆ | ၂ | ၂ | ကျိုင်းရုံကြီးမြို့နယ် |
| ပေါင်း | ၈ | ၄၇ | ၁၆ | ၁၆ | ၄ သောင်း ၇ တိုင် |
| သုံးခုပေါင်း | [illegible] | ၂၁၆ | ၇၈ | ၇၈ | ၂ သိန်း ၅ သောင်း ၇ တိုင် |

[ဦးမောင်မောင်တင် (မဟာ[illegible])ကိုင် [illegible] ကူးယူဖော်ပြတယ်]



ဖြန့်ထားတဲ့ ကင်းစခန်းနဲ့ တပ်တွေမှာ လက်နက်၊ ရိက္ခာလိုမယ်။ လိုသမျှကို ထောက်ပံ့ဖို့ နယ်မြေဒေသ ကပဲ တာဝန်ယူကြရပါတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ လွှတ်တော်ကို ဆက်သွင်းတဲ့စာနဲ့ စာရင်းကို အောက်မှာဖော်ပြပါတယ်။

### စော်ဘွားမြို့စားတို့ ခံဝန်ချက်၊ ရွှေလွှတ်တော်ဆက်

ရှမ်းပြည်စော်ဘွား မြို့စားတို့ မြို့ကျေးရွာရှိ ထမ်းအိမ်ခြေစာရင်းကို သက္ကရာဇ် ၁၁၅၂ (၁၇၉၀) ဝန်ရှင်တော်မြင်းဝန်မင်းကြီး စစ်သိမ်းသည်တွင် အသီးသီး တင်ပေးသည့် ခံဝန်သံနှင့် အိမ်။ ။သက္ကရာဇ် ၁၁၇၈ (၁၈၁၆) ဗိုလ်မှူးမဟာနေမျိုးစော်ဘွား မြို့စားတို့နှင့် ရွှေဖဝါးတော်အောက်မှာ ဆိုင်ရာဝန်မင်းကြီးရှေ့ သဘောတူပြမ်း ညှိသည့်ထမ်းအိမ်၊ လက်နက်ကိုင်လူ။ သက္ကရာဇ် ၁၁၈၂ (၁၈၂၀) ဗိုလ်မှူးမင်းခေါင်နော်ရထာ အုပ်ချုပ်စဉ် စော်ဘွားမြို့စားတို့က အရေးတော်ရှိလျှင် ထမ်းရွက်ပါမည် ခံဝန်သည့် ထမ်းအိမ်လက်နက်ကိုင်လူ၊ သက္ကရာဇ် ၁၁၈၉ (၁၈၂၇) ဗိုလ်မှူးအရှင် ရှေ့မိုးနဲ့ တပ်တော်တွင် စစ်ကဲကြီး မဟာမင်းလှမင်းထင်၊ နေမျိုးနော်ရထာကျော်စွာ၊ နာခံကြီးနေမျိုးရဲခေါင်နော်ရထာ ဗိုလ်တပ်ရေးနေမျိုးရဲလှရဲခေါင်၊ ငင်းမင်းထင်သီဟနော်ရထာတို့ အစုံအညီတွင် မိုးနဲစော်ဘွား၊ လဲချားစော်ဘွား၊ ညောင်ရွှေစော်ဘွား၊ မောက်မယ်စော်ဘွား၊ သီပေါစော်ဘွား၊ ရောက်စောက်မြို့စား၊

www.burmeseclassic.com

www.burmeseclassic.com



မိုင်းကိုင်မြို့စား၊ စကားမြို့စား၊ ဟိုပုံး၊ နမ့်ခုပ်၊ ဟဲလုံမြို့စား၊ နောင်မွန်မြို့စား၊ ဘော်နင်မြို့စား၊ မိုင်းခုံမြို့စား၊ သီကျစ်မြို့စား၊ တဘာကီမြို့စား၊ အမတ်ငရွဲ၊ သုံးဆယ်မြို့စား အမှုဆောင် သိဒ္ဓိနော်ရထာ၊ မိုးဗြဲစော်ဘွားညီခန်းကျို၊ လွယ်လုံမြို့စား အမတ်ပါရမီတို့က နေ့ည အနီးအဝေး အရေးပေါ်ရှိလျှင် မြို့ရွာအင်အားအလျောက် ထမ်းရွက်ပါမည်။ အသီးသီး ခံဝန်စာရင်း ချမှတ်သည်။ လက်နက်ကိုင်လူတို့မှာ သေနတ် တစက်၊ လှံတစက်၊ သေနတ် ၁ လျှင် ခဲ ၁၊ ယမ်း ၁၊ မီးကျောက် ၅၊ လူတကိုယ်စရိတ် ၅၀ကျပ် တပ်မှူးတပ်အုပ် စစ်ကိရိယာ မျိုးရိက္ခာ အစုံနှင့် ဆင့်ဆိုတော်မူရာ ကျွန်တော် စော်ဘွားမြို့စားတို့ ကိုယ်အမှုတော်ကို ထမ်းရွက်ပါမည်။ အကြောင်းရှိ၍ ခံဝန်သည့် လက်နက်ကိုင်၊ လူ၊ ဆေး၊ ခဲ၊ ယမ်း၊ မီးကျောက်၊ မျိုးရိက္ခာ မပြည့်မစုံ လစ်လပ်ရှိလျှင် ကျွန်တော် စော်ဘွားမြို့စားတို့ ရာဇဝတ်တော်ကိုခံပါမည် ဝန်ခံသည်။

ရှမ်းပြည်စော်ဘွားမြို့စားတို့ မြို့ကျေးရွာ ...
၁၁၇၉ (၁၈၂၇) နေည အနီးအဝေ...

| | ဦးရေ | ၁၁၅၂ (၁၇၉၀) ခဲသန့် | ၁၁၇၈ ... သဧ... |
|---|---|---|---|
| | | ထမ်းအိမ် | ထမ်းအိမ် |
| မိုးနဲ့ | ၁ | ၄၆၃၅ | ၁၅၆၉ |
| လဲချားမြို့ | ၁ | ၄၀၀၀ | ၁၅၂၀ |
| မိုင်းပျဉ်းမြို့ | ၁ | ၃၈၅ | ၄၀၀ |
| ညောင်ရွှေမြို့ | ၁ | ၇၉၀၅ | ၁၅၆၀ |
| သီပေါမြို့ | ၁ | ၁၀၅၀ | ၁၃၅၅ |
| မိုင်းတုံမြို့ | ၁ | ၉၀၀ | ၆၆၅ |
| ရောက်စောက်မြို့ | ၁ | ၁၅၈၀ | ၁၄၀၀ |
| ရှိုင်းကိုင်မြို့ | ၁ | ၄၀၀၀ | ၁၅၂၀ |
| မိုင်းစိတ်မြို့ | ၁ | ၈၀၀ | ၆၂၀ |
| မိုင်းပွန်မြို့ | ၁ | ၇၉၀ | ၄၀၀ |
| ဟိုပုံးမြို့ | ၁ | | ၁၄၀ |
| နမ့်ခုပ်မြို့ ဟဲလုံမြို့ | ၁ | ၆၀၀ | ၂၈၀ |
| နောင်မွန်မြို့ | ၁ | ၂၀၀ | ၈၀ |
| ဘော်နင်းမြို့ | ၁ | | ၃၀ |
| သုံးဆယ်မြို့ | ၁ | ၃၀၀ | ၄၀၀ |
| ပေါင်း | ၁၅ | ၂၆၇၇၃ | ၁၁၉၈၀ |

www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်စော်ဘွားမြို့စားတို့ မြို့ကျေးရွာ အလိုက်လက်နက်ကိုင်လူ စစ်ကိရိယာ မျိုးရိက္ခာစုံ ၁၁၅၂ (၁၇၉၀)၊ ၁၁၇၈ (၁၈၁၆)၊ ၁၁၈၂ (၁၈၂၀)၊ ၁၁၈၉ (၁၈၂၇) နေ့ည အနီးအဝေး အရေးပေါ်ရှိလျှင် ထမ်းရွက်ပါမည် အသီးသီး သဘောတူခံဝန်သည့် စာရင်းချုပ်။ [ ၁ ]

| | ဦးရေ | ၁၁၅၂ (၁၇၉၀) ခွဲသန့် | ၁၁၇၈ (၁၈၁၆) သဘောတူ | | ၁၁၈၂ (၁၈၂၀) ဝန်ခံချက် | | ၁၁၈၉ (၁၈၂၇) အနီးထမ်း | | | | ၁၁၈၉ (၁၈၂၇) အဝေးထမ်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထမ်းအိမ် | ထမ်းအိမ် | လက်နက်ကိုင် | ထမ်းအိမ် | လက်နက်ကိုင် | သေနတ် | လှံကိုင် | မြင်းစီး | သုံးစု | သေနတ်ကိုင် | လှံကိုင် | မြင်းစီး | သုံးစု |
| မိုးနဲ | ၁ | ၄၆၃၅ | ၁၅၆၀ | ၅၉၇ | ၃၃၆၁ | ၈၄၀ | ၄၀၀ | ၄၀၀ | ၄၀ | ၈၄၀ | ၂၀၀ | ၂၀၀ | ၂၀ | ၄၂၀ |
| လဲချားမြို့ | ၁ | ၄၀၀၀ | ၁၅၂၀ | ၅၈၁ | ၃၀၀၀ | ၈၅၀ | ၃၀၀ | ၃၀၀ | ၄၀ | ၆၄၀ | ၁၉၀ | ၁၉၀ | ၂၀ | ၄၀၀ |
| မိုင်းပျဉ်းမြို့ | ၁ | ၁၈၅ | ၄၀၀ | ၁၅၃ | ၄၀၀ | ၂၀၀ | ၁၀၀ | ၉၀ | ၁၀ | ၂၀၀ | ၅၀ | ၄၅ | ၅ | ၁၀၀ |
| ညောင်ရွှေမြို့ | ၁ | ၇၉၀၅ | ၁၅၆၀ | ၅၉၇ | ၅၁၄၁ | ၁၂၆၀ | ၄၀၀ | ၄၀၀ | ၄၀ | ၈၄၀ | ၂၀၀ | ၂၀၀ | ၂၀ | ၄၂၀ |
| သီပေါမြို့ | ၁ | ၁၀၅၀ | ၁၃၅၅ | ၅၁၂ | ၁၂၀၀ | ၃၀၀ | ၁၅၀ | ၁၃၅ | ၁၅ | ၃၀၀ | ၇၅ | ၆၇ | ၈ | ၁၅၀ |
| မိုင်းတုံမြို့ | ၁ | ၉၀၀ | ၆၆၅ | ၂၅၅ | ၈၀၀ | ၂၀၀ | ၇၀ | ၇၀ | ၁၀ | ၁၅၀ | ၃၅ | ၃၅ | ၅ | ၇၅ |
| ရောက်စောက်မြို့ | ၁ | ၁၅၀၀ | ၁၄၀၀ | ၆၃၅ | ၂၀၀၀ | ၅၀၀ | ၁၆၀ | ၁၆၀ | ၃၀ | ၃၅၀ | ၈၀ | ၈၀ | ၁၅ | ၁၇၅ |
| ကျိုင်းကိုင်မြို့ | ၁ | ၄၀၀၀ | ၁၅၂၀ | ၅၈၁ | ၁၄၀၀ | ၃၅၀ | ၁၆၀ | ၁၆၀ | ၃၀ | ၃၅၀ | ၈၀ | ၈၀ | ၁၅ | ၁၇၅ |
| မိုင်းစိတ်မြို့ | ၁ | ၈၀၀ | ၆၂၀ | ၂၃၉ | ၁၆၀၀ | ၄၀၀ | ၁၆၀ | ၁၆၀ | ၁၂ | ၃၃၂ | ၈၀ | ၈၀ | ၁၅ | ၁၇၅ |
| မိုင်းပွန်မြို့ | ၁ | ၇၉၀ | ၄၀၀ | ၁၅၃ | ၈၀၀ | ၂၀၀ | ၁၀၀ | ၈၈ | ၅ | ၁၉၃ | ၅၀ | ၄၄ | ၆ | ၁၀၀ |
| ဟိုပုံးမြို့ | ၁ | | ၁၄၀ | ၅၅ | ၄၀၀ | ၁၀၀ | ၅၀ | ၄၅ | ၇ | ၁၀၂ | ၂၅ | ၂၂ | ၃ | ၅၀ |
| နမ့်ခုပ်မြို့, ဟဲလုံမြို့ | ၁ | ၆၀၀ | ၂၈၀ | ၁၀၇ | ၆၀၀ | ၁၅၀ | ၇၅ | ၆၈ | ၅ | ၁၄၈ | ၃၅ | ၃၅ | ၅ | ၇၅ |
| နောင်မွန်မြို့ | ၁ | ၂၀၀ | ၈၀ | ၃၁ | ၂၀၀ | ၅၀ | ၂၅ | ၂၀ | ၂ | ၄၇ | ၁၃ | ၁၀ | ၂ | ၂၅ |
| [illegible]ကာ်နင်းမြို့ | ၁ | | ၈၀ | ၃၁ | ၂၀၀ | ၅၀ | ၁၄ | ၁၄ | ၁၀ | ၃၈ | ၇ | ၇ | ၁ | ၁၅ |
| [illegible] ဆယ်မြို့ | ၁ | ၃၀၀ | ၄၀၀ | ၁၅၃ | | | ၁၀၀ | ၉၀ | | ၁၉၀ | ၅၀ | ၄၅ | ၅ | ၁၀၀ |
| ပေါင်း | ၁၅ | ၂၆၇၇၃ | ၁၁၉၈၀ | ၄၅၈၀ | ၂၁၁၀၂ | ၅၄၅၀ | ၂၂၆၄ | ၂၂၀၀ | ၂၅၆ | ၄၇၂၀ | ၁၁၇၀ | ၁၁၄၀ | ၁၄၅ | ၂၄၅၅ |

www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်စော်ဘွားမြို့စားတို့ မြို့ကျေးရွာ လက်နက်ကိုင်လူ စစ်ကိရိယာ မျိုးရိက္ခာစုံ ၁၁၅၂ (၁၇၉၀)၊ ၁၁၇၈ (၁၈၁၆)၊ ၁၁၈၂ (၁၈၂၀)၊ ၁၁၈၉ (၁၈၂၇) နေ့ည အနီးအဝေး အရေးပေါ်ရှိလျှင် ထမ်းရွက်ပါမည့် အသီးသီး သဘောတူခံဝန်သည့် စာရင်းချုပ်။ [ ၂ ]

| | ဦးရေ | ၁၁၅၂ (၁၇၉၀) ခံသန့် | ၁၁၇၈ (၁၈၁၆) သဘောတူ | | ၁၁၈၂ (၁၈၂၀) ဝန်ခံချက် | | ၁၁၈၉ (၁၈၂၇) အနီးထမ်း | | | | ၁၁၈၉ (၁၈၂၇) အဝေးထမ်း | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထမ်းအိမ် | ထမ်းအိမ် | လက်နက်ကိုင် | ထမ်းအိမ် | လက်နက်ကိုင် | သေနတ် | လှံကိုင် | မြင်းစီး | သုံးစု | သေနတ်ကိုင် | လှံကိုင် | မြင်းစီး | သုံးစု |
| မောက်မယ်မြို့ | ၁ | | ၁၄၀၀ | ၅၃၅ | ၂၀၀၀ | ၅၀၀ | ၂၅၀ | ၂၀၀ | ၃၀ | ၄၈၀ | ၁၂၅ | ၁၀၀ | ၁၅ | ၂၄၀ |
| ကျိုင်းတောင်းမြို့ | ၁ | ၇၀၀ | ၁၄၈၀ | ၅၃၅ | ၁၆၈၀ | ၄၂၀ | ၂၀၀ | ၁၉၀ | ၂၀ | ၄၁၀ | ၁၀၀ | ၉၀ | ၁၀ | ၂၀၀ |
| ကျိုင်းခန်မြို့ | ၁ | ၃၄၀ | ၄၀၀ | ၁၅၃ | ၆၈၀ | ၁၇၀ | ၈၅ | ၇၅ | ၁၀ | ၁၇၀ | ၄၀ | ၄၀ | ၅ | ၈၅ |
| မိုင်းပံမြို့ | ၁ | | ၁၈၀ | ၃၉ | ၂၀၀ | ၅၀ | ၂၅ | ၂၂ | ၃ | ၅၀ | ၁၃ | ၁၀ | ၂ | ၂၅ |
| [illegible]ကားမြို့ | ၁ | ၁၉၆၀ | ၂၈၀ | ၁၀၇ | ၁၆၀၀ | ၄၀၀ | ၁၀၀ | ၉၀ | ၁၀ | ၂၀၀ | ၅၀ | ၄၅ | ၅ | ၁၀၀ |
| [illegible]ယွယ်လုံမြို့ | ၁ | | ၂၈၀ | ၁၀၇ | | | ၅၀ | ၅၀ | | ၁၀၀ | ၂၅ | ၂၅ | | ၅၀ |
| မိုင်းခယ်မြို့ | ၁ | ၁၃၈၄ | ၂၀၀ | ၇၇ | | | ၂၅ | ၂၅ | | ၅၀ | ၁၃ | ၁၂ | | ၂၅ |
| သီကျစ်မြို့ | ၁ | ၇၀၀ | ၃၀၀ | ၁၁၆ | ၄၀၀ | ၁၀၀ | ၂၅ | ၂၅ | ၃ | ၅၃ | ၁၃ | ၁၀ | ၂ | ၂၅ |
| [illegible]ဘာသက်မြို့ | ၁ | ၄၂၅ | ၁၆၀ | ၆၁ | ၂၀၀ | ၅၀ | ၂၅ | ၂၅ | | ၅၀ | ၁၃ | ၁၂ | | ၂၅ |
| [illegible]မြို့ | ၁ | | ၂၆ | | | | ၂၅ | ၂၅ | | ၅၀ | ၁၃ | ၁၂ | | ၂၅ |
| ပေါင်း | ၁၀ | ၅၅၈၉ | ၄၅၄၆ | ၁၇၃၀ | ၆၇၆၁ | ၁၆၉၀ | ၈၁၀ | ၇၂၇ | ၇၆ | ၁၆၁၃ | ၄၀၅ | ၃၅၆ | ၃၉ | ၈၀၀ |
| သိန္နီမြို့ | ၁ | ၄၀၀၀၀ | ၁၆၀၀၀ | ၆၂၁၀ | ၂၀၀၀၀ | ၅၀၀၀ | | | | | | | | |
| [illegible]ောင်ပိုင်မြို့ | ၁ | ၅၀၀၀ | | | | | | | | | | | | |
| [illegible]မိတ်မြို့ | ၁ | ၃၆၀၀ | | | | | | | | | | | | |
| [illegible]င်းလုံမြို့ | ၁ | ၇၂၅ | | | | | | | | | | | | |
| [illegible]နှင့်ခွန် | ၁ | ၁၄၈၃ | | | | | | | | | | | | |
| ပေါင်း | ၅ | [illegible]၃၄၀၈ | | | | | | | | | | | | |
| သုံးစု | ၁၅ | [illegible]၅၆၉၀ | ၃၂၅၂၆ | ၁၂၅၂၀ | ၄၇၈၆၂ | ၁၂၃၄၀ | ၃၀၇၄ | ၂၈၂၇ | ၃၃၂ | ၆၃၃၃ | ၁၅၇၅ | ၁၄၉၆ | ၁၈[illegible] | ၃၂၅၅ |

www.burmeseclassic.com

မြေလတ်နယ်၊ အကျယ်အဝန်း၊ လူဦးရေ၊ အိမ်ခြေနှင့် ပေးသွင်းခွန်စာရင်း (၁၈၉၇)

www.burmeseclassic.com

| နယ် | စတုရန်းမိုင် အကျယ် | ရွာ | အိမ်ခြေ | နှစ်စဉ်အခွန် | သက်ကြေး | လူဦးရေ ဓနု | တောင်သူ | တောင်ရိုး | ရှမ်း | အင်းသား | ဓနော | ဗမာ | ဓရဲ | မွန် | ဘရုတ် | ပလောင် | ဟိန္ဒူ | ပုဆွား | ကရင် ဖရိုန်း | ကရင်ဖြူ | ကရင်နီ | ယင်းဘော် | လမုံး | ပဒေါင် | ဇယိန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သာမိုင်းခန်း | ၂၉၆ ၆၆ | ၂၁၃ | ၅၁၇၅ | ၁၄၁၅၃ | ၇၀၀၀ | ၁၁၂၆ | ၄၄၈၃ | ၅၀၁၇ | ၁၅၃ | ၁၁၆ | ၄၈၆ | ၆၂ | ၁၃၉ | | | ၁၀၄ | | | | | | | | | | ၁၂၀၈၉ |
| ကျောက်ကူသိဝ် | ၉၀ | ၃၄ | ၆၂၁ | ၂၈၀၄ | ၁၀၀၀ | ၂၂၁၄ | ၃၅၇ | ၇၄၇ | ၃၀ | | | ၃၁ | ၇၈ | | | ၂၅၅ | | | | | | | | | | ၃၇၁၂ |
| ကျူး | ၂၄၃၈ | ၂၀ | ၅၀၃ | ၂၀၀၀ | ၁၀၀၀ | ၄၅၅ | ၈၄၈ | ၄၃၉ | | | | ၆ | ၂၉၄ | | | | | | | | | | | | | ၂၁၄၃ |
| ကျွယ်လုံ (ပင်လောင်း) | ၁၆၀၀ | ၃၇၇ | ၅၄၃၆ | ၁၆၀၄၂ | ၈၀၀၀ | ၆၀ | ၁၆၆၄၀ | ၇၉၇ | ၃၈၉၈ | ၂၀၉ | ၁၇ | ၂၄၀၅ | | | | | | | ၃၅၉၂ | ၁၂၉၅ | ၂၉၇ | ၆၈ | ၆၅ | ၆၀ | ၂ | ၂၈၈၀၄ |
| ရွှမ်းအယ် | ၂၀၀ | ၈၇ | ၉၄၃ | ၄၆၇၁ | ၂၀၀၀ | ၂၈၁ | ၃၇၆၂ | ၈၂၀ | ၂၅၃ | ၄၉ | ၆ | ၁၂၈ | | | | | | | ၁၇၂ | | | | | | | ၅၄၇၁ |
| ရွယ်မော | ၄၉ | ၅၇ | ၆၇၁ | ၃၄၃၅ | ၂၀၀၀ | ၈၄ | ၃၃၃၆ | ၅၁၆ | ၁၉၂ | ၂၆ | ၁၁၇ | ၈ | | | | | | | | | | | | | | ၄၂၇၉ |
| ဆော် | ၅၅၀ | ၇၀ | ၁၄၂၁ | ၁၀၆၂၅ | ၅၀၀၀ | ၁၂၉၃ | ၃၄၅ | | ၃၀၅ | | | ၄၆၂ | | | | ၂၀၄ | | | | | | | | | | ၆၆၀၉ |
| ဆော်နင်း | ၄၀ | ၃၀ | ၇၅၇ | ၃၀၂၅ | ၁၄၀၀ | ၄၀၈ | ၆၂၁ | ၁၃၃၆ | ၁၅၉ | ၃၉၇ | ၁၂၇ | ၁၂ | ၂၁၂ | | | | | | | | | | | | | ၃၂၇၂ |
| ဆော်ဆုံ | ၄၀ | ၂၉ | ၆၉၈ | ၂၄၉၈ | ၁၀၀၀ | ၁၄၁၀ | ၉၈၅ | ၉၆၅ | ၆ | | | ၆ | | | ၄ | | | | | | | | | | | ၃၃၇၆ |
| နမ့်ခဲ | ၇၅ | ၇၉ | ၁၀၀၂ | ၄၉၇၀ | ၂၅၀၀ | ၁၅ | ၅၄၇၃ | ၂၇၇ | ၁၅၂ | ၉ | ၁၅ | ၉ | ၆ | | | | | | | | | | | | | ၆၀၁၅ |
| နမ့်ခုံ | ၃၉၅ | ၄ | ၄၁ | ၁၈၃ | ၅၀ | ၁၂၄ | ၁၅ | ၆၁ | | | | | ၁၀ | | | | | | ၁၉ | | | | | | | ၂၀၀ |
| နမ့်တုတ် | ၂၀ | ၁၀ | ၁၈၆ | ၈၄၀ | ၄၀၀ | | ၁၁၂ | | ၄၆၈ | ၇၃ | | | | | | | | | | | | | | | | ၇၅၆ |
| ပင်မိ | ၂၉၂၉ | ၃၄ | ၆၁၂ | ၆၄၂၄ | ၁၆၀၀ | ၆၈၂ | ၁၇၂၇ | ၂၀၀ | ၂၂၅ | ၇၀ | ၁၃၆ | ၆ | | | | | | | | | | | | | | ၃၀၂၇ |
| မိုင်းတယ | ၂၀၀ | ၉၀ | ၂၂၆၉ | ၁၄၄၇၆ | ၁၀၀၀၀ | ၈၃၄၈ | ၁၉၄၆ | ၁၀၄၀ | ၁၃၃ | ၅၆ | ၇၄၃ | ၇၉ | | ၄ | ၆ | ၁၄ | ၃ | | | | ၁၀၃ | | | | | ၁၂၄၀၃ |
| မိုးလှ | ၁၀၂ | ၆၃ | ၁၃၂၉ | ၇၆၂၉ | ၃၅၀၀ | ၂၉၂၀ | ၈၆၂ | ၂၀၇၃ | ၃၇ | | | ၁၀ | ၃၃၀ | | | | | ၄ | | | | | | | | ၆၃၈၆ |
| ရွှာ | ၇၀၀ | ၇၂ | ၁၆၀၅ | ၈၇၈၂ | ၃၆၀၀ | ၆၂၉၃ | ၁၄၂၀ | ၃၇ | ၅၆၁ | | | ၂၇၄ | | | | ၃၇၀ | ၁ | | | | | | | | | ၈၉၅၇ |
| စုစုပေါင်း | | ၁၂၅၉ | ၂၀၇၂၅ | ၉၉၅၆၇ | ၅၀၀၅၀ | ၂၉၇၁၃ | ၄၂၉၃၃ | ၁၃၉၀၆ | ၆၅၇၂ | ၁၀၀၅ | ၁၆၄၆ | ၃၄၉၈ | ၁၅၆၄ | ၄ | ၁၀ | ၉၈၇ | ၄ | ၄ | ၃၈၂၃ | ၁၂၉၅ | ၄၀၀ | ၆၈ | ၆၅ | ၆၀ | ၂ | ၁၀၇၅၆၀ |

ဓကော်၊ ဟာဒီမင်၊ အထက်မြန်မာနဲ့ရှမ်း၊ ၂၊ ၂၊ ၅၃၁ မှ

www.burmeseclassic.com

www.burmeseclassic.com



သံလွင်အရှေ့ဘက် စော်ဘွားမြို့စားတို့ အင်အားအလျောက် ဆင့်ဆိုတော်မူရာ နာခံထမ်းရွက်ပါမည်။ အသီးသီး ၁၁၈၉ (၁၈၂၇) ခံဝန်သည့် လူ၊ ယမ်း၊ ခဲ၊ မီးကျောက်စာရင်း ဘုရား။

www.burmeseclassic.com

| | ဦးရေ | သေနတ်ကိုင် | လှံကိုင် | နှစ်ခု | ယမ်း | ခဲ | မီးကျောက် |
|---|---|---|---|---|---|---|---|
| ကျိုင်းတုံမြို့ | ၁ | ၁၂၅၀ | ၁၂၅၀ | ၂၅၀၀ | ၁၂၅၀ | ၁၂၅၀ | ၅၀၀၀ |
| ကျိုင်းရုံကြီးမြို့ | ၁ | ၁၂၅၀ | ၁၂၅၀ | ၂၅၀၀ | ၁၂၅၀ | ၁၂၅၀ | ၅၀၀၀ |
| မိုင်းလည်ကြီးမြို့ | ၁ | ၃၇၅ | ၃၇၅ | ၇၅၀ | ၃၇၅ | ၃၇၅ | ၇၅၀ |
| ကျိုင်းချိုင်မြို့ | ၁ | ၂၀၀ | ၂၀၀ | ၄၀၀ | ၂၀၀ | ၂၀၀ | ၄၀၀ |
| မိုင်းညောင်မြို့ | ၁ | ၇၅ | ၇၅ | ၁၅၀ | ၇၅ | ၇၅ | ၁၅၀ |
| ပေါင်း | [illegible] | ၃၁၅၀ | ၃၁၅၀ | ၆၃၀၀ | ၃၁၅၀ | ၃၁၅၀ | ၁၁၃၀၀ |



ကျိဝန်စုက ၁၁၈၉ (၁၈၂၇) ပေါ်တော်ခွဲသည့်
ထမ်းအိမ်စာရင်း

| | ဦးရေ | ထမ်းအိမ် |
|---|---|---|
| မွေးလှရွာ | ၁ | ၁၃ |
| ပုံမှုရွာ | ၁ | ၇ |
| သထုံရွာ | ၁ | ၁၃ |
| ရှာင်ရွာ | ၁ | ၅ |
| ဘော် ၄၄ ရွာ | ၁ | ၁၃ |
| ပေါင်း | ၅ | ၅၁ |

www.burmeseclassic.com

www.burmeseclassic.com



ငွေခွန်ဝန် ဝန်စုကျေးရွာ ထမ်းအိမ်စာရင်း
၁၁၈၉ (၁၈၂၇)

| | ဦးရေ | ထမ်းအိမ် |
|---|---|---|
| အင်း ၄ ရွာ | ၁ | ၄၅ |
| ဘန့်ယည်ရွာ | ၁ | ၂၃ |
| ပင်းတယရွာ | ၁ | ၇ |
| သာမိုင်းခန်းရွာ | ၁ | ၁၄ |
| ဘော်ဆိုင်းရွာ | ၁ | ၃ |
| ကျောက်ထပ်ရွာ | ၁ | ၄ |
| နံ့တုတ်ရွာ | ၁ | ၂ |
| ပင်မိရွာ | ၁ | ၅ |
| မကွေးရွာ | ၁ | ၁ |
| လွယ်အုံ့ရွာ | ၁ | ၁ |
| ကျောက်ကူ ၄ ရွာ | ၁ | ၂ |

စာမျက်နှာ ၄၁ သို့



ငွေခွန်ဝန် ဝန်စု ကျေးရွာ ထမ်းအိမ်စာရင်း
၁၁၈၉ (၁၈၂၇)

| | ဦးရေ | ထမ်းအိမ် |
|---|---|---|
| နံ့ခဲ ၃ ခေါင်း | ၁ | ၁ |
| လွယ်အုယ်ရွာ | ၁ | ၃ |
| လွယ်မောရွာ | ၁ | ၂ |
| ကျူးကပဲရွာ | ၁ | ၁ |
| နမ့်ခုပ်ရွာ | ၁ | ၇ |
| ဟိုပုံးရွာ | ၁ | ၅ |
| ကလောဘန့်ဘာရွာ | ၁ | [illegible] |
| ပေါင်း | ၁၈ | ၁၃၀ |
| နှစ်စု | ၂၃ | ၁၈၁ |

www.burmeseclassic.com

## မိုင်းပုမြို့စောင့်ရ လက်နက်ကိုင် လူစားချင်းဘုရား

| | ဦးရေ | ထားစောင့် | မြို့စောင့် | သေနတ် | လှံ | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ကျိုင်းငွဘာင်းမြို့ | ၁ | ၂၀၀ | ၁၀၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၁၀၀ |
| ကျိုင်းခန်းမြို့ | ၁ | [illegible] | ၅၀ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၅၀ |
| နားလုံး ၁၀ မိုင်း | ၁ | ၂၅၀ | ၁၂၅ | ၆၃ | ၆၃ | ၆၃ | ၆၃ | ၁၂၆ |
| သည်မြို့သည်မော်င် | ၁ | ၂၇ | ၂၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၂၀ |
| ပေါင်း | ၄ | ၅၇၇ | ၂၉၅ | ၁၄၈ | ၁၄၈ | ၁၄၈ | ၁၄၈ | ၂၉၆ |

## မိုးဗြဲမြို့စောင့် မြို့ရွာလက်နက်ကိုင် လူစာရင်း

| | ဦးရေ | ထားစောင့် | မြို့စောင့် | သေနတ် | လှံ | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| မိုးဗြဲ | ၁ | ၅၀ | ၂၅ | ၁၃ | ၁၂ | ၁၃ | ၁၃ | ၂၆ |
| [illegible]မြို့ | ၁ | ၂၀၀ | ၁၀၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၁၀၀ |
| လွှယ်လုံမြို့ | ၁ | ၁၀၀ | ၅၀ | ၂၅ | ၂၅ | ၂၅ | ၂၅ | ၅၀ |
| တဘက်မြို့ | ၁ | ၅၀ | ၂၅ | ၁၃ | ၁၂ | ၁၃ | ၁၃ | ၂၆ |
| သိကျစ်မြို့ | ၁ | ၅၀ | ၂၅ | ၁၃ | ၁၂ | ၁၃ | ၁၃ | ၂၆ |
| လက်မိုင်းမြို့ | ၁ | ၂၂ | ၁၃ | ၇ | ၆ | ၇ | ၇ | ၁၄ |
| မိုင်နံမြို့ | ၁ | ၅၀ | ၂၅ | ၁၃ | ၁၂ | ၁၃ | ၁၃ | ၂၆ |
| ပေါင်း | ၇ | ၅၂၂ | ၂၆၃ | ၁၃၄ | ၁၂၉ | ၁၃၄ | ၁၃၄ | ၂၆၈ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အင်း ၄ ရွာ | ၁ |
| နံ့တုတ် | ၁ |
| ပုံးမှု | ၁ |
| ပါလိုက် | ၁ |
| ပေါင်း | ၄ |
| နှစ်စု | ၁၁ |



နိုင်ငံရေးအရ မြေလတ်ထက် သံလွင်အရှေ့က ပိုပြီး အရေးပါတာဖြစ်လို့ အဲဒီဘက်ကို ရှိ၍ အလေးဂရုပြုတာကို [illegible] တွေ့ရပြန်ပါတယ်။

ကျိုင်းရုံကြီးမြို့မှာ ၁၂ ပန်းသည် စည်းကြပ်သည့် စာရင်းကို ကောဇာ ၁၂၀၄ ခု၊ နယုန်လပြည့်ကျော် ၅ ရက် (၁၈ မေ ၁၈၄၂)နေ့ အမတ်အတွင်းလုံ မင်္ဂလာပညာနှော်ရှိထား ယွန်းစာရေး၍ ပေးသည်ကို ရတုရှင်ငွေရွှေအား၊ ငနီးတို့ မြန်မာပြန်ချက် ပန်းသွဲ့ [illegible] ရှင်းတရား။

www.burmeseclassic.com

www.burmeseclassic.com

မဲခေါင်မြစ် အရှေ့ဘက်

| | | | | | |
|---|---|---|---|---|---|
| မိုင်းလမြို့ | ၁ | | မိုင်းလားမြို့ | ၁ | |
| မိုင်းပါမြို့ | ၁ | | မိုင်းဝင်မြို့ | ၁ | |
| ပေါင်း | ၂ | ၁ | ပေါင်း | ၂ | ၁ |
| မိုင်းဘုံမြို့ | ၁ | | မိုင်းအုမြို့ | ၁ | |
| မိုင်းရွှဲ့မြို့ | ၁ | | မိုင်းအုမြို့ | ၁ | |
| မိုင်းမင်းမြို့ | ၁ | | ပေါင်း | ၂ | ၁ |
| ပေါင်း | ၃ | ၁ | ကျိုင်းတောင်မြို့ | ၁ | |
| မိုင်းဟိန်းမြို့ | ၁ | | ဘော်လမြို့ | ၁ | |
| မိုင်းပံမြို့ | ၁ | | အီဝူးမြို့ | ၁ | |
| ပေါင်း | ၂ | ၁ | ပေါင်း | ၃ | ၁ |
| | | | ခြောက်စု | ၁၄ | ၆ |



| မဲခေါင်မြစ်အနောက်ဘက် | | |
|---|---|---|
| ကျိုင်းရုံကြီးမြို့ | ၁ | |
| မိုင်းဟာန်မြို့ | ၁ | |
| မိုင်းဆုံမြို့ | ၁ | |
| မိုင်းနွမ်းမြို့ | ၁ | |
| ပေါင်း | ၄ | ၁ |
| မိုင်းစံမြို့ | ၁ | |
| မိုင်းအောင်းမြို့ | ၁ | |
| ကျိုင်းလူမြို့ | ၁ | |
| ပေါင်း | ၃ | ၁ |
| မိုင်းယွန်းမြို့ | ၁ | |
| မိုင်းပန်းမြို့ | ၁ | |
| ပေါင်း | ၂ | ၁ |
| မိုင်းလုံမြို့ | ၁ | |
| ပေါင်း | ၁ | ၁ |

www.burmeseclassic.com

www.burmeseclassic.com



| မဲခေါင်မြစ်အနောက်ဘက် | | |
|---|---|---|
| ကျိုင်းလားမြို့ | ၁ | |
| မိုင်းမန်းမြို့ | ၁ | |
| မိုင်းခန်းမြို့ | ၁ | |
| လမ်းနှိမြို့ | ၁ | |
| ပေါင်း | ၄ | ၁ |
| မိုင်းဟဲမြို့ | ၁ | |
| မိုင်းစိန်မြို့ | ၁ | |
| မိုင်းရင်မြို့ | ၁ | |
| မိုင်းဝင်းမြို့ | ၁ | |
| မိုင်းညင်းမြို့ | ၁ | |
| မိုင်းဝက်မြို့ | ၁ | |
| မိုင်းခွန်မြို့ | | |
| ပေါင်း | ၇ | ၁ |
| ခြောက်စု | ၂၁ | ၁ |
| စုစု | ၃၅ | ၁၂ |



သံလွင်အရှေ့ဘက် ကျိုင်းရုံကြီးမြို့၊ ကျိုင်း ချိုင်မြို့၊ မိုင်ညောင်မြို့၊ ကျိုးထုံမြို့ လမ်းပေါက် လမ်းမျှားမှာ တားကျင်း အစောင့်အနေ လူလက်နက်စာရင်း။

www.burmeseclassic.com

| သံလွင်အရှေ့ဘက် ကျိုင်းရုံကြီးစောင့်စု | ဦးရေ | လူ | သေနတ် | လုံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ကျိုးရုံကြီးမြို့က အရှေ့တောင် ကျိုးရုံကြီးနယ် အုန်းမြို့စောင့်စု ၁၄ ရက် ခရီး ပင်တွေကင်း | ၁ | ၁၀၀ | ၆၀ | ၄၀ | ၁၀၀ | ၆၀ | ၆၀ | ၁၈၀ |
| ကျိုင်းရုံကြီးမြို့က တောင် ၁၀ ရက် ခရီးကွာ ကျိုင်းရုံကြီးမြို့နယ် အုတိုက်မြို့စောင့်စု | ၁ | ၆၀ | ၄၀ | ၂၀ | ၆၀ | ၄၀ | ၄၀ | ၁၂၀ |
| ကျိုင်းရုံကြီးမြို့ကတောင် ၉ ရက် ခရီးကွာ မိုင်းလ စောင့်စု လွယ်ကစ်ကင်း | ၁ | ၁၀၀ | ၆၀ | ၄၀ | ၁၀၀ | ၆၀ | ၆၀ | ၁၈၀ |
| ကျိုးရုံကြီးမြို့က တောင် ၉ ရက် ခရီးကွာ မိုင်းပန် စောင့်စု အုကိကင်း | ၁ | ၆၀ | ၄၀ | ၂၀ | ၆၀ | ၄၀ | ၄၀ | ၁၂၀ |
| ကျိုင်းရုံကြီးမြို့က တောင် ၉ ရက် ခရီးကွာ မိုင်းဘုံး မြို့စောင့်စု မိုင်းယောကင်း | ၁ | ၁၀၀ | ၆၀ | ၄၀ | ၁၀၀ | ၆၀ | ၆၀ | ၁၈၀ |
| ကျိုင်းရုံကြီးမြို့ကတောင် ၇ ရက် ခရီးကွာ မိုင်းတွန် မြို့စောင့်စု ပင်ပက်ကင်း | ၁ | ၆၀ | ၄၀ | ၂၀ | ၆၀ | ၄၀ | ၄၀ | ၁၂၀ |
| ကျိုင်းရုံကြီးမြို့က တောင် ၆ ရက်ခရီးကွာ မိုင်းမင်းမြို့ စောင့်စု ကျွဲစစ်ကင်း | ၁ | ၆၀ | ၄၀ | ၂၀ | ၆၀ | ၄၀ | ၄၀ | ၁၂၀ |
| ပေါင်း | ၇ | ၅၄၀ | ၃၄၀ | ၂၀၀ | ၅၄၀ | ၃၄၀ | ၇၀ | ၁၀၂၀ |

www.burmeseclassic.com

www.burmeseclassic.com

| သံလွင်အရှေ့ဘက် ကျိုင်းချိုင်ဘန်ယု စောင့်ရ | ဦးရေ | လူ | သေနတ် | လှံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ဟိုတုကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| ပါခါးကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| ခုတ်လုံကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| ထားသိမ္မွန်ကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| ပေါင်း | ၄ | ၈၀ | ၄၀ | ၄၀ | ၈၀ | ၄၀ | ၄၀ | ၈၀ |

| သံလွင်အရှေ့ဘက် မိုင်းညောင် မြို့စောင့်ရ | ဦးရေ | လူ | သေနတ် | လှံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| မိုင်းလွေမိုင်းဝကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| ဘန်တွင်းကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| အထက်ခေမ်းကင်း | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၂၀ |
| ပေါင်း | ၃ | ၆၀ | ၃၀ | ၃၀ | ၆၀ | ၃၀ | ၃၀ | ၆၀ |

www.burmeseclassic.com

| သံလွှင်အရှေ့ဘက်ကျိုင်းတုံမြို့စောင့်ရ | ဦးရေ | လှူ | သေနတ် | လုံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ကျိုင်းတုံမြို့နှင့် နှစ်ညအိပ် ခရီးကွာ ဘယက်ကင်း | ၁ | ၁၀၀ | ၅၀ | ၅၀ | ၁၀၀ | ၅၀ | ၅၀ | ၁၅၀ |
| ကျိုင်းတုံမြို့နှင့် နှစ်ညအိပ် ခရီးကွာ မိုင်းဟဲကင်း | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၅၀ | ၂၅ | ၇၅ |
| ကျိုင်းတုံမြို့နှင့် သုံးညအိပ် ခရီးကွာ ဝင်လုဝင်ကင်း | ၁ | ၂၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ | ၃၀၀ |
| ကျိုင်းတုံမြို့နှင့် သုံးညအိပ် ခရီးကွာ မိုင်းဘတ်ကင်း | ၁ | ၂၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ | ၃၀၀ |
| မိုင်းဘတ်ကင်းက လေးညအိပ် ခရီးကွာ မိုင်းကျစ်ကင်း | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၇၅ |
| မိုင်းဘတ်ကင်းက ရှစ်ညအိပ် ခရီးကွာ ချည်လိပ်ထား | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၇၅ |
| မိုင်းဘတ်ကင်းက ရှစ်ညအိပ် ခရီးကွာ ကျိုင်းသည်ကင်း | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၇၅ |
| ပေါင်း– | ၇ | ၇၀၀ | ၃၅၀ | ၃၅၀ | ၇၀၀ | ၃၇၅ | ၃၅၀ | ၁၀၅၀ |

| သံလွှင်အရှေ့ဘက်မိုင်းပုမြို့စောင့်ရ | ဦးရေ | လှူ | သေနတ် | လုံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| မယ်ဓကွင်းတပ် | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၇၅ |
| သမြို့ဝင်ကန်းတပ် | ၁ | ၂၅ | ၁၃ | ၁၂ | ၂၅ | ၁၃ | ၁၃ | ၃၈ |
| တာပဲဒရာကင်းတပ် | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၇၅ |
| ပေါင်း– | ၃ | ၁၂၅ | ၆၃ | ၆၂ | ၁၂၅ | ၆၃ | ၆၃ | ၁၈၈ |

www.burmeseclassic.com
www.burmeseclassic.com

| သံလွင်အရှေ့ဘက် စောင့်စု | ဦးရေ | လူ | သေနတ် | လှံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ကျိုင်းရုံကြီးမြို့စောင့်စုချုပ် | ၇ | ၅၄၀ | ၃၄၀ | ၂၀၀ | ၅၄၀ | ၃၄၀ | ၃၄၀ | ၁၀၂၀ |
| ကျိုင်းချိုင်မြို့စောင့်စုချုပ် | ၄ | ၈၀ | ၄၀ | ၄၀ | ၈၀ | ၄၀ | ၄၀ | ၈၀ |
| မိုင်းညောင်မြို့စောင့်စုချုပ် | ၃ | ၆၀ | ၃၀ | ၃၀ | ၆၀ | ၃၀ | ၃၀ | ၆၀ |
| ကျိုင်တုံမြို့စောင့်စုချုပ် | ၇ | ၇၀၀ | ၃၅၀ | ၃၅၀ | ၇၀၀ | ၃၅၀ | ၃၅၀ | ၁၀၅၀ |
| မိုင်းပုမြို့စောင့်စုချုပ် | ၃ | ၁၂၅ | ၆၃ | ၆၂ | ၁၂၅ | ၆၃ | ၆၃ | ၁၈၉ |
| ပေါင်း | ၂၄ | ၁၅၀၅ | ၈၂၃ | ၆၈၂ | ၁၅၀၅ | ၈၂၃ | ၈၂၃ | ၂၃၉၉ |

သံလွင်အနောက်ဘက် သေညည္ဟတ် သေည်မောင်း၊ သိန္နီတောင်လက် မိုင်းနောင်အုပ်စု နားလုံးဆယ်မိုင်း၊ ကျိုင်းခန်း၊ ကျိုးတောင်း၊ မိုင်းပန်၊ မောက်မယ်မြို့ရွာများက ရှမ်းယွန်းတို့ ပေါက်ရောက်လာသည်။ သံလွင်တလျှောက် ထားကင်းအစောင့်အနေ ခဲယမ်းမီးကျောက်၊ လှံ၊ သေနတ်စာရင်း။

| သေညည္ဟတ်သေည်မောင်း စောင့်စု | ဦးရေ | လူ | သေနတ် | လှံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ထားကျော့်ထား | ၁ | ၂၇ | ၁၄ | ၁၃ | ၂၇ | ၁၄ | ၁၄ | ၄၇ |
| ပေါင်း | ၁ | ၂၇ | ၁၄ | ၁၃ | ၂၇ | ၁၄ | ၁၄ | ၄၇ |

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

| သန္တိတောင်လက်နား လုံးဆယ်မိုင်းစောင့်စု | ဦးရေ | လှူ | သေနတ် | လှံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| ထားယည်ထား | ၁ | ၃၀ | [illegible] | ၁၅ | ၃၀ | ၇/၅၀ | ၇/၂၀ | ၇၀ |
| ဆွယ်တောင်ထား | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၅ | ၅ | ၅၀ |
| ခန်းပန်းထား | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၅ | ၅ | ၅၀ |
| မက်မှုထား | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၅ | ၅ | ၅၀ |
| အုံလွေးထား | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၅ | ၅ | ၅၀ |
| ကောစင်ထား | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၅ | ၅ | ၅၀ |
| လဟာယ်ထား | ၁ | ၂၀ | ၁၀ | ၁၀ | ၂၀ | ၅ | ၅ | ၅၀ |
| သွတ်လှန်းထား | ၁ | ၂၅ | ၁၂ | ၁၃ | ၂၅ | ၁၂ | ၁၂ | ၅၀ |
| သွတ်တံဆား | ၁ | ၂၅ | ၁၂ | ၁၃ | ၂၅ | ၁၂ | ၁၂ | ၂၆ |
| အာပုထား | ၁ | ၃၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၂၅၀ |
| ပေါင်း | ၁၀ | ၂၃၀ | ၁၂၄ | ၁၂၆ | ၂၅၀ | ၈၆/၅၀ | ၈၆/၅၀ | ၆၇၂ |

| ကျိုင်းခန်းမြို့စောင့်စု | ဦးရေ | လှူ | သေနတ် | လှံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|
| တာ့ယည်ထာ | ၁ | ၂၅ | ၁၃ | ၁၂ | ၂၅ | ၁၃ | ၁၃ | ၃၉ |
| ကာဘဲထာ | ၁ | ၅၀ | ၂၅ | ၂၅ | ၅၀ | ၂၅ | ၂၅ | ၇၅ |
| ပေ့ဗွန်ထာ | ၁ | ၂၅ | ၁၃ | ၁၂ | ၂၅ | ၁၃ | | ၃၉ |
| ပေါင် | ၃ | ၁၀၀ | ၅၁ | ၄၉ | ၁၀၀ | ၅၁ | ၅၁ | ၁၅၃ |

www.burmeseclassic.com

| ကျိုင်းတောင်းမြို့စောင့်စု | ဦးရေ | စောင့်ရင်း | မီးပါး | သေနတ် | လုံ | နှစ်စု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|---|
| တွန်ဘန်ထော | ၁ | ၁၀ | ၂ | ၃ | ၅ | ၁၀ | ၅ | ၅ | ၆ |
| တာပျဉ်ထားမ | ၁ | ၂၅ | ၇ | ၅ | ၁၃ | ၂၅ | ၂၁ | ၁၂ | ၁၂ |
| ဆယ်ခု[illegible] | ၁ | ၁၀ | ၃ | ၂ | ၅ | ၁၀ | ၅ | ၅ | ၉ |
| ဆွယ်ပါလန့်ထား | ၁ | ၁၅ | ၃ | ၄ | ၈ | ၁၅ | ၇ | ၇ | ၉ |
| တာကွန်မိုထား | ၁ | ၁၀ | ၃ | ၂ | ၅ | ၁၀ | ၅ | ၅ | ၉ |
| တာကွန်တာနားထားမ | ၃ | ၂၀ | ၅ | ၅ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၁၅ |
| ပွေရဲထား | ၁ | ၁၅ | ၃ | ၄ | ၈ | ၁၅ | ၇ | ၇ | ၉ |
| တာလွတ်တားမ | ၁ | ၂၀ | ၅ | ၅ | ၁၀ | ၂၀ | ၁၀ | ၁၀ | ၁၅ |
| တာပေါ်ထားမ | ၁ | ၁၅ | ၅ | ၃ | ၇ | ၁၅ | ၈ | ၈ | ၁၅ |
| ပွေကောက်ထား | ၁ | [illegible] | ၃ | ၂ | ၅ | ၁၀ | ၅ | ၅ | ၉ |
| ဆွယ်ဟဲထား | ၁ | ၁၅ | ၃ | ၄ | ၈ | ၁၅ | ၇ | ၇ | ၉ |
| သတွယ်ထား | ၁ | ၁၅ | ၃ | ၄ | ၈ | ၁၅ | ၇ | ၇ | ၉ |
| ကောပထား | ၁ | ၂၅ | ၆ | ၆ | ၁၃ | ၂၅ | ၁၂ | ၁၂ | ၁၈ |
| ပွေအထား | ၁ | ၁၀ | ၂ | ၃ | ၅ | ၁၀ | ၅ | ၅ | ၆ |
| ပေါင်း | ၁၄ | ၂၁၅ | ၅၃ | ၅၂ | ၁၁၀ | ၂၁၅ | ၁၀၅ | ၁၀၅ | ၁၅၉ |

| မိုင်းပန်မြို့စောင့်စု | ဦးရေ | စောင့်ရင်း | မီးပါး | အခွဲ | လုံ | သုံးစု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|---|
| ငှက်ပျောတောထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| မယ်လေးထား | ၁ | ၃ | ၁ | ၁ | ၂ | ၃ | /၅၁ | /၅၀ | ၂ |
| ထားဝင်ထားမ | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| မတ်သီရိထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| ရှေလိမ်ထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| ဘန်ပေါထာ | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| ကျောက်ခေါင်ထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| လင်းကွယ်ထား | [illegible] | ၄ | ၁ | ၁ | ၂ | ၄ | ၅ | ၅ | ၂ |
| မယ်ဟန်ထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | [illegible] | ၅ | ၂ |
| သဲကျွန်းထား | ၁ | ၃ | ၁ | ၂ | | ၃ | /၅၀ | /၅၀ | |
| [illegible]ငါးထားမ | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| ကူးဆိပ်ထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |

www.burmeseclassic.com

| မိုင်းပန်မြို့စောင့်စုအဆက် | ဦးရေ | စောင့်ရှင်း | မီးပါး | အခွဲ | လုံ | သုံးစု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|---|
| ညောင်ချိုပင်ထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| ဟွေမုံထား | ၁ | ၄ | ၁ | ၁ | ၂ | ၃ | /၅၀ | /၅၀ | |
| ဘာခုတ်ထား | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| စက်တော်ထားမ | ၁ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၁ | ၂ |
| သဘာန်ချောင်းထား | ၁ | ၄ | ၁ | ၁ | ၁ | ၄ | ၁ | ၁ | ၂ |
| ရေပူထား | ၁ | ၄ | ၁ | ၁ | ၁ | ၄ | ၁ | ၁ | ၂ |
| သာလှိုင်ထားမ | ၁ | ၄ | ၁ | ၁ | ၁ | ၄ | ၁ | ၁ | ၂ |
| စွက်ချောင်းထား | ၁ | ၄ | ၁ | ၁ | ၁ | ၄ | ၁ | ၁ | ၂ |
| သွယ်ဘတ်ထား | ၁ | ၄ | ၁ | ၁ | ၁ | ၄ | ၁ | ၁ | ၂ |
| ဆွတ်အံထား | ၁ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| ညောင်ချိုပင်ထား | ၁ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| တာထဲထားမ | ၁ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| မယ်တဲဝထား | ၁ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| ဘရဲကျွန်းထား | ၁ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| မယ်သညီထား | ၁ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| ပေါင်း– | ၁၇ | ၁၀၅ | ၂၄ | ၁၇ | ၅၄ | ၁၀၅ | ၂၅/၅၀ | ၂၅/၅၀ | ၄၈ |

| မောက်မယ်မြို့စောင့်စု ထားငါးရပ် | ဦးရေ | စောင့်ရှင်း | မီးပါး | အခွဲ | လုံ | သုံးစု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|---|
| လပုံထား | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| ဟွေမုံထား | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| သွတ်တိမ်းထား | ၁ | ၄၀ | ၂၀ | | ၂၀ | ၄၀ | ၂၀ | ၂၀ | ၈၀ |
| ထားစလောင်း | ၁ | ၄၀ | ၂၀ | | ၂၀ | ၄၀ | ၂၀ | ၂၀ | ၈၀ |
| ထားဟွေခါး | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| ပေါင်း– | ၅ | ၁၄၀ | ၇၀ | | ၇၀ | ၁၄၀ | ၇၀ | ၇၀ | ၂၈၀ |

www.burmeseclassic.com
www.burmeseclassic.com

| မောက်မယ်မြို့စောင့်စု ကင်းငါးရပ် | ဦးရေ | စောင့်ရင်း | မီးပါး | အခွဲ | လုံ | သုံးစု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|---|
| အထူးကြီးကင်း | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| ဘာလွန်ကင်း | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| ရှမ်းဝင်ကင်း | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| နားတီးကင်း | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| ဘန်မက်ကင်း | ၁ | ၂၀ | ၁၀ | | ၁၀ | ၂၀ | ၁၀ | ၁၀ | ၄၀ |
| ပေါင်း | ၅ | ၁၀၀ | ၅၀ | | ၅၀ | ၁၀၀ | ၅၀ | ၅၀ | ၂၀၀ |

| သံလွင်မြစ်အနေဘက် ထားကင်းအစောင့်အနေ စာရင်းချုပ် | ဦးရေ | ရင်း | မီးပါး | အခွဲ | လုံ | သုံးစု | ယမ်း | ခဲ | ကျောက် |
|---|---|---|---|---|---|---|---|---|---|
| သေည်ညွတ်ည်မောင်း စောင့်စု | ၁ | ၂၇ | ၁၄ | | ၁၃ | ၂၇ | ၁၄ | ၁၄ | ၅၇ |
| သိန္နီတောင်လက်နာ ဆယ်မိုင်းစောင့်စု | ၁၀ | ၂၅၀ | ၂၄ | | ၁၂၆ | ၁၅၀ | ၈၆/၅၀ | ၈၆/၅၀ | ၆၇၂ |
| ကျိုင်းခန်းမြို့ စောင့်စု | ၃ | ၁၀၀ | ၅၁ | | ၆၉ | ၁၀၀ | ၅၁ | ၅၁ | ၁၅၃ |
| ကျိုင်းတောင်မြို့ စောင့်စု | ၁၄ | ၂၁၅ | ၅၃ | ၅၂ | ၁၀၀ | ၂၁၅ | ၁၀၅ | ၁၀၅ | ၁၅၉ |
| မိုင်းပန်းမြို့ စောင့်စု | ၂၇ | ၁၀၅ | ၂၄ | ၃၇ | ၅၄ | ၁၀၅ | ၂၅/၅၀ | ၂၅/၅၀ | ၄၈ |
| မောက်မယ်မြို့ စောင့်စု | ၁၀ | ၂၄၀ | ၁၂၀ | | ၁၂၀ | ၂၄၀ | ၁၂၀ | ၁၂၀ | ၄၈၀ |
| ပေါင်း | ၆၅ | [illegible] | ၃၈၆ | ၇၉ | ၅၈၂ | ၈၃၈ | ၄၀၂ | ၄၂၀ | ၁၅၅၉ |
| | ၈၉ | | ၁၂၈၆ | ၇၉ | ၂၇၄ | ၂၅၄၂ | ၃၂၂၅ | ၁၂၂၅ | ၃၈၅၈ |

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



| အရှေ့ကရင်တို့စောင့်စထား | | |
|---|---|---|
| သံဘောထား | ၁ | ၁၀၀ |
| ဘားလင်းထား | ၁ | ၁၀၀ |
| အန်ကုံတား | ၁ | ၅၀ |
| မန်အောင် ရန်အောင်ထား | ၁ | ၈၀ |
| နောက်တွဲ | ၁ | ၄၀ |
| ပေါင်း | ၅ | ၃၇၀ |



သက္ကရာဇ် ၁၂၀၇ (၁၈၄၅) ကရင်အရေးပြီးငြိမ်း၍ အသျှင်နန်းမတော် ဘုရားဝန် မိုးနဲ့တပ် စစ်ကဲကြီး မင်းကြီး မဟာမင်းထင်သီဟသူ မိုးဗြဲတွင် ရပ်နေစဉ်လိုလျှင် ကောက်ငင်ကာရအောင် ကျိုတော်ဆောက်လုပ်၍ သွင်းစေသည့်စပါးတော်ခန့် မြေစာရင်းဘုရား။

| | ဦးရေ | ခန့်ခြေတင်း | |
|---|---|---|---|
| မိုးဗြဲပါလိုက် | ၁ | ၁၂၀၀ | အနက်ပါလိုက်ခန့် |
| ငွယ်လုံ | ၁ | ၁၂၀၀ | ခြေ တင်း ၄၀၀ |
| မိုင်ခုံ | ၁ | ၄၀၀ | |
| လုံပနန် | ၁ | ၄၀၀ | |
| သက်မင်း | [illegible] | ၄၀၀ | |
| ပေါင်း | ၅ | ၃၆၀၀ | |

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပြီးခဲ့တဲ့ စာရင်းဇယားတွေကို ကြည့်ရင် မြန်မာတွေရဲ့ ရှမ်းပြည်နယ်အုပ်ချုပ်ရေးကို မှန်းဆကြည့်လို့ရတယ်။ လွယ်လွယ် ပြောရရင် တဲ့သား ၂၅၀၀ လောက် ကင်းတွေမှာ ဖြန့်ပြီး တပ်စွဲထားပြီး ထိန်းသိမ်း အုပ်ချုပ်သွားတဲ့ သဘောပါပဲ။ တပ်ကို ဒေသအလိုက် ရပ်ရွာတွေကရတဲ့ စက်ကိရိယာမျိုးရိုက္ခာအခွန်နဲ့ပဲ ထောက်ပံ့တာဖြစ်ပါတယ်။ ပင်းဒယက စစ်ကိုင်းမင်းလက်ထက်မှာ အခွန်းထမ်းတဲ့အိမ် ခုနစ်အိမ်ပဲရှိတာ တွေ့ရပါတယ်။ သိပ်စည်ကား ကြီးကျယ်တဲ့နေရာ မဟုတ်သေးပါဘူးလို့ သိနိုင်ပါတယ်။ အင်္ဂလိပ် ရောက်ပြီး ပင်းဒယကို အုပ်ချုပ်တဲ့ လူပုဂ္ဂိုလ်စာရင်း လုပ်ပါတယ်။ ရှေ့မိုင်းက မှန်မမှန် စစ်ဆေးဖို့ အထောက်အထားတော့ မတွေ့ရပါဘူး။

ပင်းတယ အုပ်ချုပ်သူတွေ စာရင်း

| စဉ် | နာမည် | ခုနှစ် | အခွန်ထမ်းငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | မောင်နေထွန်း | | | |
| ၂ | မောင်အောင်ကြူ | | | ၁ ရဲ့သား |
| ၃ | မောင်မြစ် | | | ၂ ရဲ့သား |
| ၄ | မောင်ပြည်စမ်း | | ၈၂ | ၃ ရဲ့သား |
| ၅ | မောင်ရွှေဘွင့် | ၁၇၈၃ | ငွေ ၂ ပိဿာ | ၄ ရဲ့သား |
| ၆ | မောင်သန်း | ၁၇၉၆ | ၂၅၀ | ၅ ရဲ့သား |
| ၇ | မောင်ဖေ | ၁၈၀၉ | ၂၅၀ | ၆ ရဲ့သား |
| ၈ | မောင်ခန်းဦး | ၁၈၀၉ | ၂၅၀ | ၇ ရဲ့သား |
| ၉ | မောင်ရွှေမင်း | ၁၈၁၉ | | ၈ ရဲ့သား |
| ၁၀ | မောင်သိန်း | ၁၈၄၃ | | ၉ ရဲ့သား |
| ၁၁ | မိသစ် | | | ၁၀ ရဲ့ညီမ |
| ၁၂ | [illegible]စ် | | | ၁၀ ရဲ့ညီမ |

www.burmeseclassic.com

ပင်းတယ အုပ်ချုပ်သူတွေ စာရင်း

| စဉ် | နာမည် | ခရစ်နှစ် | အခွန်ထမ်းငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁၃ | မောင်ဘိုးအိပ် | | | ၁၀ ရဲ့ညီ |
| ၁၄ | မောင်ရွှေသီး | | | ခေတ္တ ရွာအုပ် |
| ၁၅ | မောင်မြဖြူ | ၁၈၅၁ | | ၁၂ ရဲ့လင် |
| ၁၆ | မောင်ဖေ | ၁၈၅၄ | ၄၀၀ | အမြင်လူ ငွေခွန်မှူး |
| ၁၇ | မောင်လွန်းရ | ၁၈၅၉ | | ၅ ရဲ့ မြေး |
| ၁၈ | မောင်ဘိုး | ၁၈၆၀ | | ၁၁ ရဲ့သား အခု<br>သာဂိုင်းခန်း ငွေခွန်မှူး |
| ၁၉ | မောင်ဘိုး | ၁၈၆၁ | | ခေတ္တ ရွာအုပ် |
| ၂၀ | မောင်သန်း | ၁၈၆၂ | | ခေတ္တ ရွာအုပ် |
| ၂၁ | မောင်လွန်းရ | ၁၈၆၈ | ၆၀၀ | ၁၇ ကို ငွေခွန်မှူးခန့် |
| ၂၂ | မောင်သန်း | ၁၈၆၉ | ၆၀၀ | ၂၀ ကို ပြန်ခန့် |
| ၂၃ | မောင်ကျော်လှ | ၁၈၇၁ | ၆၀၀ | ရွာအုပ် |

ပင်းတယ အုပ်ချုပ်သူတွေ စာရင်း

| စဉ် | နာမည် | ခရစ်နှစ် | အခွန်ထမ်းငွေ | မှတ်ချက် |
|---|---|---|---|---|
| ၂၄ | မောင်ညိုဒ် | ၁၈၇၂ | ၈၀၀၀ | ရွာအုပ် |
| ၂၅ | မောင်ဘိုးဦး | ၁၈၇၃ | ၈၀၀၀ | ရွာအုပ် |
| ၂၆ | မောင်ထူး | ၁၈၇၅ | ၈၀၀၀ | ရွာအုပ် |
| ၂၇ | ဦးလိုင် | ၁၈၇၆ | ၈၀၀၀ | မြေလတ် စစ်ကဲ |
| ၂၈ | မောင်လွန်းရ | ၁၈၇၇ | ၇၀၀၀ | ၁၇ ကို ငွေခွန်မှူးပြန်ခန့် |
| ၂၉ | မောင်စံပိုင်း | ၁၈၇၈ | ၃၅၀၀ | ရွာအုပ် |
| ၃၀ | မောင်လွန်းရ | ၁၈၈၀ | ၄၀၀၀ | ၁၇ ကို ငွေခွန်မှူးပြန်ခန့် |
| ၃၁ | မောင်ဘိုးခင် | ၁၈၈၂ | ၄၃၅၀ | ၃၀ ရဲ့သား |
| ၃၂ | မောင်စွန်ညို | ၁၈၉၇ | ၁၀၀၀၀ | ၃၃ ရဲ့သား |

www.burmeseclassic.com

www.burmeseclassic.com



ပင်းဒယကို အင်္ဂလိပ်အစိုးရရောက်တော့ မောင်ဘိုးခင်က ငွေခွန်မှူးအဖြစ်နဲ့ အမှုထမ်းဆဲ ဖြစ်တယ်။ သူ့ကိုပဲ အင်္ဂလိပ်က ဆက်ပြီး ငွေခွန်မှူးခန့်တယ်။ သူက ၆ ဇန်နဝါရီ ၁၈၉၇ မှာ သေဆုံးတယ်။ သားမောင်ခွန်ညိုက ခုနစ်နှစ်သားပဲရှိသေးတော့ မောင်ရွှန်းရဲ့ ယောက်ဖ (နှမ်းလင်) ကျောင်းဒကာ ဦးအုန်းက တူအစား နယ်ကို အုပ်ချုပ်ပေးပါတယ်။

ပင်းဒယမြို့က ပင်းဒယငွေခွန်မှူးရုံးစိုက်ရာမြို့ပါပဲ။ မြို့ဆိုရပေမယ့် အိမ်များတဲ့ရွာကြီးပါပဲ။ အင်္ဂလိပ်ရောက်စက အိမ်ခြေ ၂၅၇ ရှိတယ်။ ၁၈၉၇ ကောက်ယူတဲ့ စာရင်းအရ လူဦးရေ ၁၅၃၈ ယောက်ရှိတယ်။ ကြေးထမ်းအိမ်က ၁၁၇ ပဲရှိတယ်၊ အခွန်တော်ရငွေက ၁၂၆၂ ကျပ် ဖြစ်တယ်။ အနောက်ဘက်က တောင်မြင့်မြင့်ရှိပြီး ရေကန်နံဘေးမှာ အိမ်တွေဆောက်ထားလို့ အင်မတန်လှတဲ့မြို့။ ရှမ်းပြည်နယ်တစ်လျှောက်မှာ အလှဆုံးဆိုလောက်တဲ့ ညောင်ပင်ကြီးတွေလဲ တန်းစီရှိပြန်တော့ လှသထက်လှပြန်ရော။ တောင်ကမ်းပါးယံမှာရှိတဲ့ ဂူတွေ၊ ဘုရားတွေကို တက်ရောက်ဖူးမြော်ဖို့လမ်းကို တပင်တပန်းခံပြီး ဖြည်းဖြည်းသာသာ သိပ်မပန်းဘဲ လျှောက်တက်နိုင်အောင် လုပ်ပေးထားပြန်သေးတယ်။ ဂူတွင်းအဝင်အဖွမှာပဲ မြေပေါက်စေတီကို ရွှေအိနေအောင်ချထားတယ်။ အင်မတန်ရှေးကျမှာပဲလို့ ယူဆကြပြီး ကြည်ညိုကြတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေကို ဂူနံရံတွေမှာ နေရာမလပ် အထပ်ထပ်ဖြစ်အောင် ထုလုပ်ကိုးကွယ်



ထားပြန်တော့ ကြည်ညိုစရာက အံ့ဩစရာ။ အထူးအဆန်းဖြစ်လို့ ဘုရားဖူးတွေကို ဆွဲဆောင်နိုင်တဲ့သဘောရှိတယ်။ ဂူထဲ ခတွင်းကျကျ ဝင်လို့လဲ ဘုရားဆင်းတုတွေ မကုန်ဘူး။ ဆင်းတုတော်တွေကြားကပဲ လူသွားဖြစ်ရုံ ကတ်ကတ်သတ်သတ် လမ်းလုပ်ထားရတယ်။ ဆက်သာသွားဝံ့ရင် ပုပ္ပားရောက်မလား၊ ပုဂံရောက်မလားလို့လဲ ထင်မြေးပေးထားသေးတယ်။ ရေကန်ကလဲသာမန်ကန်မဟုတ်ဘူး။ ငါးမဖမ်းရ၊ လှေမလှော်ရဆိုတဲ့ကန် ဖြစ်တယ်။ ဒီကန်ထဲမှာ ရေချိုးရင် အသားအရေလှပစိုပြည်လာမယ်လို့ ယူဆကြသလားတော့ မသိဘူး။ ရေချိုးအဝတ်လျှော်တော့ လုပ်ကြတယ်။ တပေါင်းလမှာ ဘုရားပွဲခံပတယ်။ ငါးရက်ခြောက်ရက် ကြာတယ်။ မြေလတ်မှာ ကြီးကျယ်တဲ့ ဘုရားပွဲတစ်ခုပါပဲ၊ တစ်လတည်းကျင်းပတဲ့ ဘုရားပွဲတွေထဲမှာ မိုင်းကိုင်ဘုရားပွဲကလွဲရင် သူက အစည်ကားဆုံးဖြစ်တယ်။ ရေကန်ကဆန်းဆန်း။ ဂူထဲက ဆင်းတုတွေကအံ့စရာ။ ညောင်ပင်ကြီးတွေက အထိကရ။ ဈေးတန်းက တမိုင်ကျော်ရှည်မယ်။ လာတဲ့လူက အရောင်အဝယ်လဲ မက်လို့ပေါ့။ ရှမ်းအပြင် မြန်မာ၊ တရုတ်ပါ ငါးသောင်း ခြောက်သောင်း နှစ်တိုင်းရောက်လာကြတယ်။

အင်္ဂလိပ်က ပင်းဒယဝန်းကျင် အနေအထားကို တော်တော် သဘောကျပုံရတယ်။ ၂၃ နိုဝင်ဘာ ၁၈၉၄ မှာ ဗိုလ်ချုပ်ကြီး တင်ဂါကို ကျန်းမာရေး အပန်းဖြေစခန်းတစ်ခု ရှာစမ်းဆိုပြီး ဟန်မြင့်ဗိုလ်၊ မြို့ကြီး၊ ရွာငံနဲ့ ပင်းဒယတစ်ဝိုက်မှာ ရှာဖွေတွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှာနိုင်းတယ်။ ၅ ၈ ဖေဖော်ဝါရီ ၁၈၉၅မှာ ဗေါ်တင်ဂါ ပင်းဒယမှာရှိကယ်။ သူက ပင်းဒယရဲ့ အနောက် ငါးမိုင်ကွာမဲ့နယ် တောင်ရိုး ဂူုးတောင်နားက ပင်လယ်ပြင် အထက်ပေ ၂၀၀၀ ကျော်က ချေမ်းပင်ကို ကျန်းမာရေးစခန်း ဆောက်ဖို့ရွေးတယ်။ အင်္ဂလိပ်တွေ ပင်းဒယအကြောင်းကို ၁၈၉၇ အနေအထား (ဂျော့စကောနဲ့ ဂျေပီဟာဒီမင်၊ **ထက်မြန်မာနဲ့ ရှမ်းနယ်များ ဂေဇက်** အပိုင်း ၂၊ အတွဲ ၂၊ ရန်ကုန်၊ အစိုးရပုံနှိပ်၊ ၁၉၀၁၊ စာမျက်နှာ ၇၄၄-၈ မှာ ဖော်ပြခဲ့တယ်) ကို ရေးသွားတဲ့ အကြောင်းအရာတွေထဲမှာ မြေလတ်ဆိုတဲ့ ဝေါဟာရရယ်၊ ငွေခွန်မှူးဆိုတဲ့ ဝေါဟာရရယ်၊ ခုခေတ်လူတွေအတွက် နားလည်သဘောပေါက်အောင် သမိုင်းကြောင်း ပြောရလိမ့် ဦးမယ်ထင်ပါတယ်။

မြေလပ်ဆိုရင် မစိုက်ပျိုးတဲ့နေရာ၊ လူနေအိမ်ခြေမရှိတဲ့ နေရာ ဖြစ်မယ်။ မြေလတ်ဆိုပြန်ရင် ကြားက အလယ်အလတ်သဘော ပေါ်တယ်။ ဒါကြောင့် ရှမ်း၊ ဗမာ ကြားက တစ်ဆယ့်ခြောက်နယ်ကို မြေလတ်ခေါ်ကြပါတယ်။ (နာမည်စာရင်းကို အောက်မှာကြည့်ပါ)။ ဒီနယ်ကြီးတစ်ခုလုံး အလယ်မှောက်ပြီး မြောက်ဘက် တောင်ဘက်မှာ မြက်ခင်းကုန်လျှောမသိမသာ နိမ့်ဆင်းသွားတဲ့ မြေပြန့်တွေရှိတယ်။ တောင်ကိုပြောင်မတတ်ရှင်းပြီး ကောက်ပင်စိုက်ပျိုးကြတယ်။ ဒီလို လုပ်ကိုင်စားသောက်တဲ့လူကလဲ လူမျိုးစုံတယ်၊ အများဆုံးတွေ့ရတာ ကတော့ တောင်သူနဲ့ ဓနုပါပဲ။ သူတို့က ကရင်ဆိုလဲ ဟုတ်သလိုလို၊



ဟုတ်သလို။ ဘာပြုလို့လဲဆိုတော့ တောင်သူစကားက ကရင်၊ ဓနုကမြန်မာ၊ တောင်ရိုးကနှစ်မျိုးရောပေမယ့် မြန်မာက ခပ်များများမို့ပါပဲ။ (စကော့၊ ဟာဒီမင်၊ အထက်မြန်မာနဲ့ ရှမ်းနယ်များ ဂေဇက်၊ အပိုင်း ၁၊ အတွဲ ၅၊ ရန်ကုန်၊ အစိုးရပုံနှိပ်၊ ၁၉၀၀၊ စာမျက်နှာ ၁၅၅) ခပ်လွယ်လွယ်ပဲ။ ဓနု၊ ဓနော၊ ကဒူး၊ ယော၊ တောင်ရိုး၊ အင်းသား၊ တောင်သူဆိုတာတွေကို ရောနှောတဲ့ အမျိုးတွေ လို့ အင်္ဂလိပ်က မှတ်ထားကြပါတယ်။ (**အထက်မြန်မာနဲ့ ရှမ်း၊** ၁၊၁၊၄၈၁)

တောင်သူတွေ သူတို့ဘာသာခေါ်တဲ့ နာမည်က ပအိုဝ်ဖြစ်တယ်။ သူတို့နဲ့ တူလေမလားလို့ ထင်ရတဲ့တောင်ရိုးက စကားပြောတော့ မြန်မာပုံစံ အတော်နီးစပ်တယ်။ ဓနုနဲ့ပိုပြီး ဆက်သွယ်တယ်ဆိုရမယ်။ မြေလတ်မှာ လူဦးရေထက်ဝက်ဟာ တောင်သူဖြစ်တယ်။ သထုံ တစ်နယ်လုံး သူတို့ပါပဲ။ ဒါကြောင့် မြို့စားလဲ တောင်သူပဲပေါ့။ တကယ်က ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ အနောက်ခြမ်းမှာသူတို့များ တယ်။ မြောက်ဘက်မှာလဲ မနေဘူး။ သံလွင်ရှေ့ဘက်ကမ်းမှာလဲ မနေဘူး။ ထိုင်းနိုင်ငံဘက်ကျတော့လဲ ရှိပြန်တယ်။ တောင်ရိုးက မြေလတ်တောင်ပိုင်းကလွဲရင် တခြားမှာ မတွေ့ရသလောက်ပါပဲ။ အနေများတာကတော့ သာမိုင်းခန်း၊ ဘောနင်းနဲ့ကျောက်တက်နယ် တွေမှာဖြစ်တယ်။ အဝတ်ဝတ်ပုံမှာတော့ တောင်သူရော တောင်ရိုးပါ ရှမ်းဘောင်းဘီဝတ်ကြတယ်။ တောင်သူနဲ့ သထုံဆက်တယ်ပို့လဲ

www.burmeseclassic.com



ပုံပြင်ကို ပြောစမှတ်ပြုကြတယ်။ သူတို့ပုံပြင်ကလဲ စိတ်ဝင်စားစရာပါပဲ။

သထုံပြည် မနူဟာမင်းက စပြောတယ်။ ဗုဒ္ဓသာသနာထွန်းကားတယ်။ ပုဂံဘုရင်က ပိဋကအတောင်းလွှတ်တာ မပေးဘူး။ စစ်ဖြစ်ကြတော့ သူတို့ တောင်သူဘုရင် မနူဟာရှုံးတယ်။ ဒီအခါ မနူဟာရဲ့ တောင်သူပရိသတ် တစ်ချို့ဟာ မြေလတ်ကိုပြေးလာကြပြီး မြို့တည်တယ်။ သထုံလို့ပဲ နာမည်မှည့်တယ်။ (စကော့၊ ဟာဒီမင်၊ အထက်မြန်မာနဲ့ ရှမ်း ၁၊၁၊၅၅၅) တောင်သူတွေက စာရေးနည်းတီထွင်ပြီး ရှိကြတယ်။ ဒါပေမယ့် ဖတ်တတ်တဲ့လူ သိပ်နည်းတယ်။

မြေလတ်ကို အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ငွေခွန်မှူးဖြစ်တယ်။ ကသာဘက်ကအခွန်ကို ရွှေနဲ့ပေးရတဲ့ ရွှေမှူးလို သူက အခွန်ကို ရွှေနဲ့ပဲပေးရတယ်။ မြေလတ်ဘက်မှာက မြန်မာ ရှင်ဘုရင်ကို အခွန်ပေးဆက်ရမယ်ဆိုတာ ခရစ် ၁၇၅၅ ထက် စောမယ်မထင်ဘူး။ အရင်ကတော့ ကိုယ့်နယ်နဲ့ ကိုယ့်အကြီးကဲပဲရှိတယ်။ အလောင်းမင်းတရားနိုင်ငံတော် တည်ထောင်တော့မှ စော်ဘွားမြို့စား ငွေခွန်မှူးတွေ နယ်မြေအပိုင်စား ကန့်သတ်ပြီး နှစ်ကြေး အခွန်တောင်းခံလာတယ်လို့ အကြမ်းသိရပါတယ်။ အုပ်ချုပ်ရေးမှာ မြန်မာအရာရှိဖြစ်တဲ့ မိုးနဲ ဗိုလ်မှူးအောက်ဖြစ်တယ်။ ဗိုလ်မှူးမှာ လက်ထောက်အဖြစ်နဲ့ စစ်ကဲနှစ်ဦး ရှိတယ်။ နာခံကြီး ၂၊ ဗိုလ်စာရေး ၂၊ အဝေးရောက်သံတော်ဆင့် သံတော်ခံဆိုတဲ့ ရုံးအမှုထမ်းတွေလဲပါတယ်။ တပ်သားကတော့ တလောင်လို့ပဲ ဆိုပါတယ်။



မင်းတုန်းမင်း ဘထွေးတော်တစ်ဦး ဖြစ်တဲ့ ဦးရန်ပြေက ၁၈၅၇ မှာ မိုးနဲကိုရောက်လာပြီး ရှမ်းအကြီးအကဲ အားလုံးကို ခေါ်တွေ့တယ်။ အခွန်ထမ်းကိစ္စတွေ ဆွေးနွေးတယ်။ ဒီပုဂ္ဂိုလ်က မြေလတ်တစ်နယ်တည်းကလဲ ငွေတော်ပိဿာ ၇၆၀ ပေးရမယ်လို့ ဆိုတယ်။ အဲဒီအချိန်က ငွေဒင်္ဂါးမသုံးသေးဘူး။ အပြန်အလှန် ညှိနှိုင်းပြီး ငွေတော် (ခရမ့်) ၅၆၀ ပိဿာပေးပါမယ်လို့ အာမခံလိုက်ရတယ်။ ဦးရန်ပြေပြန်သွားပြီး ဒီအခွန်ကိစ္စဖြစ်မြောက်အောင် မြန်မာဝန်တစ်ဦးကို မြေလတ်အင်းဘိမ်မှာ ရုံးစိုက်ဖို့လွှတ်တယ်။ တပ်တစ်တပ်လဲ ကရင်နီကိုထိန်းဖို့ ၁၈၄၄ ကပဲ မိုးဗြဲအနားက ပဲကုန်း (ဘုရားကုန်း)မှာ လာစွဲတာရှိတယ်။ ပထမမြေလတ်ဝန်ဟာ ဦးဘွားဖြစ်လာတယ်။ ပဲကုန်းတပ်နဲ့ မဝေးလှလို့ ဝန်နဲ့အတူ သီးခြားတပ်အစောင့်အရှောက် ပါမလာဘူး၊ သူအုပ်ချုပ်ရတဲ့ မြေလတ်ဆိုတာ လက်သက်၊ ဟိုးပုံ၊ ဟဲလုံ၊ နမ်ခေါက်၊ နောက်ဝိုင်း၊ ဗန်းပြင်နဲ့ သထုံဆိုတာတွေ ပါဝင်တဲ့ နယ်မြေဖြစ်တယ်။ ဦးဘွားရောက်ပြီးနောက် တစ်နှစ်မှာ ပေကုန်းက ဗိုလ်မှူးအရာကျတယ်။ ဒီတော့ တပ်ကို မြေလတ်ဝန်ကပဲ ကြီးကြပ်ရတယ်။ မိုးဗြဲ၊ စကား၊ ပုံမှ၊ တဗက်၊ လမိုင်းနယ်တွေကို အုပ်ချုပ်ဖို့ မိုးနဲဗိုလ်မှူးကို မအပ်ဘဲ မြေလတ်ဝန် လက်အောက်မှာ တိုးချဲ့ပူးပေါင်းအပ်ထားခဲ့တယ်။ မြေလတ်ဝန်ရဲ့ဟာလဲ ကြီးမားလာတယ်။ မိုးနဲရုံးလိုပဲ မန္တလေးက လွှတ်တော်နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး အုပ်ချုပ်ရတယ်။ လွှတ်တော်က အတိအကျမစေခိုင်းဘဲနဲ့ ဝန်ကပြည်နယ် အရေးအခင်းမှာ ဘာတစ်ခုမှ ဝင်မစွက်ရဘူး၊ အခွန်တော်လဲ မကောက်ရဘူး၊ နယ်ရှင်ကပဲ ကောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



*သတ်မှတ်ထားသလောက် ငွေတိုက်တော်ကို သွင်းရတယ်။ ရာဇဝတ်မှုကို* ဝန်ကစီရင်တယ်။ နယ်တစ်နယ်နဲ့တစ်နယ် အချင်း ဖြစ်ပွားရင် ဝန်က စီရင်တယ်၊ စော်ဘွားမြို့စားက အစမြို့အုပ်ရွာ အုပ်အထိဝန်က မခန့်နိုင်ဘူး။ အရေးတကြီးလိုအပ်တဲ့ အခါတွေမှာပဲ ယာယီခန့်ထားပြီး လွှတ်တော်ကိုဘယ်သူ့ဘယ်ဝါ ခန့်ထား လိုက်တယ်လို့ အစီရင်ခံရတယ်။ အစီရင်ခံနိုင်အောင်တော့ စုံစမ်း ထောက်လှမ်းနိုင်တယ်။ ဝန်ဦးတိုး လက်ထက် ၁၈၆၉ မှာ မြေလတ်ဝန် ရာထူးကို စစ်ကဲတော်ကြီး အဆင့် မြှင့်တင်ပေးတဲ့အတွက် အာဏာ အခွင့်အရေးပိုလာပြန်တယ်။ လက်အောက်စစ်ကဲ နှစ်၊ နာခံကြီးနှစ် ဗိုလ်စာရေးနှစ်ရတယ်။ ရိက္ခာတော် အနေနဲ့ စစ်ကဲတော်ကြီးက တစ်နှစ် ငွေ ၃၆၀၀၊ စစ်ကဲ ၁၂၀၀၊ ပေကုန်း ဗိုလ်လဲ ၁၂၀၀၊ နာခံကြီး ၆၀၀ ရကြတယ်။

မြေလတ်လိုအရပ်၊ ပြင်ဦးလွင်(မေမြို့)လိုအရပ်၊ မိုးကုတ်လို အရပ်တွေက အခွန်နှစ်ကြေး ဆက်တဲ့အခါ ငွေသားကို ပိဿာနဲ့ ချိန်ပြီးပေးဆက်တာ မဟုတ်ဘူး။ ငွေပန်းခိုင်လုပ်ပြီး ဆက်သတာ ဖြစ်တယ်။ ပဒုံမင်းလက်ထက်ရောက်တော့မှ ငွေချိန်ပိဿာ ဘယ်လောက်ပေးရမယ်လို့။ သတ်မှတ်လာတယ်။ မင်းတုန်းမင်းက ၁၈၆၅မှာ သဿမေဓ အခွန်ကို စကောက်တယ်။ ဒေါင်းဒင်္ဂါးရယ်လို့ မပေါ်မီကငွေသုံးကျပ်၊ နှောက်လေးကျပ်၊ ဒင်္ဂါးပေါ်တော့တစ်အိမ် ရှစ်ကျပ်ဖြစ်လာတယ်။ အဲဒီကတစ်ခါ တစ်အိမ်ထောင် ငွေတစ်ဆယ် ဖြစ်ပြန်တယ်။ မန္တလေးအခွန်ဝန်ကခန့်တဲ့ အိမ်ခြေ ဂရို့ချုံးဆိုတဲ့



အရာရှိက တစ်ခါတစ်ခါ မြေလတ်ကို ကိုယ်တိုင်ကိုယ်ကြွပ်လာပြီ ဒေသခံအရာရှိနဲ့ ပူးတွဲပြီး အခွန်ပေးဆက်ရမယ့် အိမ်စာရင်း ကောက်ရတယ်။ ဒီစာရင်းကို မြေလတ်ဝန်လက်ထဲ ပေးထားခဲ့ရတယ်။ မြေလတ်ဝန်က စာရင်းအရ နယ်ရှင်ဆီက ငွေတော်သိမ်းပြီး ငွေတိုက် သွင်းရမယ်ပေါ့။ အိမ်ခြေဂရို့ချုံးဟာ မြေလတ်လိုနေရာကို မကြာခဏ လာမယ်လဲမဟုတ်ဘူး။ ရှနိုင်သလောက် တံစိုးလက်ဆောင်ကို ကိုယ်တိုင်ယူပြီး သင့်သလို သတ်မှတ်တဲ့သဘော တွေ့ရပါတယ်။ အရာရှိအမှုထမ်းနဲ့ ဒုက္ခိတက အခွန်လွှတ်တော့ တရာမှာ အခွန်လွှတ်သူ တစ်ဆယ်နှုန်းလောက်ထားမယ်။ အမှန်းအဆပဲ သတ်မှတ်တာ ဖြစ်တယ်။ တိကျမှန်ကန်အောင် ဘယ်လိုလုပ်တယ်လို့ အထောက် အထားမတွေ့ပါဘူး။ အခွန်ကောက်တဲ့ လူကလဲ အပြစ်တင်လွှတ်ပြီး ကိုယ်ဖို့ ဘယ်လောက်များများ ကျန်အောင်လုပ်မလဲဆိုတာမျိုး ကို အမြဲကြံစည်နေပုံရပါတယ်။ ဘာပြုလို့လဲဆိုတော့ အမိန့်တော်နဲ့ မပြဌာန်းတဲ့ အိပ်ခွန်၊ ပုရပိုက်ခ၊ ကန့်ကူဆဲခ၊ စရိတ်ခ၊ လုပ်သားခ ဆိုတာမျိုးကို အိမ်ခြေနဲ့တွက်ပြီး သူ့အတွက်သီးသန့် တောင်းယူတယ်။ အဲဒါမပေးပြန်ရင် ငွေခွန်မှုကို အရာကချပြီး လွှတ်ပေါ်တာနေ တိုက်ရိုက်ရွာအုပ်ခန့်တယ်။ အိမ်ခြေဗိုလ်တောင် တိုက်ပေါ်ပြန်ရင်လဲ ရပ်ရွာနှစ်နာလွန်းလို့ တခက်ကြုံရတယ်။

ရာဇဝတ်မှုကို ငွေခွန်မှူးက စီရင်တယ်။ ဒါပေမယ့် အရေးကြီးတဲ့ အမှုကို မြေလတ်ဝန် စီရင်တယ်။ တရားမမှုမှာတော့ ငွေခွန်မှူး စီရင်ချက်ကို မြေလတ်ဝန်ဆီမှာ အယူခံနိုင်တယ်။ တစ်ခါတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ဝန်က မန္တလေးမှာပဲနေလို့ အမှုတွေကို မန္တလေးပို့ပေးရတာ ကြုံပါတယ်။ ဒီအခါသက်သေကိုပါ ခေါ်ယူတဲ့အလေ့မရှိဘူး၊ ငွေခွန်မှုးရဲ့ အစီရင်ခံစာနဲ့ တရားခံထွက်ချက်ကို နားထောင်ပြီး စီရင်လိုက်ပါပဲ။

နယ်ရှင်ကို နောက်လိုက်ဘယ်လောက်နဲ့ စစ်လိုက်တိုက်ပါလို့ ဆင့်ခေါ်တာလဲ ရှိဖူးပါတယ်။ ဟိုဘက်ဒီဘက် နယ်တစ်နယ်က စော်ဘွားသူပုန်ထတဲ့အခါ ခေါ်တယ်။ ထုံးစံကတော့ ဒီလို ချီတက်သွားလာဖို့ ရိက္ခာနဲ့ တပ်သားပစ္စည်းလက်နက် ခဲယမ်းဆိုတာ ကို နယ်ကပဲ ကုန်ကျခံရတယ်။ ဗဟိုအစိုးရကပေးတဲ့ သဘောနဲ့ တစ်နှစ်ထမ်းဆောင်ရမယ့် ငွေတော်ထဲက ဘယ်လောက်သုံးစေလို့ ခွင့်ပြုတာလဲ ရှိပါတယ်။ ဝန်တွေ၊ မင်းကြီးတွေ နယ်တစ်နယ်ကို လာရောက်တယ်၊ ဖြတ်သန်းသွားတယ်ဆိုရင် နယ်ကပဲ ကျွေးမွေး ဧည့်ခံရတယ်။ ဘယ်ပစ္စည်းမှ တန်ရာတန်ကြေးပေးပြီး ဝယ်ခြမ်း သုံးစွဲတယ်လို့ မရှိပါဘူး။

www.burmeseclassic.com




အခု ပင်းဒယဂူတွေမှာတွေ့နေရတဲ့ စေတီနဲ့ ကိုယ်စားတော်ရုပ်ပွားဆင်းတုတွေဟာ ပင်းဒယတစ်မြို့တည်း၊ ပင်းဒယတစ်နယ်တည်းရဲ့ ကုသိုလ်မဟုတ်ဘူး။ မြေလတ်တစ်ခွင်ရဲ့ ကုသိုလ်ဖြစ်တယ်လို့ဆိုရပါမယ်။ အဲဒီမြေလတ်ဆိုတာဟာ အင်္ဂလိပ်တွေ ရောက်လာပြီးစအချိန်ဖြစ်တဲ့ ၁၈၉၇ မှာ ရွာပေါင်း ၁၂၅၉ ရွာ၊ အိမ်ခြေပေါင်း ၁၀၇၂၉ အိမ်၊ လူဦးရေ ၁၀၇၅၆၀ ဖြစ်ပါတယ်။ ဒီအထဲမှာ အနည်းအများအလိုက် အုပ်စုဖွဲ့ပြီး တန်းစီကြည့်ရင် ဒီလိုတွေ့ပါတယ်။

| | |
|---|---|
| တောင်သူ | ၄၂၉၃၃ |
| ဓနု | ၂၉၇၀၃ |
| တောင်းရိုး | ၁၃၉၀၆ |
| ရှမ်း | ၆၅၂ |
| ကရင် | ၅၇၁၃ |
| မြန်မာ | ၃၄၉၈ |

ဒီလူတွေရဲ့ သဒ္ဓါကြည်ညိုစိတ်ကြောင့် ပေါ်လာတဲ့ ကုသိုလ်ကောင်းမှုရုပ်ပွားစေတီတွေ [illegible] တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၃

## သင်္ကြာရာဇ်ဖော်

ပင်းဒယဂူတွေဟာ ယျ ခြာက်တောင်မှာ သဘာဝပြစ်ပေါ် နေတာမို့ ဘူမိဗေဒသက်တမ်းနဲ့ပြောရင် အနှစ်သန်း ၂၀၀ က ရှိခဲ့ တယ်ပြောမယ်။ ကျောက် ခေတ် ဟောင်း နှောင်းကာလ အရင်နှစ် လေးသောင်းနဲ့ တစ်သောင်းကြားထဲမှာတုန်းက ဒီဂူတွေထဲမှာ လူဝင်နေမလားဆိုတာတော့ ရှေးဟောင်း သုတေသန တူးဖော်ခွင့်ရရင် သိနိုင်မယ်။ ဒါပေမယ့် ဂူပေါက်က အရှေ့ဘက်လှည့်နေတာဖြစ်လို့ လူနေချင်မှနေမယ်။ ကျောက်ခေတ်လူတွေက အပေါက်ထောင်ဘက်မှာ ရှိမှ နှစ်သက်တတ်တယ်။ အဲဒီလောက် ကျွာကျွာလှမ်းလှမ်း စဉ်းစားဖို့လဲ လိမ်ယ်မထင်ပါဘူး။ ဗုဒ္ဓသာသနာဝင်တွေရဲ့ ကိုးကွယ်ဖို့၊ ရှိခိုးပူဇော်ဖို့ ဌာနတစ်ခုအနေနဲ့ ဘယ်တုန်းက စသုံးလာခဲ့သလဲဆိုတာ သိဖို့လိုတယ်၊ ပုဂံခေတ်လား၊ ကုန်းဘောင်ခေတ်လား အင်းဝခေတ်လားလို့ရှာရမယ်၊



အဲဒါပြောနိုင်ဖို့ ဂူထဲဝင်ပြီး ဆင်းတုတွေထဲမှာ ရှေးအကျဆုံးလက်ရာကို ရှာဖို့ပါပဲ။ ကံကောင်းရင် ဘုရားဆင်းတုပလ္လင်မှာ ဘုရားပူဇော်တဲ့ရက်စွဲ၊ ဒကာနာမည်နဲ့ ဆုတောင်းပါနိုင်တယ်။ ကြေးခေါင်းလောင်းမှာလဲ စာရှိနိုင်ပါတယ်။ နံရံမှာလဲ စာရှိနိုင်တယ်။ စာကိုတွေ့ရင် ရက်စွဲမရှိပေမယ့် လက်ရေးကိုကြည့်ပြီး ရက်စွဲကို အမှန်းအဆလုပ်နိုင်စရာရှိတယ်။ အဲဒီလို ရည်ရွယ်ချက်နဲ့ ၁ ဇူလိုင် ၁၉၈၀ မှာ အမရပူရ တောင်လေးလုံ ဆရာတော်ဦးပညာ၊ သိန်းသန်းထွန်း၊ နေနွယ်၊ သိန်းတန်တို့အဖွဲ့နဲ့ သွားပြီး ဂူထဲဝင်ရှာကြပါတယ်။ ကံကောင်းချင်တော့ ရက်စွဲလဲပါတယ်။ ဂူထဲမှာ ရောက်နေတာကြာလွန်းလို့ တစ်စိတ်တစ်ပိုင်းဆွေးနေတဲ့ ဆင်းတုရှစ်ဆူ တွေ့ပါတယ်။ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ကြတယ်။ ရက်စွဲကူးတယ်။ နောက်တစ်နေရာမှာ သမိုင်းတန်ဖိုးရှိတဲ့ အနုပညာ သက်သေခံပစ္စည်းအဖြစ်နဲ့ ထပ်ပြီးဆွေးနွေးပါဦးမယ်။ အခုတော့ ရက်စွဲတွေပဲ ပြောကြရအောင်။ ရှေးအကျဆုံးကစပြီး ဖော်ပြပါမယ်။

### သစ်သားဆင်းတုတော် ပလ္လင်စာ

၁။ သက္ကရာဇ် ၁၁၃၄ ခု ပြာသိုလပြည့်ကျော် ၃ ရက်နေ့ပြီးသည် ရှင်ပင်စု သမီ ခင်ပွန်ကောင်းမှု

(၁၀ ဇန်နဝါရီ ၁၇၇၃)

(ဓာတ်ပုံ ၁ ကြည့်)

www.burmeseclassic.com

www.burmeseclassic.com



ပိန္နဲဆူဆံတော်နှင့် သစ်သားဆင်းတုတော် ပလ္လင်စာ

၂။ ၁။ သက္ကရာဇ် ၁၁၃၄ ခု တပို့တွဲလပြည့်နေ့တွင် ပြီးစီး အောင်မြင်သည်။

၂။ ဖြားဒါယကာမောင်ဦး၊ ၂ မရွှေလှ၊ သမီး မောင်နံ့ကောင်းမှု။
(၆ ဖေဖော်ဝါရီ ၇၇၃)
[ဓာတ်ပုံ ၂ ကြည့်]

သစ်သားဆင်းတုတော် ညာလက်တော် ဘူမိဖွဲ့မုဒြာ၊ ဗယ်လက်တော်က ဖဝါးကိုထုံးစံဖြန့်မထားဘဲ ယပ်လို အရိုးနဲ့ ပစ္စည်းတစ်ခုကို ဆုပ်ကိုင်ထားတဲ့ပုံမျိုး တွေ့ရတယ်။

၃။ သက္ကရာဇ် ၁၁၃၉ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်
(၃ နိုဝင်ဘာ ၁၇၇၇)
[ဓာတ်ပုံ ၃ ကြည့်]

သစ်သားဘိုသက္ကဂုရုပုံတော်စာ

၄။ သက္ကရာဇ် ၁၁၄၀ ပြည့် တပေါင်းလပြည့်ကျော် ၅ ရက်နေ့ ပြီးသည်။
(၅ မတ် ၁၇၇၉)



သစ်သားဘိုသက္ကဂုရုပုံတော်စာ

၅။ သက္ကရာဇ် ၁၁၅၀ ပြည့် တပေါင်းလပြည့်ကျော် ၄ ရက်
(၁၉ မတ် ၁၇၈၉)
[ဓာတ်ပုံ ၄ ကြည့်]

သစ်သားမင်းဝတ်ရုပ်ပွားတော်စာ

၆။ သက္ကရာဇ် ၁၁၅၆ ခု (ဘုရား) တကာ စာတိုက်တံကကာကိုင် ကျွတ်သို့ မောင်နံ့ ငေးမှု နိဗ္ဗူဆုသာခု။
(၁၇၉၄)
[ဓာတ်ပုံ ၅ ကြည့်]

သစ်သားကြာဖက်ဆောင်း ဖောင်မီရိုးပုံတော်စာ

၇။ ၁၁၇၁ နတ်တော်လဆန်း ၁ (၄)ရက် ၂ လာနေ့ ဘုရားဒါယကာ မောင်သင် စနည်မောင်နံ့ကောင်းမှု။
(၂၀ နိုဝင်ဘာ ၁၈၀၉)
[ဓာတ်ပုံ ၆ ကြည့်]

သစ်သားဆံတော် ပိန္နဲဆူးရုပ်ပွားတော်စာ

၈။ သက္ကရာဇ် ၁၁၇၄ ခု နတ်တော် (လဆုတ် ၄ ရက် ဘုရား ဒါယကာ (ကြင်) သို့မောင်နံ့ ကောင်းမှု နိဗ္ဗာန်။
(၂၂ ဒီဇင်ဘာ ၁၈၁၂)
[ဓာတ်ပုံ ၇ ကြည့်]

www.burmeseclassic.com

www.burmeseclassic.com



ရက်စွဲတွေထဲမှာ အစောဆုံးက ၁၀. ဇန်နဝါရီ ၁၇၇၃ ဖြစ်တယ်။ ကုန်းဘောင်ဆက် စဉ့်ကူးမင်းလက်ထက်ပါပဲ။ ဒါကြောင့် ဒီဂူကရုပ်ပွားတော်တွေဟာ ခရစ်နှစ် ၁၇၀၀ ထက်မစောဘူး။ အဲဒီအခါကမှ လှူဒါန်းပူဇော်ခဲ့တာတွေ ဖြစ်တယ်ဆိုရင် 'သိပ်မမှားနိုင်ဘူး' ထင်ပါတယ်။ မင်းဝတ်ဘုရား (ဓာတ်ပုံ ၈ ကြည့်)ရဲ့ အဆင်တန်ဆာကိုကြည့်ပြန်တော့လည်း ကုန်းဘောင်ခေတ်ဦးကိုပဲ ညွှန်းပါတယ်။ နောက်တစ်မျိုး ပြောရရင် ကုန်းဘောင်ခေတ်ထက်ပိုပြီး ရှေးမကျဘူး။ ပင်းဒယ ငွေခွန်မှူး မောင်နေထွန်း၊ သားမောင်အောင်ကျူ၊ သားမောင်မြစ်၊ သားမောင်ပြည့်စမ်းတို့ခေတ်က ဖြစ်တယ်လို့ ဆိုရမယ် ထင်တယ်။

ကြီးကြီးစားစား ဖတ်လို့ ပေါ်ထွက်လာတဲ့ ဂူအဝင်ဝက ခေါင်းလောင်းစာကိုလဲ တစ်ပါတည်း ဖော်ပြပါရစေ။

### ပင်းဒယရွှေဥမင် လိုဏ်ဂူအဝင်ဝက ခေါင်းလောင်းစာ

၁။ ယောဇိနော၊ အကြွင်မြတ်စွာဘုရားသည်။ ပါရမိယော၊ အမျှသုံးစယ်သော ပါရမီတိုင်တိုင်။ ပူရေတွာန၊ ဖြည့်တော်မူပြီး၍။ ဥတ္တမံ၊ မြတ်သော။ သမ္မောဓိ ၊ သဗ္ဗညုဘုရားအဖြစ်သို့၀်။ ပတ္တော၊ ရောက်တော်မူလေပြီ။ တဿဇိနဿ၊ ထိုမြတ်စွာဘုရား၏။ အဋ္ဌာရိယ----ရှစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သော ----- သာသနာတော်သည်။ နှစ်ထောင်



၂။ သုံးရာရှစ်ဆယ့်ခြောက်ခု တိုင်----ရောက်လတ်သော်၊ သက္ကရာဇေ၊ လူတို့ခေါ်ရာသည်လည်း၊ တည်ခပ္ပမိ* တစ်ထောင်နှစ်ရာလေးခု (ခရစ်နှစ် ၁၈၄၂)ဟု။ သညိတော၊ (သ) မှတ်အပ်သည်ရှိသော်။ ကမ္ဘောဇရဋ္ဌေ၊ ကမ္ဘောဇတိုင်း၌။ ပတြ-ဘီး ပင်တယဟူ၍။ သုတိတော၊ အလွန်ကျော်စောထင်ရှားသော။ နယ္ယာ နိဂါမော၊ အကြွင်နိဂုံးရွာကြီးသည်။ အတ္ထိ၊ ရှိ၏။ တဿနိဂါမဿ၊ ထိုရွာကြီး၏။ ဥတ္တရ

၃။ ဒိသတော၊ မြောက်ရပ်--အဖို့၌။ ဌတော၊ တည်ထသော။ မဟာစေတိ--မဟာစေတီပုထိုး၊ လှူစိုးဥမင်၊ ရှင်ပင်ပေါင်းလဲစသည်တို့ဖြင့်။ သုဘော၊ တင့်တယ်စွာ ထသော။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်လည်းရှိထသော။ အာဝါသေ၊ ကျောင်းတော်၌။ ဝဿံဝသန္တော၊ နေထသော။ ကဝိသာရ နာမကော၊ ကဝိသာရအမည်ရှိသော။ ထေရော၊ မထေရ်သည်။ စတု

---

* ခေါင်းလောင်းစာတွင် ဤသို့တွေ့ရသော်လည်း ပါဠိ အရေးအသားအားဖြင့် 'ဘဒ္ဒကပ္ပမှိ'ဟု ရှိသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ပါရိသုဒ္ဓိသီလံ၊ လေးပါးသော ပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်––မရောင်သည် ဖြစ်၍သာလျှင်။ အဟံ ငါသည်။ ဣဒါနိ၊ ယခု။ သဒ္ဓါနံ၊ အသံ(တည်း)ဟူသော အလှူကို။ ဒသမိ၊ ပေးလှူဦးအံ့။ ဣတိကတွာ၊ ဤသို့ အသင့်နှလုံးသွင်း၍။ ရဇတဒ္ဓါရေန၊ ငွေခွန်းမှူးနှင့်။ သဟ၊ တကွ။ မဏ္ဍေတွာ၊ တိုင်ပင်နှီးနှော၍။ မဟာဇနေဓ၊ ပြည်သူအပေါင်းတို့ ကိုဝ်လည်း။ ဟိတွာ

၅။ ညီညွတ်တိုင်ပင်၍။ မဟာဂဏ္ဍီ၊ ကြီးစွာသော ခေါင်းလောင်းကို။ –––ကရာ၊ သွန်းလုပ်စေ၏။ ဣမိနာသဒ္ဓါနေနစ၊ သံလှူသော အလှူကို လှူရသော ကောင်းမှုကြောင့် လည်းကောင်း။ အညေန၊ တစ်ပါးသော။ ကုသလေန၊ ကုသိုဝ်ကောင်းမှုကြောင့် လည်းကောင်း။ သုခိ၊ ကိုဝ်စိတ်နှစ်ပါး ချမ်းသာလေအောင်။ သမ္ပတ္တိတော၊ စည်းစိမ်တို့နှင့် ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ အညေ

၆။ တပါး (သူ) တို့ကိုလည်း။ သုခိ၊ ကိုဝ်စိတ်နှစ်ပါး ချမ်းသာလေအောင်။ သမ္ပတ္တိတော၊ စည်းစိမ်တို့နှင့် ပြည့်လေအောင်။ ကာတုံ၊ ရွက်ဆောင်ခြင်းငှာ။ ဖတော၊ စွမ်းနိုင်ရှလိုဝ်၏။ အန္တေ၊ အဆုံးစွန်သော ဘဝ၌။ သီဝံ၊ မီးခပ်သိမ်တို့၏



ငြိမ်းရာဖြစ်သော နိဗ္ဗာန်သိုဝ်။ ဂတော၊ ရောရှလိုဝ်၏။ ဓမေ၊ ငါ၏။ ပုညံ၊ ကောင်းမှုကိုဝ်။ ပါဏိနော၊ ဘုံသုံးပါး၌ ကျင်လည်ကုန်သော ခပ်သိမ်း။

၇။ သော သတ္တဝါအပေါင်းကိုလည်း။ လာဘန္တု ရသည် ဖြစ်သတည်း။
ကြေးချိန် ၄ ရာ။

ဒီခေါင်းလောင်းစာကို ဖတ်ဖို့မလွယ်ပါ။ ချိတ်ဆွဲထားတဲ့ နေရာက ကျဉ်းလို့ လူတစ်ယောက်ဝင်ပြီး လှည့်ပတ်ဖို့ခက်တဲ့အပြင် ခေါင်းလောင်းကို ထုံးမွတ်ထားလို့ အက္ခရာတွေ မှေးမှိန်နေတာလဲ တွေ့ရတယ်။ ဆုရားဖူးတွေ အထုအရိုက်များတဲ့အတွက်လဲ ပျက်ကုန်တယ်။ အမရတောင်လေးလုံးဆရာ ဦးပညာဇောတ လုံ့လကြောင့် တစ်နေရာမှာ နည်းနည်းစီ ခုနှစ်နေရာ ဖတ်မရတာက လွဲလို့ စာတွေအားလုံး ရေးကူးလို့ရပါတယ်။ ဖတ်မရတဲ့နေရာ နည်းနည်းရှိပေမယ့် လိုရင်းအဓိပ္ပာယ်ပျောက်အောင် မထိခိုက်ပါဘူး။ ခေါင်းလောင်းကြီး ရက်စွဲက သာသနာနှစ် ၂၃၈၆ သက္ကရာဇ် ၈၂၀၄ ခရစ်နှစ် ၁၈၄၂ လို့ သိရတယ်။ ခေါင်းလောင်းဖြစ်အောင် ဆော်ဩတဲ့ ဆရာဘုန်းကြီးက ဦးကဝိသာရဆိုတဲ့ ပင်းဒယ ရွှေဥမင်ကျောင်း ဆရာပြစ်တယ်။ ပြည်သူအများရဲ့ ကုသိုလ်လဲပါတယ်။ ငွေခွန်းမှူးလဲ

www.burmeseclassic.com



ပါတယ်။ အဲဒီအခါက ပင်းဒယအုပ်ချုပ်သူက မောင်ရွှေမင်း (၁၈၁၉–၄၃)ဖြစ်လို့ ဒီပုဂ္ဂိုလ်ပဲ ဖြစ်မယ် ထင်ပါတယ်။

နောက်ပိုင်း ပင်းဒယဂူစေတီနဲ့ ဘုရားဆင်းတုတွေကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကတော့ ငှက်ပျောတောကျောင်း ဦးဇာဂရပဲ ဖြစ်ပါတယ်။ ငွေခွန်မှူး ခွန်စွန်သို့ ဒီဆရာတော်က မန္တလေးဦးခန္တီကို ဖိတ်ခေါ်ပြီး စောင်းတန်းတွေ၊ တန်ဆောင်းတွေ လုပ်ခိုင်းတယ်လို့ သိရတယ်။ ငှက်ပျောတောကျောင်းဟောင်းက နံရံစာမှာ ရက်စွဲပါတယ်။ နံရံစာက–

၁။ ကျောင်းတဟာ ဦးမုံးကုသိုလ်တော်
၂။ ၁၃၊ ၉ (စက်တင်ဘာ) ၁၉၂၆
၃။ ၇၆ (တော်သလင်း) ၁၂၈၇

ဆရာတော် ဦးဇာဂရ ဓာတ်ပုံလဲတွေ့ခဲ့ရပါတယ်။ ဓာတ်ပုံအောက်က စာတန်းက (ဇာဂရာဘိသိရီဓေသဒ္ဓမ္မရာဇဂုရုဘွဲ့ခံ ငှက်ပျောတောကျောင်း ဆရာတော်၏ ပုံ) ဖြစ်ပါတယ်။ (ဓာတ်ပုံ ၉ ကြည့်) ဒီဆရာတော်ရဲ့ ခေါင်းလောင်းစာက–



### ငှက်ပျောတောကျောင်း
### ခေါင်းလောင်းစာ

၁။ ငှက်ပျောတောကျောင်း ဂိုဏ်းအုပ်ဆရာတော် ဇာဂရာဘိ သိရိဓေ

၂။ သဒ္ဓမ္မဝံသဓ၊ယက ရာဇဓိရာဇဂုရု ဆရာတော် ဘုန်းတော်ကြီး

၃။ စီရံတီ၌တုမဟာဃဏ္ဍော၊ မဟာဃဏ္ဍော၊ ကြီးစွာသော

၄။ ခေါင်းလောင်းသည်။ စီရံ၊ ရှင်မြင့်စွာသော။ အနာဝတံ၊

၅။ သာသနာတော်ကို ၂၅၂၈ ခု ကာလပတ်လုံး။ တိ၌တာ၊ တည်ပါစေသတည်း။

၆။ တွဲနော်သံဒေါ၊ တွဲ၊ ရှင်တော်ဘုရားသည်။ နော၊ အကျွန်ုပ်

၇။ တို့အား။ ဟံပော့ (ဝဟာ) ချမ်းသာမင်္ဂလာ အပေါင်းကို ဒေါ၊ မှ

၈။ ကြာခဏ ပေးတော်မူပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဘုရားရှင် သာသနာတော် အတိတ်သက္ကရာဇ် ၂၄၇၂ ခု ရောက်သောအခါ ပင်းတုရမြို့

၂။ ငှက်ပျော်တောကျောင်း၊ ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးနှင့် တကွ၊ အများရှင်လူ ဒါယကာ၊

၃။ ကြီးငယ်တစ်စုတို့က ကြက်သရေအပေါင်းတို့၏ စုဝေးရာ ဖြစ်သော ကျောင်းတော်ကြီးစေတီ

၄။ တော်မြတ်ကို၊ ပူဇော်သက္ကာရပြုခြင်းငှာ၊ ရောက်ပြီးရောက်ဆဲ ရောက်လတ္တံ့ကုန်သော။

၅။ သူတို့အား၊ မိမိရသော ကုသိုလ်၏အဖို့ကို သူတစ်ပါးတို့အား၊ အမျှပေးဝေခြင်း၊ သူတစ်ပါး

၆။ တို့ပြုသော ကုသိုလ်၏ အဖို့ကို၊ သာဓု အနု မောဒနာခေါ်ခြင်း၊ ဤပုည ကြိယာနှစ်ပါးနှင့်တကွ

၇။ လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးပြီးခြင်းငှာ ဂိုဏ်းအုပ် ဆရာတော် သဘောတော်အ

၈။ တိုင်း၊ ရေဖြူကျောင်းသစ် ဘုန်းတော်ကြီး ဦးကေသရနှင့် ဖရက္ကာနှစ်တို့က၊ ကြပ်မကြည့်

၉။ ရှုစီမံ၍ သွန်းလုပ်အပ်သော၊ ဖရောင်းချိန်ပိဿာ ၂၈၊ ၂၅ ကျပ်ကျော်၊ ကြေးပိဿာချိန် ၁၇၀ ကျော်ရှိ

၁၀။ (ခေါင်း)လောင်းတော်ကြီးသည် ကောင်းစွာ သက္ကရာဇ် ၁၂၉၀ ပြည့် နယုန်လဆုတ် ၄ ရက် (၆ ဇွန် ၁၉၂၈) ၃ နာရီချိန်တွင်



၁၁။ အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံစွာ အန္တရာယ်မရှိ အပြီးသို့ ရောက်သကဲ့သို့၊ ခပ်သိမ်းသော သက်ရှိ သတ္တဝါ ရဟန်းရှင်လူ အပေါင်းတို့အား

၁၂။ အမျှ ---- သတည်း။

ခေါင်းလောင်းသွန်းလုပ်တဲ့ အချိန်ကာလအတွင်းလောက်မှာ ဒီဆရာတော်ဟာ ပင်းဒယနယ်မှာ တန်ခိုးဩဇာ အကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်မယ်လို့ ယူဆနိုင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ဒီဆရာတော်ကို နယ်သံဃာ့ အကြီးအကဲဖြစ်တဲ့ ဂိုဏ်းချုပ်ခန့်တဲ့ မှတ်တမ်းတွေတွေ့ရလို့ ဖြစ်ပါတယ်။ မှတ်တမ်းတွေကို ရေးကူး ဖော်ပြလိုက်ပါတယ်။

### ပင်းတယမြို့

ပေါက်တောကျောင်း၊ ကေလာသာရ သီရိဇမ္မ သေနာပတိ ရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသို့

### ပင်းတယမြို့

နယ်ရှင်သာသနဒါယကာ ငွေခွန်တော်မှူးမင်း ခွန်စွန်ညို ကပ်လှူသည့် အမိန့်တော် စာနံပါတ် ၁၉

၁၂၈၉ ခု နယုန်လဆန်း ၁၅ ရက်နေ့

၁၉၂၇ ခု ဇွန်လ ၁၄ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတပည့်တော် သာသနာဒါယကာ ငွေခွန်တော်မှူး မင်းခွန်စွန်ညို ရှိသေလေးမြတ်စွာ ရှိခိုးလျှောက်ထားဝံ့ပါသည် ဘုရား။ မြန်မာနိုင်ငံတော် အထက်ပိုင်းတွင် ရဟန်းသံဃာတော်တို့နှင့် ဆိုင်သည့် မှုခင်းကိစ္စများကို သံဃသဿရ၊ သံဃသာမိ၊ သံဃနာထ ဖြစ်တော်မူသော၊ သာသနာပိုင် ဆရာတော်ဘုရားကြီးက ရှေးပဝေသဏီ ထုံးစံနှင့်အညီ စီရင်စောင့်ရှောက်ရမြဲ ဖြစ်သည်နှင့် လျော်ညီစွာ မြန်မာ ဘုရင်မင်းမြတ် ရှိစဉ်က တောင်တော် ဆရာတော်ကြီးကို သာသနာပိုင် ခန့်အပ်တော်မူသကဲ့သို့ မြန်မာနိုင်ငံတော်ကို အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းမြတ် (ဆာဟပ်ယူဘာန့်)က တောင်ခွင်ဆရာတော်အဖြစ်ဖြင့် (၁၃ နိုဝင်ဘာ ၁၉၀၃) အသိအမှတ်ပြုတော်မူခြင်းကို အကိုးအကားပြုလျက် ၁၂၈၉ ခု၊ နယုန်းလဆန်း ၁၅ ရက်နေ့တွင် ပင်းတယနယ်ဆိုင်ရာ သာသနဒါယကာ ငွေခွန်တော်မှူးမင်းခွန်စွန်ညိုက၊ ပင်းတယမြို့ ပေါက်တောကျောင်း ကေလာသာရ သီရိမဇ ဓမ္မသေနာပတိ ရာဇဂုရုဆရာတော်ဘုရားကြီးသို့ ဂဏာစရိယ ဂဏပါမောက္ခ၊ သံဃာတို့အချုပ်ဂိုဏ်းအုပ် ချီးမြှင့်လှူဒါန်းခြင်းပြုပါကြောင်း။

ကဲ့သို့ လှူဒါန်းခြင်းကို နယ်တွင်းရှိ သံဃာတော်ဆရာတော်တို့က သိရှိကြ၍ သာသနာတော်မှု၊ ဝန်များကို ဝိနည်းဓမ္မကံကြောင်းအရ ဖြစ်စေ၊ အခြား နည်းအရဖြစ်စေ စီရင် ဆောင်ရွက်တော်မူရာတွင် တရားမ၊ ရာဇဝတ် ဥပဒေများနှင့် ဘီလာပြုလုပ်ခွင့် အာဏာများကို



လှူဒါန်းအပ်နှင်းသည် မဟုတ်ပါ။ ပင်းတယနယ်တွင်းရှိ သာသနာတော်ထိမ်း ရဟန်းသံဃာတော်တို့ကို ကြည့်ကြပ်စောင့်ရှောက် စီရင်အုပ်ချုပ်ခြင်း၊ ဝိနည်းဒေသနာတော်နှင့် မညီသည့်အရာများကို ညီညွတ်အောင် ပြုတ်ဆုံးမခြင်းနှင့် စပ်သည့် အမှုအခင်းကိစ္စများတွင် ဂုဏ်သရီယပိုင် ပုဂ္ဂိုလ်ဖြစ်တော်မူကြောင်း သာသနဒါယကာ ငွေခွန်တော်မှူးမင်း ခွန်စွန်ညိုက အသိအမှတ်ပြုလျက် ယုံကြည်အားထားပါ၍ သံဃာတော်တို့ ရှေ့တော်တွင် ကပ်လှူပါကြောင်း။ ကေလာသာရ သီရိခဇဓမ္မ သေနာပတိရာဇဂုရု ဂိုဏ်းအုပ်ဆရာတော်ကြီးက စီရင်ဆောင်ရွက်ပိုင်သည့် သံဃမှုခင်းကိစ္စနှင့်စပ်၍ ထုတ်ပြန်သည့် အမိန့်တော်များကို တကာတော်၏ ရုံးဆိုင်ရာ စီရင်စု နယ်အတွင်း အတည်ပြုလုပ်မည်ဖြစ်ပါကြောင်း။ ဂိုဏ်းအုပ်ဆရာတော် ဘုရားကြီးသည် မြို့နယ်သာယာငြိမ်းချမ်းစေခြင်း၊ ပညာဗဟုသုတနှင့် ပရိယတ္တိသာသနာတော်ကို တိုးပွားစေခြင်းမှာ အထူးအားထုတ် ဆောင်ရွက်တော်မူသည်ကိုလည်း သာသနဒါယကာ ငွေခွန်မှူး မင်းခွန်တော်မှူးမင်းခွန်စွန်ညိုက ယုံကြည်အားထားလျက်ရှိပါကြောင်း။ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးတို့ စီရင်ပိုင်သည့် မှုခင်းကိစ္စများကို စီရင်ဆောင်ရွက်တော်မူရာနှိုက် အထိမ်းအမှတ် ပြုတော်မူရန် ကေလာသာရ သီရိဓဇဓမ္မသေနာပတိ ရာဇဂုရုဟူသော တံဆိပ်တော်ကိုလည်း ကပ်လှူပါကြောင်း။ ဂိုဏ်းထောက်ဆရာတော်များ တံဆိပ်တော်ကိုလည်း ဂိုဏ်းအုပ်ဆရာတော်ကြီးက ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်ကို လှူဒါန်းမည်ဟု မျှော်လင့်လျက်ရှိပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကပ်လှူသည့် စည်းကမ်းချက်အတိုင်း မလိုက်နာနိုင်၍ ပျက်ကွက်ပါမူ လှူဒါန်းသည့် အမိန့်တော်စာနှင့် တံဆိပ်တော်ကိုလည်း နိုင်ငံတော်ဆိုင်ရာက အသျှင်အစိုးရမင်းတို့ ဥပဒေစည်းကမ်း အရပ်ရပ်တို့ကို အထောက်အထား အကိုးအကားပြု၍ ပယ်ဖျက်နုတ်သိမ်းလိမ့်မည် ဖြစ်ကြောင်း။

ဤကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကို ချီးမြှင့်ထောက်ပံ့ရသည့် အကျိုးကြောင့် ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံတော့တု တဏှက္ခယံ ဝဟံဟောတု နိဗ္ဗာနပစ္စယော ဟောတု။

**ငွေခွံနှံတော်မှူးမင်း**

ပင်းတယမြို့ ကေလာသာရ သီရိစေ့ဓမ္မသေနနာပတိ ရာဇဂုရု တံဆိပ် နာမံတော်ရှိသော ပေါက်တောဂိုဏ်းအုပ် ဆရာတော် ဘုရားကြီးက ငှက်ပျောတောကျောင်း ဘုန်းတော်ကြီး ဓာဂရာဘိ သီရိဓဇသဒ္ဓမ္မရာဇဂုရု တံဆိပ်နာမံတော်ရဆရာတော်သို့ လွှဲအပ်တော်မူသော အမိန့်တော်စာ။

၁၂၈၉ ခု, နယုန်လဆန်း ၁၅ ရက်၊ ၁၉၂၇ ခု, ဇွန်လ ၁၄ ရက်နေ့ ငှက်ပျောတောကျောင်း ဆရာတော်သည် မြန်မာနိုင်ငံတော်ဆိုင်ရာ ပညာမင်းကြီး (ကာပင်တန်) သခင်ကြီးရုံးတော်မှ ၁၉၁၁



ခု ဒီဇင်ဘာလ ၁၈ ရက်နေ့စွဲနှင့် စာနံပါတ် ၁၈၅၉ အရ အိန္ဒိယပြည်ဒေလီမြို့တော်တွင် ရာဇာဘိသေက မင်္ဂလာဒါဘာမင်းပွဲသဘင် ဆင်ယင်ကျင်းပတော်မူသည်ကို အကြောင်းပြုလျက် ရှင်းပြည်ဒက္ခိဏာဆိုင်ရာ ငှက်ပျောတောဘုန်းတော်ကြီး ဓာဂရာဘိ သီရိဓဇသဒ္ဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသည် သိက္ခာကာမဂုဏ်နှင့် အထူးပြည့်စုံသည့်ပြင် သာသနာရေး သာသနာမှုဆက်ဆံပေါင်းသင်းမှု အရပ်ရပ်တွင် ပင်းတယမြို့ရှိ ပြည်သူဆင်းရဲသားအပေါင်းတို့ အားကိုးအားထားဖြစ်သော ပုဂ္ဂိုလ်ဖြစ်သည်ကို မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းမြတ် အားရနှစ်သက်တော်မူ၍ ငှက်ပျောတောကျောင်းဆရာတော်သို့ ၁၉၁၁ ခု ဒီဇင်ဘာလ ၁၂ ရက်နေ့က ပိုးသက်န်းတစုံနှင့် လက်မှတ်တစ်စောင် ပေးအပ်လှူဒါန်းတော်မူကြောင်းကို ဝမ်းမြောက်သဖြင့် ယခုအခါတွင် ပေါက်တောကျောင်း ဂိုဏ်းအုပ်ဆရာတော် ဘုရားကြီးသည် အသက်အရွယ် အိုမင်းမစွမ်းရှိနေသည်ဖြစ်၍ မိမိကိုယ်စား သံဃာတော်၏ အချုပ်ဂိုဏ်းအုပ် ဆရာတော်ဝတ္တရားကို ဓာဂရာဘိ သီရိဓဇသဒ္ဓမ္မ ရာဇဂုရု ငှက်ပျောတောဆရာတော်သို့ လွှဲအပ်ခန့်ထားလိုက်ကြောင်း။

ကေလာသာရသီရိစေ့ဓမ္မသေနာပတိ ရာဇဂုရု
ပေါက်တောကျောင်း ဂိုဏ်းအုပ်ဆရာတော်ဘုရား ကြီး

www.burmeseclassic.com

www.burmeseclassic.com

ပင်းတယမြို့

**အာဂရာတိ သီရိဓဇ ရာဇဂုရု တံဆိပ်နာမံတော်ရ**

**ငှက်ပျောတော ဆရာတော်က**

**ကောသာရ သီရိဓဇ ဓမ္မသေနာပတိ ရာဇဂုရု**

**တံဆိပ်မာမံတော်ရှိသော**

**ပေါက်တော ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး ထံတော်နှိုက်**

**ဝန်ခံစာ**

၁၂၈၉ ခု နယုန်လဆန်း ၁၂ ရက်နေ့

၁၉၂၇ ခု ဇွန်လ ၁၄ ရက်နေ့

ကောလာသရသီရိဓဇ ဓမ္မသေနာပတိ ရာဇဂုရုတံဆိပ်နာမံတော်ရှိသော ပေါက်တောဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး၏ လွှဲအပ်တော်မူသော အမိန့်တော်ကို အာဂရာဘိ သီရိဓဇဂုရုဟူသော တံဆိပ်နာမတော်ကို ခံရသော ငှက်ပျောတောကျောင်းဆရာတော်က ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး၏ ဆောင်ရွက်ရန် သာသနာ့ဝန်ကို



ကူညီဆောင်ရွက်ရန် သဘောတူသဖြင့် ဆောင်ရွက်ပါမည်ဟု ဝန်ခံလျှောက်ထားပါကြောင်း။

အာဂရာဘိ သီရိဓဇ ရာဇဂုရုဘွဲ့ခံ

ငှက်ပျောတောဆရာတော်

ပင်းတယမြို့

ကောလာသာရ သီရိဓဇဓမ္မသေနာပတိ ရာဇဂုရုတံဆိပ်နာမံပေါ်ရရှိသော ပေါက်တောကျောင်းဆရာတော် ဘုရားကြီးနှင့် အာဂရာဘိ သီရိဓဇ သဒ္ဓမ္မရာဇဂုရု တံဆိပ်နာမံတော် ရရှိသော ငှက်ပျောတောကျောင်း ဆရာတော်ဘုရားကြီးတို့က သာသနာ့ဒါယကာ ငွေခွန်တော်မှူးမင်း ခွန်ဇွန်ညိုနှင့် ဇနီးစောခင်နုတို့သို့ မေတ္တာစာ ရေးသားဆက်သွင်း အပ်နှင်းပါသည်။

၁၂၈၉ ခု၊ နယုန်းလဆန်း ၁၅ ရက်နေ့

(၁၄ ဇွန် ၁၉၂၇)

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော အနာဝရဏ မဟာဝဇီယ စသော ဉာဏ်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ သားကြီးဩရသ တတိယမဟာသာဝက အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်တို့၏ ဘိဿာနုသိဿ ဖြစ်တော်မူကုန်သော

www.burmeseclassic.com

www.burmeseclassic.com



ရှေးရှေးသော မဟာသံဃာရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးတို့သည် အစဉ်အဆက်မပျက် ဗုဒ္ဓဘာသာ သာသနာတော်မြတ်၌ အုပ်ချုပ်စောင့်ရှောက်တော်မူခဲ့ကြသော ခေလေ့ထုံးစံနှင့်အညီ သာသနာပိုင် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဌာနန္တရ ကာလသရိယပိုင် ပုဂ္ဂိုလ်အဖြစ် နိုင်ငံရှင်အစိုးရမင်းတို့ အသိအမှတ်ပြုတော်မူခြင်း အမိန့်တော်မြတ်ကို အကိုးအကားပြု၍ ပင်းဒယမြို့နယ်ဆိုင်ရာ သာသနာ့ဒါယကာ ငွေခွန်တော်မှူးမင်းခွန်စွန်ညိုနှင့် ဇနီးခင်ပွန်းစောခင်နုတို့က ဗုဒ္ဓဘာသာသာသနာတော်၏ ကြီးပွားတိုးတက်မည်ကားရေးကို လိုလားတောင့်တသဖြင့် လူနတ်နိဗ္ဗာန် ၃ တန်သောအကျိုးငှာ အစည်းအဝေး တာဝန်ခံပွဲတော်ကြီးကို ပြုလုပ်၍မဟာနာယက သံဃာတော်တို့ အချုပ်ဂိုဏ်းအုပ်ဆရာတော်ဟူသော (ကေလာသာရ သီရိဓဇ ဓမ္မသေနာပတိ ရာဇဂုရု) (ဇာဂရာဘိသီရိဓဇ သဒ္ဓမ္မရာဇဂုရု) တံဆိပ်တော်ကို ကပ်လှူပူဇော်ရသောအကျိုးကြောင့် သာသနာရောင် နယ်လုံးပြောင်၍ ဘုန်းခေါင်စွင့်စွင့်အဆင့်ဆင့်ဖြင့် တိုးတက်ကြက်သရေ ရွှမ်းရွှမ်းဝေလျက် တက်သစ်သောနေ ဆန်းသစ်သောလ ပမာဏသို့ ဒါယကာ ဒါယိကာမတို့နှင့် သားတော် သမီးတော် ဆွေတော်မျိုးတော်တို့အား လိုလားတောင့်တအပ်သော အကျိုးနှင့်တကွ ယခုဘဝမှစ၍ ကာယသုခ စိတ္တသုခ အဇ္ဈတ္တိကဗာဟိရဖြစ်သော ဘေးရန်အပေါင်းမကောင်းဟူသမျှတို့သည် ပိန်းကြာဖက်တွင် ရေမတင်လျှောကျသကဲ့သို့



ကင်းစင်လွင့်ပျောက် မရောက်ကြသည်ဖြစ်၍ ပစ္ဆိမဘဝ အဆုံးကျလျှင် သုခပင်္ဂပတော ခိပ္ပဘိညာဉ်နှင့် ပြည့်စုံကြစေရန် အသခ်ခေတ် မြတ်လှစွာသော နိဗ္ဗာန်ရွှေပြည်ကြီးသို့ ရောက်လွယ်ရလွယ်စေကြောင်းကို ဆရာတော်တို့က နေ့ညဥ့်မပြတ် မေတ္တာပို့တော်မူကြောင်းနှင့် ရေးသားဆက်သွင်း အပ်နှင်းပါသည်။ တကာတော် ငွေခွန်မှူးမင်းသို့

## ပေါက်တောကျောင်းဆရာတော်ဘုရားကြီး
## ငှက်ပျောတော ဆရာတော်ကြီး

ဒီမှတ်တမ်းတွေအရ နယ်ရှင်ခွန်စွန်ညိုက ဂိုဏ်းအုပ်ခန့်တဲ့ ပေါက်တောဆရာတော် ဦးကေလာသဖြစ်တယ်။ ဦးကေလာသ အရွယ်တော် ကြီးရင့်လို့ သာသနာ့ဝန်ကို ငှက်ပျောတောဆရာတော် ဦးဇာဂရကိုလွှဲတယ်။ ဦးဇာဂရရဲ့ ဂိုဏ်းအုပ်ဖြစ်လာတော့ သာသနာရေးသာသနာမှုဖြစ်တဲ့ ပင်းဒယရွှေဥမင်ဂူက စေတီဘုရားဆင်းတုတွေကို စောင့်ရှောက်တဲ့ တာဝန်တွေကို ယူတယ်။ ဒီလိုယူတဲ့အခါ ကြီးကျယ်တဲ့ပြုပြင်မှုတစ်ခု လုပ်ခဲ့တယ်လို့ မျက်မြင်ကိုယ်တွေ့ သက်ကြီးရွယ်ရင့်ပုဂ္ဂိုလ်တွေက (၄ ဇူလိုင် ၁၉၈၀)မှာ ကျွန်တော်တို့ကို ပြောပြလိုက်ပါတယ်။

ပင်းဒယဂူသုံးလုံးရှိတဲ့အထဲက တောင်ဘက်ဂူပေါက်မှာ သိဒ္ဓါမင်း လက်ထက်လောက်က လာဆောက်တဲ့ သစ်သားပြာသာဒ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ဖူးပါတယ်။ အခု သံပြာသာဒ်နေရာမှာပဲဖြစ်တယ်။ ပြာသာဒ်အတွင်း ပုတ်လည်မှာ ပိတ်ကား အရုပ်တွေချိတ်ဆွဲထားတယ်။ မင်းသမီး ခုနစ်ဖော် ပင့်ကူကြီးနဲ့ ကုမ္ဘာဘယဗီဇာတ် ဖြစ်ပါတယ်။ ရေးဆွဲသူက ပင့်ကူနီရွာ ဆရာမြဖြစ်တယ်။ ရေးတဲ့အချိန်က ပထမကမ္ဘာစစ် အချိန်မတိုင်မီ ၁၉၁ဝ လောက်က ဖြစ်မယ်လို့ မှန်းနိုင်တယ်။ ဆရာမြက လူတွေ၊ နတ်တွေ၊ ဘီလူးတွေ ရေးတဲ့အခါ သိပ်မာန်မပါလှဘူး၊ ဒါပေမယ့် ပန်းရေးတဲ့အခါ အင်မတန်တော် ဘယ်လို့ ဆိုပါတယ်။ သစ်သားပြာသာဒ်ကြီးကို တောမီးဝင်လောင်လို့ ၁၂၇၉ (၁၉၁၇) ပျက်စီးသွားတယ်။ ပြသာဒ်အသစ်ကို သံနဲ့ ဆောက်မယ်လို့ နယ်ရှင်ခွန်ဇွန်ညိုနဲ့ ဂိုဏ်းအုပ်ဆရာတော် ဦးဇာဂရတို့ သဘောတူကြလို့ သံပြာသာဒ် တိုင်ထူတဲ့ ရက်က ၁၂၈၈၊ ဘပို့တွဲလပြည့် ၁၆ ဖေဖော်ဝါရီ ၁၉၂၇ ဖြစ်တယ်။ ဒီကြားထဲမှ ဘယ်သူ့အမိန့်လို့ တပ်အပ်သေချာမပြောနိုင်ပေမယ့် ခွန်ဇွန်ညိုနဲ့ ဦးဇာဂရနှစ်ဦးပဲ ဖြစ်စရာရှိတဲ့ ဩဇာရှိသူတွေက ဂူပေါက်ကိုချဲ့ဖို့ စီမံကြတယ်။ ဂူပေါက်က တလံ (ခြောက်ပေ)လောက်ပဲရှိတယ်။ ဒါကို ယမ်းနဲ့ခွဲပြီး ချဲ့ပေးရမယ်။ အဝင်ဝမှာ အုတ်အင်္ဂတေနဲ့လုပ်တဲ့ ဆင်ဖြူရုပ်ကြီးတရုပ်၊ ကျောက်စာ တစ်တိုင်နဲ့ ဂူပေါင်းမှာလိပ် ရုပ်ပွားဆင်းတုတွေ အများကြီး။ လက်ဝဲလက်ယာမှာ အဆင့်ဆင့် အထပ်ထပ် ရှိနေတာပဲတဲ့။ ကျောက်စာကို ငှက်ပျောတောအျောင်း ရွှေ့စိုက်ရတယ်။ ဂျပန်ခေတ်က ဗုံးကျလို့ မရှိတော့ဘူး။ ကျန်တဲ့



ဆင်နဲ့ရုပ်တုတွေတော့ ဂူပေါက်ချဲ့တဲ့အခါ ယမ်းခွဲတုန်းကပဲ ပျက်စီးသွားကြတယ်။ ယမ်းခွဲတဲ့လူနာမည်က အုန်းသာဖြစ်ပါတယ်။ ပြန်ပြောတဲ့လူတွေက ကြေးတွင်းကုန်းရွာသား ဦးလုံ (အသက် ၇ဝ)နဲ့ ဦးခင်ဖြူ (အသက် ၆၆) တို့ ဖြစ်ပါတယ်။ သူတို့ကို အလုပ်သမားတွေအနေနဲ့ ဦးလုံက တစ်ဆယ့်ငါးနှစ်လောက်၊ ဦးခင်ဖြူ က အသက်တစ်ဆယ့်တစ်နှစ်လောက်က လုပ်ခဲ့ကြရတယ်။ ဦးလုံ အပြောက ယမ်းခွဲမယ်လုပ်တဲ့အခါ သူက ငရဲကြီးမှာကြောက်လို့ ရှောင်နေခဲ့တယ်။ နောက်ယမ်းခွဲပေမယ့် အဝင်ဝဟာ လိုသလောက် မကျယ်သေးလို့ ကျောက်အက်ကြောင်းတွေထဲကို သံချောင်းသပ်သွင်းပြီး ငါးပေါင်အလေးချိန်ရှိတဲ့ သံတူကြီးနဲ့ ရိုက်သွင်းဖဲ့ထုတ်ရသေးတယ်။ ကိုအုန်းသာပဲ အများဆုံး လုပ်ရတယ်ဆိုတော့ လုပ်သားထဲမှာ သူက ခေါင်းဆောင်ဖြစ်မယ်။ အသက်လဲသုံးဆယ့်ငါးနှစ်လောက် ရှိပါလိမ့်မယ်။ အခုလို သဘာဝနဲ့ ဘယ်လိုမှ မတူတော့တဲ့ အဝင်ဝဟာ ဦးအုန်းသာရဲ့လက်ရာ ဖြစ်ပါတယ်။

ဒီလိုစီမံဆောင်ရွက်ကြတဲ့နှစ်ကတော့ ၁၉၂၅ ဝန်းကျင်ဖြစ်မယ် ထင်ရပါတယ်။ အဲဒီတုန်းက ပျက်သွားတဲ့ ရုပ်တုရုပ်ပွားတွေလဲ နမြောမိတယ်။ ကျောက်စာထဲမှာ ဘာတွေများပါလိမ့်မလဲလို့လဲ သိချင်မိတယ်။

သံပြာသာဒ်ကို ၁၆ ဖေဖော်ဝါရီ ၁၉၂၇ မှာ ဆိုတယ်။ ဂူပေါက်ချဲ့တဲ့အကြောင်း ပြောပြတဲ့ ဦးခင်ဖြူက အဲဒီအခါ အသက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ့်နှစ်နှစ်လောက်ရှိပါပြီ။ သံပြာသာဒ်ဆောက်ဆဲ ဦးဆောင်ညွှန်ပြဖို့ ခွန်စွန်ညဲကာပင့်ဖိတ်လို့ မန္တလေးက ဦးခန္တီ ၁၂၈၉ (၁၉၂၇)မှာပဲ တစ်ခေါက်လာတယ်။ နောက် ၁၂၉၀ (၁၉၂၈)မှာ တစ်ခေါက်လာသေးတယ်။ အစအဆုံး စီမံဆောင်ရွက်တာကတော့ ဘုန်းကြီးထဲက ကန့်ထောင့်ကျောင်းက ဘုန်းကြီးသွယ်နဲ့ လူထဲကဆင်ခေါင်းရွာသစ်ရပ်က ပန်းထိမ်ဆရာမြင့်တို့ ဖြစ်ကြပါတယ်။ ပြာသာဒ်ဆောက်လို့ အားလုံးပြီးစီးတာက ၁၂၉၅ (၁၉၃၃) ဖြစ်ပါတယ်။

သံပြာသာဒ် အလှူရှင်စာရင်းကို ပြာသာဒ်အတွင်းနံရံမှာ စာရေးမှတ်သားခဲ့လို့ တာက်ကူးချင်တာနဲ့ ဩမ်းဆင်ရပါတယ်။ ၃ ရှုလိုင် ၁၉၈၀ မှာ ဩမ်းဆင်ပြီးတယ်။ အလှူရှင်တွေရဲ့ အမည်မရေးမီ ၁၂၈၈ (၁၉၂၆)လို့ပဲ တွေ့ပါတယ်။ တခြားရက်စွဲမပါဘူး။ ပင်းဒယမြို့ပေါ်နဲ့ အနီးအနား ရွာတွေက လူတွေရဲ့ နာမည်စာရင်းဖြစ်တယ်။ အစုစု နာမည်တထောင်ကျော် ရပါတယ်။ ထူးဆန်းတယ်ထင်မိတဲ့ နာမည်တွေကတော့ ပရှူးပသီ၊ စန္ဒရာမုနိ၊ ဆာဝါဒရီဒေဝီ၊ မိုရာမက်၊ ဂျော့ဆင်ပလာပရာ၊ ဇလီပေါက်၊ ဆံညှပ်ကုလားတို့ ဖြစ်ပါတယ်။ ဟိန္ဒူရော မူစလင်ပါ အလှူရှင်ထဲပါတယ် ထင်တယ်။ နောက် ပင်းဒယဂူစောင့်အဖြစ်နဲ့ တရုတ်ကိုရင်ကြီးဆိုတာ ရှိသေးတယ်။ မြန်မာတွေက ဦးခန္တီလို့ ဘွဲ့ပေးထားတယ်။ တရုတ်လိုတော့ ဘယ်လိုခေါ်သလဲ မသိလိုက်ကြဘူး။ ဦးကြည်စိန်လို့ ခေါ်တဲ့လူလဲ ရှိတယ်။ ပင်းဒယမှာရှိတဲ့ ယူနန်သားတွေနဲ့လဲ စကားပြောလို့



မရတာကြောင့် သူဟာ ယူနန်သား မဟုတ်ဘူးလို့ ဆိုနိုင်တယ်။ စင်ကာပူမှာ တောင်ကုန်းပေါ်မှာ ကျောင်းတစ်ဆယ့်ခုနစ်ကျောင်းရှိတဲ့ ဗုဒ္ဓကျောင်းတိုက်ကြီးတစ်ခုက ကုန်းကြောင်းလျှောက်လာခဲ့တယ်။ သူမလာခင်ကပဲ သူနေရမယ့်ဂူကို သူ့မျက်စိထဲမှာ မြင်ပြီးသား။ ဂူရှိတယ်ဆိုတဲ့နေရာတိုင်း လိုက်ကြည့်ပြီး ပင်းဒယကျမှ သူရှာတာတွေ့ပြီးဆိုပြီး သေတဲ့အထိနေသွားတယ်။ သူရောက်လာချိန်က သံပြာသာဒ်ဆောက်ပြီး နှစ်နှစ်အကြာမှာလို့ မှတ်ထားကြတယ်။ ၁၉၃၃ ဖြစ်မယ်။ သူသေတဲ့ရက်က ၂၁ ဇန်နဝါရီ ၁၉၆၄ ဖြစ်ပြီး အသက် ၇၁ နှစ်မှာ သေတယ်ဆိုတော့ ၁၈၉၃ မွေးဖြစ်မယ်။ ဒါကြောင့် အသက် ၄၂ နှစ်ကပဲ ပင်းဒယရောက်ပါတယ်။ ဒုတိယကမ္ဘာစစ် ဂျပန်ဝင်တော့ ပင်းဒယမှာမနေဘဲ ပထမ်ရစကျည်းနောက်ပန်းတင့်ဂူမှာ နေတယ်။ စစ်ပြီး ပင်းဒယဂူကို ပြန်လာတော့ ကျောင်းသားအဖြစ်နဲ့ ဦးညို (ဟိုတုန်းက တစ်ဆယ့်လေးနှစ်သား) ပါလာတယ်။ ဦးညိုဟာ တရုတ်ကိုရင်ကြီးနဲ့ တစ်ဆယ့်တစ်နှစ်နေပြီး အိမ်ထောင်ကျလို့ ဦးကြာခင်ကို သူ့အစားကိုရင်ကြီးနဲ့ ထားခဲ့တယ်။ ဦးကြောခင်နဲ့ ခြောက်နှစ်နေပြီး ကိုရင်ကြီးသေဆုံးတယ်။ ဦးညို(အခုအသက် ၅၂)ရော ဦးကြာခင် (အခု အသက် ၄၁နှစ်)ရော ကြေးတွင်းကုန်းရွာသားတွေဖြစ်ပြီး သူတို့နဲ့ ၄ ရှုလိုင် ၁၉၈၀ က တွေ့ပြီး ဒီအကြောင်းတွေကို မေးမြန်းမှတ်သားလိုက်ရပါတယ်။ ဒဂုန်ခင်ခင်လေး ၁၉၅၅က ပင်းဒယဂူကို လာတုန်းက ဒီတရုတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ကြီးက ဓာတ်မီး အိမ်ထွန်းပြီး ဂူထဲလိုက်ပြတယ်။ ဒါနဲ့ လျှပ်မဲ့ဓာတ်မီး လူချင်စိတ်ပေါက်ပြီး လူဖြစ်တယ်လို့ သိရတယ်။ လျှပ်စစ်မီးအလှူ အောင်မြင်လို့ ရေစက်ချတဲ့နေ့က ၂၆ ဇန်နဝါရီ ၁၉၅၇ ဖြစ်ပါတယ်။

ပင်းဒယ တောင်ဘက်ဂူကို ရဟန်းတော်များက ၂၂ မတ် ၁၉၇၆ ကမှစပြီး ထိန်းသိမ်းစောင့်ရှောက်ပါတယ်။ အမြဲနေပြီး စောင့်ကြပ်တဲ့ ကိုယ်တော်က ပင်းဒယ ငှက်ပျောတောဇာတိ အဖ ဦးစိန်ကြီး၊ ဒေါ်ဖွားချိတို့သား ဦးဝိမလစာရ ဖြစ်ပါတယ်။ (ဓာတ်ပုံ ၁၀ ကြည့်ပါ။) (၁၃၁၀၊ နယုန်လဆန်း ၁၂ ရက်၊ ၄ နေ့ (၁၉ မေ ၁၉၄၈) ဖွားမြင်တယ်။ ၁၃၂၉၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၄ နေ့ (၁၅ နိုဝင်ဘာ ၁၉၆၇)မှာ ပင်းဒယ သက်တော်ရှည် တတ်ကြီးကျောင်းဆရာတော် ဦးအားလောကကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းခံတယ်။ ညောင်ရွှေကန်ကြီး ပရိယတ္တိစာဝင်တိုက်မှာ စာသင်ခဲ့ဖူးပါတယ်။ ဦးဝိမလစာရ တိုက်တွန်းလို့ ဒီပင်းဒယသမိုင်းကို ရေးဖြစ်ပါတယ်။

ပင်းဒယ ရွှေဥမင်ဂူ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပေါက်တောကျောင်းဆရာတော် ဦးဣသရိယ ဖြစ်ပါတယ်။ ဆရာတော်ဟာ ပင်းဒယ ပေါက်တောရပ်ဇာတိ ဦးတင် ဒေါ်ပွင့်ကံ ၁၂၇၀ ကဆုန်လဆန်း ၄ ရက်၊ ၁ နေ့ (၃ မေ ၁၉၀၈) ဖွားတယ်။ ၁၃၀၂၊ [illegible]ခါင်လဆန်း ၁၁ (၁၃၊ ဩဂုတ်၊ ၁၉၄၀)နေ့ ရဟန်းခံတယ်။



၁၂၂၃၊ နတ်တော်လဆန်း၊ ၁၅က တပေါင်းလဆန်း ၁၅ (၂၂၊ ဒီဇင်ဘာ ၁၉၆၁ က ၂၀ မတ် ၁၉၆၂)ထိ အိန္ဒိယမဇ္ဈိမဒေသနဲ့ သီရိလင်္ကာတို့ကို ဘုရားဖူး ရောက်ခဲ့ဖူးပါတယ်။ ဒုတိယ ဥက္ကဋ္ဌ ဖြစ်တဲ့ ဆင်ဖြူရုံကျောင်းဆရာတော် ဦးသောဘိတဟာ ပင်းဒယ ငှက်ပျောတောဇာတိ ဦးမောင်-ဒေါ်ငြိမ်းတို့က ၁၂၈၇၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၆ နေ့ (၂၂ ဇန်နဝါရီ ၁၉၂၆) ဖွားတယ်။ ၁၃၁၃၊ တန်ဆောင်မုန်းလဆန်း ၆ (၄ နိုဝင်ဘာ ၁၉၅၁)နေ့ ရဟန်းခံတယ်။ ပင်းဒယ ရွှေဥမင်အုပ်ချုပ်ရေးအဖွဲ့ ဩဝါဒစရိယ အော်ယောဆရာတော် ဦးစန္ဒိမာဟာ ပင်းဒယပါမဲရွာ ဦးတိုက်ဒေါ်ရွှေတို့က ၁၂၆၇၊ တန်ခူးလဆုတ် ၃၄ ရက်၊ ၃ နေ့၊ (၂ မေ ၁၉၀၅) ဖွားတယ်။ ၁၂၈၈၊ တန်ဆောင်မုန်းလဆုတ် ၁၅ (၄ ဒီဇင်ဘာ ၁၉၂၆) ရက် ရဟန်းခံတယ်။ ဩဝါဒစရိယ နောက်တစ်ပါးဖြစ်တဲ့ ပင်းဒယ မြောက်ကျောင်းဆရာတော် ဦးစက္ကိန္ဒဟာ ပင်းဒယ ဖောက်ကုန်းဇာတိ ဦးသဲ-ဒေါ်ကူးတို့က ၁၂၆၀၊ တော်သလင်းလဆန်း ၁ ရက်၊ ၃ နေ့ (၁၆ ဩဂုတ် ၁၈၉၈) ဖွားတယ်။ ၁၂၇၉၊ တပေါင်းလဆန်း ၁၀ (၁၉ ဖေဖော်ဝါရီ ၁၉၁၈) မှာ ရဟန်းခံတယ်။ ဩဝါဒစရိယ နောက်တစ်ပါးဖြစ်တဲ့ ပင်းဒယ မဟာရန်အောင်ကျောင်းဆရာတော် ဦးကုသလက ညောင်ရွှေနယ် ကွန်မုံတိုက် ဟိုနားရွာဇာတိ ဦးပဏ္ဍိ-ဒေါ်နန်းတိုက်ထိုက ၁၂၇၀၊ တပို့တွဲလဆန်း ၅ ရက်၊ ၁ နေ့ (၂၅ ဇန်နဝါရီ ၁၉၀၉)က ဖွားတယ်။ ၁၂၉၀၊ နယုန်လဆုတ် ၁၄ ရက်

www.burmeseclassic.com

www.burmeseclassic.com



(၁၆ ဇွန် ၁၉၂၈) ရဟန်းခံတယ်။ ဒီလိုဒေသရပ်ကွက်မှာရှိတဲ့ လူရောရဟန်းပါ လေးစားရတဲ့ ဆရာတော်ကြီးတွေ ကြီးမှူးအုပ်ချုပ်နေတဲ့အတွက် ပင်းဒယရွှေဥမင်စေတီဘုရားတွေဟာ မိစ္ဆာတ်မယွင်း သာသနာနှစ်တွေ အများကြီး ဆက်လက်တည်ရှိ ထွန်းကားနေမှာ ဖြစ်ပါတယ်။

ဆရာတော်ကြီးတွေကို ရွှေဥမင်အုပ်ချုပ်ရေး မလွှမကလူဒကာတွေရဲ့ ဂေါပကအဖွဲ့ရှိပါတယ်။ အဲဒီအဖွဲ့ဥက္ကဋ္ဌက ရဟန်းတော်တွေကို လက်မှတ်ရေးထိုးပေးတဲ့ လွှဲအပ်စာမှာ အရင်ဂေါပကအဖွဲ့အကြောင်း အကျဉ်းချုပ်ပါလို့ ဒီမှာ ကူးယူဖော်ပြလိုက်ပါတယ်။

ပင်းဒယမြို့ ရွှေဥမင်ဘုရား ပြုစုစောင့်ရှောက် ထိန်းသိမ်းရန် ဆရာတော် သံဃာတော်များကို လွှဲအပ်ခြင်း။

ပင်းဒယ ရွှေဥမင်ဘုရားသည် တန်ခိုးကြီးသောဘုရားဖြစ်ကြောင်း ကမ္ဘာအရပ်ရပ်မှ သိရှိပြီး ဖြစ်ပါသည်။ ၎င်းဘုရားသည် တန်ခိုးကြီးသော်လည်း ၁၉၆၂ ခုနှစ်ထိ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မည့်သူ မရှိခဲ့သဖြင့် တိုးတက်မှုမရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။ ၁၉၆၂ မှ ၁၉၇၂ အထိ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီ၏ နှီးနှောဖ်ချက်အရ



ဂေါပကအဖွဲ့ဖွဲ့၍ ပြုပြင်စောင့်ရှောက် ထိန်းသိမ်းခဲ့ရာ အသင့်အတင့် တိုးတက်ခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ ၁၉၇၂ မှ ၁၉၇၅ ထိ တိုးတက်မှု မရှိခဲ့သည်ကို အများသိရှိပြီးဖြစ်ပါသည်။

ဤတန်ခိုးကြီးသောဘုရားကို လူ့အဖွဲ့အစည်းအနေဖြင့် ပြုပြင် စောင့်ရှောက် ထိန်းသိမ်း၍ မတိုးတက်နိုင်ကြောင်း ယူဆမိပါသည်။ ဆရာတော် သံဃာတော်များ ဦးဆောင်မှုဖြင့် ပြုပြင်စောင့်ရှောက် ထိန်းသိမ်းမှသာ တိုးတက်နိုင်မည်ဟု ယူဆမိပါသည်။ သို့ဖြစ်ပါ၍ ပင်းဒယမြို့ တန်ခိုးကြီးသော ရွှေဥမင်ဘုရားအား ပြုစုစောင့်ရှောက် ထိန်းသိမ်းရန်အတွက် ဆရာတော် သံဃာတော်များသို့ လွှဲပြောင်းအပ်ရန် သဘောတူပါသည်။

(ပုံ) ဘရွှေ

ဥက္ကဋ္ဌ

ရွှေဥမင်ဂေါပကအဖွဲ့

ပင်းဒယမြို့

၁၃၃၇၊ တပေါင်းလဆုတ် ၈


၂၂ မတ် ၁၉၇၆

www.burmeseclassic.com

www.burmeseclassic.com



ပင်းဒယဂူနဲ့မြို့ကို ဘယ်တုန်းကစပြီး ရှိလေမလဲလို့ ရှာကြည့်တဲ့အခါ ခရစ် တစ်ဆယ့်ခုနစ်ရာစု နှစ်ဦးအထိ မှတ်တမ်းတွေထဲမှာ မပါသေးဘူးဆိုတာ သိရတယ်။ ဥပမာ–ဇမ္ဗူဒီပစာတမ်းထဲမှာ ခရစ် ၁၆၇၃ ဝန်းကျင်က မြို့ရွာနယ်မြေ အပိုင်းအခြားတွေ ဖော်ပြတဲ့အခါ ပင်းဒယအနီးဝန်းကျင် ပွေးလှနဲ့ ရောက်စောက်ပါပေမယ့် ပင်းဒယ မပါဘူး။ ဆိုလိုတာက အဝခေတ် ညောင်ရမ်းကာလက ပင်းဒယကို မတွေ့ရဘူး။ ပင်းဒယဂူထဲက ဆင်းတုတော်တွေမှာပါတဲ့ ရှေးအကျဆုံး ရက်စွဲက ၁၇၇၂ ဖြစ်လို့တကြောင်း၊ ရက်စွဲမပါပေမယ့် ခရစ်တစ်ဆယ့် ရှစ်ရာစုနှစ်ထက် ဟောင်းမယ်လို့ ထင်ရတဲ့ လက်ရာမတွေ့တာ တကြောင်း၊ ပင်းဒယဂူနဲ့ မြို့ဟာ တစ်ဆယ့်ရှစ်ရာစုနှစ်ရောက်မှ ပေါ်ပေါက်တယ်လို့ ယူဆပါတယ်။ နောက်ထပ် ယုံကြည်လောက်တဲ့ မှတ်တမ်းအထောက် အထား တစ်မျိုးမျိုး မပေါ်မခြင်း ဒီလိုပဲ ယူဆရမှာ ဖြစ်ပါတယ်။



# အခန်း ၄

## ဘိသဇ္ဇဂုရု

ပင်းဒယဂူထဲမှာ ဆူရေ ခုနစ်ဆယ်ထက်မနည်းတဲ့ ဆင်းတုတော် တစ်မျိုးကို ဖူးမြင်ရတယ်။ ဒီဆင်းတုတော်မျိုးကို တခြားမှာ တွေ့ဖူးပေမယ့် ဘယ်မှာမှ ဒီဂူထဲမှာလို အရေအတွက် များများမရှိပါဘူး။ ဒီဆင်းတုတော်မျိုးကို အရင်က ဘယ်လိုခေါ်တယ်ဆောင် မသိကြပါဘူး။ ဘယ်လိုအကျိုးလိုလို့ ကိုးကွယ်တယ်လို့လဲ သိကြမှာ မဟုတ်ပါဘူး၊ အိန္ဒိယရုပ်ပွားဆင်းတု သမိုင်းစာအုပ်တွေ ရှာကြည့်တဲ့ အခါမှာ ဒီဆင်းတုတော်မျိုးဟာ မဟာယာနဂိုဏ်းမှာ အင်မတန် တင်ရှားတဲ့ ဘဲဂဇ္ဇဂုရု ဖြစ်တယ်လို့ သိရတယ်။ ပါဠိဘာသာနဲ့ ဆောသဇ္ဇဂုရုလို့ခေါ်မယ်။ ဒါပေမယ့် ပါဠိကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက ဘိသဇ္ဇဂုရု ခေါ်သင့်တယ်လို့ ပြင်ဆင်ပေးပါတယ်။ ဂျပန်မှာတော့ ဒီဆင်းတုကို ယကုရှိညောရဲ (YAKUSHINYORAI) ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပင်းဒယဂူထဲမှာ ဘီသက္ကဂုရ ရုပ်ပွားတော်များအထဲမှာ ရက်စွဲပါတဲ့ ဘီသက္ကဂုရ ရုပ်ပွားတော်နှစ်ဆူကို တွေ့ရပါတယ်။ တစ်ဆူမှာ ၁၁၄၀ တပေါင်းလဆုတ် ၄၊ (၅ မတ် ၁၇၇၉) လို့ တွေ့ရပြီး နောက်တစ်ဆူမှာ ၁၁၅၀ ပြည့် တပေါင်းလဆုတ် ၄၊ (၁၅ မတ် ၁၇၈၉)လို့ တွေ့တယ်။ အဲဒီရက်စွဲပါတဲ့ ဘီသက္ကဂုရ ရုပ်ပွားတွေက သစ်သားနဲ့ရုပ်တုတွေဖြစ်ပါတယ်။ ရက်စွဲပါတဲ့ တခြားဘီသက္ကဂုရကို တွေ့ဖူးသမျှ ပြောရရင် ဂျပန်၊ တိုကျို၊ ယောတစုဂိမချိမှာနေတဲ့ ဂဲန်ဇောဇမဆီမှာ ကြေးဆင်းတုတစ်ဆူရှိတယ်။ ဗမာစာ ခြောက်ကြောင်းကို ပလ္လင်နောက်ဘက်မှာ ရေးထားတာနဲ့ ထုလုပ်ပုံလက်ရာကို ကြည့်ရင် ဒီဆင်းတုတော်ကို ဂျပန်မှာတွေ့ပေမယ့် ဗမာလက်ရာလို့ အသေအချာ ပြောနိုင်ပါတယ်။

ဂျပန်ရောက်

ဘီသက္ကဂုရ ပလ္လင်နောက်ကျောစာ

၁။ သက္ကရာဇ် ၁၁၆ ဆဲ ၅
၂။ ခု တခူးလဆန်း ၂ ရက် တနင်္လာနေ့
၃။ ကိုယ်စားတပ်သွန်း ပြီးပြည့်စုံပြီ။
၄။ (အရှင်ဥတ္တမ) စာရလင်္ကာဆို
၅။ တကာ (တစု)တို့ (ကောင်းမှု) နိဗ္ဗာန်ဆုဖြစ်၊
၆။ ပါသဉ်ဘုရား။



၁၁၆၅ တန်ခူးလဆန်း ၂ (၁၂ မတ် ၁၈၀၄)ဖြစ်လို့ အမရပူရ ပဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက် နောက်ပိုင်းဖြစ်တာကို တွေ့ရတယ်။ ဒီရက်စွဲတွေကိုကြည့်ပြီး ပြောနိုင်တဲ့ အချက်တစ်ချက်ကတော့ ဘီသက္ကဂုရ ပုံတော်တွေကို ကျွန်တော်တို့ မြန်မာတွေ ခရစ် ၁၈ ရာစုနှစ်အကုန် ၁၉ ရာစုနှစ် အစပိုင်းအထိ ထုလုပ်ကိုးကွယ်နေကြ တုန်းပဲလို့ ပြောနိုင်ပါတယ်။

ဘီသက္ကဂုရ ရုပ်ပွားတော်ပုံစံကို ရှင်းလင်း ပြောပြမယ် ဆိုရင်—

၁။ ကိုယ်စားတော်ရဲ့ ဥကင်္ဏာင်းတော်အထက်မှာ သဗ္ဗညုတဉာဏ်ကို ရည်မှတ်ပြီး ပန်းဖူးလို အထွတ်အဖူးကလေး ပါတယ်။ အရင်ကတော့ ဒီအအဖူးဟာ မီးတောက်မီးလျှံဖြစ်မယ်။ နောက်မှ အလွယ်လိုက်ပြီး အဖူးသဏ္ဌာန် ရိုးရိုးဖြစ်သွားတယ် ဆင်ပါတယ်။

၂။ ဆံတော်လေးသစ်အကျန်ကို ပြလိုတဲ့အတွက် ဥဏှီသ မို့မောက်နေတာလဲ ထုံးစံအတိုင်းပါတယ်။

၃။ ဆံတော်ကို ဖော်ပြဖို့ အစင်းအကြောင်းမဟုတ်ဘဲ ပုတီးလုံးကလေးတွေ စီထားပုံမျိုး လုပ်ထားတာ တွေ့ရပါတယ်။ ပြောင်ပြောင်ချောချောအတိုင်း ထားတာလဲ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ မျက်လုံးတော်တွေကတော့ စကျွန်ဖြို့ယ မျက်လွှာချထားပါတယ်။ ဈာန်ဝင်စားနေတဲ့ သဘောပဲဆိုချင်ပါတယ်။

၅။ နှာခေါင်းတော်က ချွန်တယ်၊ နှာရိုးထင်ရှားတယ်။

၆။ နှုတ်ခမ်းတော်တွေက ခပ်စုစု၊ ပါးစောင်ဘက်ကို နည်းနည်းမြင့်ပြီး ပြုံးတုံးတုံး ရှိပါတယ်။

၇။ နားရွက်တော်က ဗမာနိုင်ငံက တခြားရုပ်ပွားတွေလိုပဲ ပခုံးတော်ထိပြီး နေပါသေးတယ်။

၈။ သင်္ကန်းတော်ကို သုံးမျိုးတွေ့ရပါတယ်။ တစ်မျိုးက အခုခေတ် ဆင်းတုတော်တွေမှာလို အတွန့်အလိပ် သိပ်မများဘူး။ ဒါပေမယ့်လဲ သိပ်ရှေးကျတဲ့ ပုံတော်တွေမှာလို ညာဘက်ရင်အုံတော် ပေါ်မနေဘူး။ နောက်တစ်မျိုးကတော့ ကိုယ်လုံးတော်မှာ အဝတ်(သင်္ကန်း)နဲ့ အနည်းဆုံး ကိုးပတ်လောက် ရစ်ပတ်စည်းထားတဲ့ ပုံစံမျိုးတွေ့ရတယ်။ နောက်တစ်မျိုးကတော့ မင်းဝတ်ဘုရားခေါ်တဲ့ ဘုရားမှာ ဘိသက္ကဂုရုပုံတော်ဖြစ်အောင် ဗယ်လက်အမြိုက်အိုးနဲ့ ညာလက်သစ်စေ့ ထပ်တိုးထားတာ ဖြစ်ပါတယ်။

၉။ ညာလက်တော်ကို တခြားပုံတော်တွေမှာလိုပဲ ခြေတော်နှစ်ဘက်ခွေထားတဲ့အထက်မှာ ဖြန့်ထားပါတယ်။ ပြီးတော့ လက်ဝါးပြင်မှာ အိုး (ဝါတြ-သပိတ်)တစ်လုံး တင်ထားတယ်။ အိုးဖုံး (သပိတ်ဖုံး)ပါတယ်။ အမြိုက်ရေစင်အိုးလို့ ကောက်ယူရပါတယ်။




၁၀။ ဗယ်လက်တော်က လက်ဖဝါး ရှေ့လှည့်ပြီး ဖြန့်ထားပေမယ့် ဝရဒမုဒြာဆိုတဲ့ ဆုပေးပုံမဟုတ်ဘူး။ လက်မနဲ့ လက်ညှိုးက ဗီဇ သစ်စေ့တစ်စေ့ ကိုင်ထားတယ်၊ (ဓာတ်ပုံ-၁၁ ကြည့်)။ တစ်ခါတရံ လက်မနဲ့ လက်ခလယ်က သစ်စေ့ကို ကိုင်ထားတယ်။ (ဓာတ်ပုံ ၁၂ ကြည့်) တစ်ခါတရံ လက်ညှိုးကိုကွေးပြီး လက်ဖဝါးမှာ ညှပ်ကိုင်ထားတယ်၊ (ဓာတ်ပုံ ၁၂ ကြည့်) တစ်ကါတရံ လက်ညှိုးနဲ့ လက်ခလယ်က ကွေးပြီး၊ သစ်စေ့ကို လက်ဝါးပြင်မှာထိပြီး ညှပ်ထားတယ် (ဓာတ်ပုံ ၁၄ ကြည့်) ဆိုတဲ့ ပုံစံကွဲလွဲတာ တွေ့ဖူးပါတယ်။ တစ်ခါတရံ သစ်စေ့ကိုင်တဲ့ လက်အောက်မှာ ဆင်ကလေးတစ်ကောင်ရှိတယ်။ အဓိပ္ပာယ်တော့ အထွေအထူး ရှိဟန်မတူဘူး။ သစ်စေ့က ဖန်ခါသီး (*TERMINALIA CHEBULA*)ဖြစ်ပါတယ်။ ဒီအိုးနဲ့ သစ်စေ့နှစ်ခုပေါင်းဟာ ပြန်လည်နုပျိုတယ်၊ အသက်ရှည်တယ်၊ အနာကင်းတယ်၊ စတင်ရှင်သန်ပေါက်ဖွား တိုးထက်ကြီးကျယ်တယ်ဆိုတဲ့ သဘောတွေကို သရုပ်ဆောင်ထားတာဖြစ်တယ်။ ခပ်လွယ်လွယ် ပြောရရင် သစ်စေ့တွေမှာ တွေ့ရတဲ့ အမြိုက်အိုးနဲ့ သစ်စေ့မျိုးစေ့က အသစ်ပေါက်ဖွားတယ်၊ တိုးပွားတယ်။ ရေစင်က အိုသူနုပျိုစေတယ်။ ငယ်သူတွေကလဲ ကြီးဖို့၊ တိုးတက်ဖို့၊ ကြီးသူတွေကလဲ နုပျိုဖို့ သိပ်လိုချင်ကြတယ် မဟုတ်လား။ ဒီနှစ်မျိုးစလုံးကို ဒီဘုရားမှာ ဆုတောင်းရင်

www.burmeseclassic.com

www.burmeseclassic.com





ပုံ ၁။ ဘိသက္ကဂုရုလက်တော်

ရမယ်ဆိုတဲ့ ယုံကြည်မှုပါပဲ။ အဲဒါအတွက် ဘုရားရှိခိုး ဆုတောင်းစာကို ဆက်ပြီး ဖော်ပြပါမယ်။

၁၁။ ခြေတော်အစုံကတော့ ဈာနာသနပုံစံ။ ခြေဖဝါးတော်နှစ်ခုစလုံးကို အပေါ်လှန်ထားပါတယ်။

၁၂။ စာဆိုအရ ဒီပုံတော်ကို အပြာရောင်သုတ်လိမ်းထားရမယ်။ ရွှေချရင်လဲ ဖြစ်ပါတယ်။

၁၃။ ပုံတော်အောက်က ဝဇီယာသန ပြောပလ္လင် ဖြစ်ပါတယ်။



၁၄။ လျှာဒါန်းသူက လိုချင်ရင် ကိုယ်စားတော်ရဲ့ ဗယ်ညာမှာ သာဝကနှစ်ပါးက အညွှလိမုဒြာလက်အုပ်ချီပြီး ရှိခိုးပုံ ထည့်ရပါတယ်။

အဲဒါတွေ ပြောပြီးတဲ့အခါ ဒီကိုယ်စားတော်ကို ဘိသက္ကဂုရုလို့ ဘာပြုလို့ ခေါ်တယ်၊ ဘယ်လိုကိုးကွယ် ပူဇော်ရတယ်ဆိုတာ ဆက်ပြောဖို့ လိုပါတယ်။ အနာရောဂါရှိတဲ့ လူတွေက အနာပျောက်ချင်ရင် မဟာယာနအနွယ် ဗုဒ္ဓဘာသနာဝင်တွေက ဒီ (ဝါဦဘာသာ ဘောသဇ္ဇဂုရု၊ သို့မဟုတ် ဝိုပြီး ယဉ်တဲ့ အသုံးအနှုန်းအရ) ဘိသက္ကဂုရုပုံတော်ကို ခပ်သေးသေး ယင်ငယ်ထုလုပ် ကိုးကွယ်ကြတယ်။ ဘိသက္ကဂုရုပ ပုံတော် ကြီးကြီးတစ်ဆူထားတဲ့ ကျောင်းတော်သီးခြားမှာ ကျန်းမာရေးကို ဆုတောင်းပြီး ပုံတော်အငယ်ကို သွားထားရပါတယ်။ ဆေးပညာကို သင်ပေးလိုတဲ့ ဆရာတွေလဲ ဘိသက္ကဂုရုဘုရား ကျောင်းတော်မှာလာပြီး ရုပ်ပွားတော်ကို ပူဇော်ရှိခိုးရင်းသူတို့ဟာ ဆေးအတတ်ကို သင်ပေးလိုတယ်၊ သင်ယူလိုတယ်လို့ စိုညီပန်ကြားပြီးမှ ဆေးကျောင်းတက်ရတယ်။ သင်ကြားပို့ချဆည်းပူးကြရတယ်။ ဆေးသင်ရိုးကျွတ်လို့ သမားအဖြစ် ကုစားလိုတဲ့အခါမှာလဲ ဒီကိုယ်စားတော်ရဲ့ ရှေ့မှောက်မှာ ဆုတောင်းပြီး ဆေးဆရာလုပ်ကြ

www.burmeseclassic.com



## ဘိသက္ကဂုရုဘုရားရှိခိုး

၁။ သုဝဏ္ဏဟာရီတဝဏ္ဏာ၊
ဘိသက္က သဗ္ဗမုတ္တမ။

ဝါမဟတ္ထကဗိဇေန၊
ဘာဝဝနုဝိရုပကာ။

ဒက္ခိဏာဂ္ဂတာယင္ဇေန၊
တရဏာဒိသုဓာနကာ။

၂။ နမာမိ တမ သီရသာ မံ၊
စရာမိ တဝ သာသနံ။

ဇဘောနသဗ္ဗဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

တေဇသာ ဟံ သုဝဋ္ဋိတော၊
သုခီ ဟောမိ စိရာယုကော။



၁။ သုဝဏ္ဏဟာရီတဝဏ္ဏာ၊ ရုံဖန်ရောင်ဝါ၊ ရွှေရောင်ဖြာလျက်၊ ရဲခါစိမ်းစိမ်း၊ မြရည်လိမ်းသို့၊ ရှိန်းရှိန်းလက်ဝေ၊ ဂုံချက်သရေကို၊ ဆောင်တော်မူထသော။ သဗ္ဗမုတ္တမ၊ ကျွမ်းကျင်လှစွာ၊ ဆေးဆရာတို့၊ ပြိုင်လာနိုင်းမူ၊ ရုဏ်မတူသည့်၊ ယှဉ်သူကင်းလတ်၊ အမြတ်ရတနာလည်း ဖြစ်တော်မူပေထသော။ ဝါမဟတ္ထကဗိဇေန၊ လက်ဝဲလက်မှာ၊ ကိုင်ဆောင်လာသည့် ဗီဇခေါ်ဆိုး၊ သစ်စေ့မျိုးဖြင့်၊ ဘာဝနုဝိရုပကာ၊ မွေးဖွားစေတတ်၊ တိုးစေတတ်လျက်၊ မပြတ်ဖြိုးဝေ၊ ကြီးပွားစေနိုင်သော။ ဒက္ခိဏာဂ္ဂတာယင္ဇေန၊ လက်ယာလက်ထဲ၊ မြဲကိုင်စွဲသည့်၊ အမြဲကြည်လင်၊ မြိုက်ရေစင်ဟု၊ ခေါ်တွင်ပေရိုး၊ ရေဝင်အိုးဖြင့်၊ တရဏာဒိ သုဓာနကာ၊ အိုသူနုပျို၊ ရုပ်ကောင်းပိုလျက်၊ ထိုထိုလူနာ၊ ကျန်းခန့်သာ၍၊ တဖြာကြီးလျှင်၊ ရောဂါစင်သဖြင့် ကြည်ရွှင်မသွေ၊ အသက်ရှည်စေနိုင်သော။ ဘိသက္က၊ သီလသမာဓိ၊ စရိုဖုံဖုံ၊ ဂုဏ်ပေါင်းစုံသဖြင့်၊ သုံးဘုံပေါ်ထင်၊ တန်ခိုးရှင်ဟု၊ ခေါ်တွင်သမှု၊ ဘိသက္ကဂုရု ဖြစ်တော်မူ သော မြတ်စွာဘုရား။

၂။ တံ၊ ဘိသက္ကဟု၊ ဂုရုခေါ်တွင်၊ တို့ဘုရားရှင်ကို။ သိရသာ၊ ကိုယ်၏အစိတ်၊ ဦးထိပ်ရတနာ၊ မြတ်အင်္ဂါဖြင့်၊ အဟံ၊ ဂုဏ်တော်တမ်းတ၊ ပုံမှန်းဆလျက်၊ အားရရွှင်မြူး၊ တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်သည်။ နမာမိ၊ ရိုသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ ဘုရား။ တဝ၊ ဘုန်းတော်စုံလင်၊ ဂုဏ်အင်ကြီးမား၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ လိုရင်းအချုပ်မျှ၊ ဆိုဆုံးမသည့်၊ ဩနသီလာ၊ ဘာဝနာဟု၊ ကျသိုလ်စုကို။ စရာမိ စွမ်းနိုင်သလောက်၊ လွန်အားဆောက်လျက်၊ ဝမ်းမြောက်ကြည်သာ၊ ကျင့်ကြံပါ၏ အရှင်ဘုရား။ ဧတေနသစ္စဝဇ္ဇေန၊ မှန်ကန်လှစွာ၊ ဤ ဝဇီသစ္စာကြောင့်။ မေ၊ တရားသခင်၊ ဘုရင်ရှင်၏၊ ကြည်လင်မေတ္တာ၊ ခံယူပါသော တပည့်တော်အား။ သဗ္ဗဒါ၊ နေ့ရောညဥ့်ပါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စေတနာကာ၊ အရင်းခံသဖြင့်၊ အမှန်မသွေ၊ ဖြစ်ပါစေသတည်း။ အဟံ၊ ဘိသက္ကဟု၊ ဂုရုသခင်၊ ဘုရားရှင်၏၊ ကြည်လင်မေတ္တာ၊ ခံယူပါသော တပည့်တော်သည်။ တေဇသာ၊ မြတ်စွာဘုရား၏၊ ကြီးမားရှိန်စော်၊ တန်ခိုးတော်ကြောင့်။ သုဝဋ္ဋိတော၊ သလိပ်သည်းခြေ၊ သွေးနှင့်လေဟု၊ လေးထွေကြောင်းခံ၊ ရောဂါဒဏ်မှ၊ အမှန်ကင်းပျောက်၊ ထမြောက်သည်ဖြစ်၍၊ သုခီ၊ ကိုယ်ရောစိတ်ပါ၊ ကျန်းမာချမ်းသာခြင်းရှိသည်။ ဟုတ္ဝာ၊ ဧကန်စင်စစ် အမှန်ဖြစ်၍။ စီရာယုကော၊ အသက်ရှည်ရှည် တည်နေရသည်။ ဟောမိ၊ အမှန်သေချာဖြစ်ရပါလို၏ ဘုရား။



(ဒီ ဘုရားရှိခိုးကို မူလသက္ကတ ဘာသာကနေပြီး ပါဠိမြန်မာဘာသာနဲ့ စကားပြေပြစ် ချောမောအောင် အမရပူရ မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသက ရေးသားပေးပါတယ်။)

အချုပ်ပြောရရင် ပင်းဒယဂူထဲမှာ အစောဆုံး ၁၇၇၉ ရက်စွဲနဲ့တွေ့ရတဲ့ ဘိသက္ကဂုရု ရုပ်ပွားတော် အကြီးအသေးအစုစု ခုနစ်ဆယ်ကျော်ဟာ မဟာယာနဂိုဏ်း ဗုဒ္ဓသာသနာဝင်တွေ ကျန်းမာရေးအတွက် ဆုတောင်းမြဲဖြစ်တယ်။ ဆေးဆရာတွေကလဲ ဆေးလိုက်အောင် ဒီဘုရားမှာပဲ ဆုတောင်းကြတယ်။ ရုပ်ပွားတော်ကို ရွှေချလို့ဖြစ်ဖြစ်၊ အပြာရောင် ဆေးသုတ်လိမ်းလို့ဖြစ်ဖြစ် ထားရမယ်။ ပုံတော်ကြီးကြီးကို ဘုရားကျောင်းတော် သီးခြားဆောက်ပြီး ကိုးကွယ်ပူဇော် ရှိခိုးကြရမယ်။ ရောဂါဝေဒနာ ခံစားနေရသူတွေ အနာရောဂါ မြန်မြန်ပျောက်ဖို့နဲ့ ဆေးဆရာတွေ ဆေးဝါးသြဇာရှိဖို့ ဒီဘုရားမှာ ဆုတောင်းရအောင် လာကြတယ်။ နေမကောင်းတဲ့လူတွေက ရုပ်ပွားငယ်ငယ်ကို လုပ်ပြီး ဆုတောင်းရင်း ဒီလို ကျောင်းတော်မျိုးမှာ အဲဒီရုပ်ပွားငယ်ငယ်ကို လှူခဲ့တဲ့ အလေ့အထလဲရှိတယ်။ ရုပ်ပွားတော်ကို ရိုးရိုးသင်္ကန်းဝတ်၊ ဒါမှမဟုတ်ရင် ကိုယ်လုံးတော်မှာ သင်္ကန်းအပတ်တွေ အများကြီးစည်းထားတဲ့ သင်္ကန်းဝတ်၊ ဒါမှမဟုတ်ရင် မင်းဝတ်ထုကြပါတယ်။ လက်ထဲက အမြိုက်အိုးရဲ့ အာနိသင်က အသက်ရှည်စေတယ်၊ အနာကင်းတယ်၊ အိုတဲ့လူ ပျိုစေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သစ်စေ့က ရှင်သန်စေတယ်၊ ကြီးထွားစေတယ်၊ ပွားများစေတယ်။ ဒါကြောင့် စီးပွားဥစ္စာတိုးတက်ဖို့နဲ့ ကျန်းမာဖို့ နှစ်မျိုးစလုံးဆုတောင်းလို့ ရတဲ့ ရုပ်ပွားတော် ဖြစ်ပါတယ်။ ပင်းဒယနယ်ရဲ့ ယုံကြည်မှုမှာ ဒီယုံကြည်မှုရှိခဲ့လို့ ပင်းဒယဂူထဲမှာ ဘိသက္ကဂုရု ရုပ်ပွားတော် ခုနစ်ဆယ်ကျော်ရှိနေတာ ဖြစ်တယ်။ ပင်းဒယဂူထဲမှာ တွေ့ရတဲ့ ရက်စွဲပါ ဆင်းတုကထဲက အစောဆုံးဟာ ၁၇၇၃ ဖြစ်ပြီး ပင်းဒယဂူထဲက ရက်စွဲပါ အစောဆုံး ဘိသက္ကဂုရုပုံတော်က ၁၇၇၉ ဖြစ်လို့ ဒီဂူကိုစပြီး ဘုရားကျောင်းတော်အဖြစ်နဲ့ အသုံးပြုစကပဲ ဘိသက္ကဂုရုကိုလဲ ကိုးကွယ်ယုံကြည်တဲ့ အလေ့အထ ရှိခဲ့တာ ထင်ရှားပါတယ်။ ဒီဂူထဲမှာ ပဒုံမင်းဆိုတဲ့ ဘိုးတော်ဘုရားလက်ထက်ကို ညွှန်းတဲ့ လက်ရာတွေ အများကြီးရှိပေမယ့် ကုန်းဘောင်ခေတ်ဦးကပဲ စပြီး ဘုရားကျောင်းအဖြစ်နဲ့ သုံးစွဲခဲ့ကြပြီလို့ မှတ်ယူရပါတယ်။



# အခန်း ၅

## ဂူတွင်း အနုပညာလက်ရာ

ပင်းဒယ (စွယ်တော်ပန်း အဖြူပွင့်ပေါ်တဲ့ မြေပြန့်လွင်ပြင် ကျယ်ကျယ်ရှိရာအရပ်) ဂူသုံးလုံးစလုံး အရှေ့ဘက်အပေါက်က ဝင်ရတဲ့ ဂူတွေဖြစ်တယ်။ တောင်ဘက်အကျဆုံးဂူက ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၄၉၇၀ မြင့်တယ်။ ပင်းဒယမြို့ အမြင့်က ပေပေါင်း ၃၈၈၀ ဖြစ်တယ်။ အဲဒီတောင်ဘက်ဂူ (ပုံ ၂ နဲ့ မြေပုံကြည့်)ကို အရှေ့ဘက် သံပြသာဒ်က လှေကားထစ်တစ်ဆယ့်တစ်ထစ်တက်ပြီး ဝင်လိုက်တဲ့အခါ ဘုရားရှင်ကိုယ်စားတော်၊ ရုပ်ပွားတော် ဆင်းတုတော်တွေ များလွန်းလို့ ဘယ်ကစပြီး ဖူးရမယ်၊ ရှိခိုးရမယ်၊ ဦးချရမယ်၊ အံ့သြကြည်ညိုရမယ်လို့တောင် မသိနိုင်အောင် ဖြစ်ရပါတယ်။ ဒါပေမယ့် ဉာဏ်တော်အမြင့် အတောင်ငါးဆယ် (ခုနစ်ဆယ့်ငါးပေ) ရှိတဲ့ ရွှေဥမင်စေတီကစပြီး ဦးချရမှာပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီစေတီကို အသောကမင်းကြီး တည်ထားခဲ့ပြီး အလောင်းစည်သူမင်းက ပြုပြင်ခဲ့တယ်လို့ အပြောရှိပေမယ့် ဒီစကားကို ထောက်ခံမယ့် သက်သေပစ္စည်း အထောက်အထား အနားပတ်ဝန်းကျင်မှာ တစ်ခုတလေမှ မရှိဘူး၊ ရှိမယ်လဲ မျှော်လင့်မထားပါဘူး။ စေတီကို ကြည့်ရင် ခေတ်သစ်လက်ရာဆိုတာ ထင်ရှားလှတယ်။ တချို့ ရုပ်ပွားကမှ တဆယ့်ရှစ်ရာစုနှစ် လက်ရာဖြစ်နိုင်သေးတယ်။ ဥပမာ– အဝင်ဝမှာပဲ ပန်းတံကဲနဲ့ ရုပ်ပွားတစ်ဆူရှိတယ်။ ပန်းတကဲက အခုပြောတဲ့ တစ်ဆယ့်ရှစ်ရာစုနှစ်ကို ညွှန်းနေပါတယ်။ (ပုံ ၃၊ ဓာတ်ပုံ ၁၆ ကြည့်ပါ). ဘယ်ရုပ်ပွားကို ဂူထဲက ဘယ်နေရာမှာ တွေ့တယ်၊ လက်ရာအနေနဲ့ အနုပညာမြောက်တယ် ဆိုတာတွေ ဆက်ပြောချင်ပါတယ်။ ဂူပေါက်ကိုဝင်ပြီးတဲ့အခါ တောင်ဘက်မှာ အခေါင်းကြီးရှိတယ်။ အဲဒီအခေါင်းကြီး ပြည့်မတတ်၊ ခြေသွား သာရုံ ဝင်ပါလမ်းချန်ပြီး ဘုရားဆင်းတု အပြည့်ထုလုပ်ထားတယ်။ ဒီအခေါင်းကြီးရဲ့ တောင်ဘက်ပိုင်းမှာ နည်းနည်း အမြင့်ပြန်တက်ရတယ်။ ဒါပေမယ့် ဒီအခေါင်းကြီးက အနောက်ဘက်ကိုထွက်တဲ့ အပေါက်ရှိတယ်။ အဲဒီ အနောက်ဘက်ပေါက်အတိုင်း လိုက်သွားရင် အောက်ကို တဖြည်းဖြည်း နိမ့်ဆင်းသွားတယ်။ နည်းနည်းသွားမိတော့ လိုဏ်ခေါင်းဟာ မြောက်ဘက်ချိုးပြီးသွားတယ်။ မျက်နှာပြင်ဟာလဲ ဆက်ပြီး နိမ့်ဆင်းသွားတယ်။ အဝင်ဝက လိုဏ်ခေါင်းမြောက်ဘက် အဆုံးအထိ ပေ ၄၉၀ ရှည်တယ်။

ဂူထဲမှာ အနုပညာလက်ရာအနေနဲ့ ပထမဆုံး လေ့လာစရာက ဘုရားတံကဲနဲ့ ပလ္လင်တွေ ဖြစ်ပါတယ်။ ခုခေတ်မှာ မှန်စီရွှေချ



ပြော့ပလ္လင်နဲ့ အပေါ်က သိရီစတ္တ (အိမ်မွှန်)ပုံကိုပဲ လုပ်လေ့ရှိကြတယ်။ တကယ်ကတော့ နန်းတော်ထဲက သီဟာသန ပလ္လင်ရဲ့ တံကဲလိုပဲ လိုက်လုပ်နေကြတယ်။ ဒီလိုလိုက်လုပ်ကြတာမှာ စောစောပိုင်းကတော့ အဆောက်ထည့်တဲ့အခါ ရာဇပလ္လင်က နတ်ဆော်၊ ဘုရားတံကဲက ငှက်ဆော်နဲ့ ပန်းဆော် ထည့်ပေးခဲ့တယ်။ ခုတော့ မခွဲကြတော့ဘူး၊ ရာဇပလ္လင်အတိုင်းပဲ လုပ်နေတယ်။ အမရပူရခေတ် ပဒုံမင်းလက်ထက် အစပိုင်း ၁၇၈၃ လောက်က ဘုတလင်လွှဲတဲ့ရွာက ဘုန်းတော်ကြီးကျောင်းကိုဆောက်ပြီး အဲဒီကျောင်းမှာ ပန်းပုလက်ရာ ထူးခြားတာတွေ တွေ့သလို ပန်းနဲ့ဘုရားပလ္လင်၊ ဘုရားတံကဲလုပ်တာတွေ့တယ်။ အဲဒီလက်ရာတွေနဲ့ အင်မတန်ဆင်တဲ့ ပလ္လင်တံကဲတွေကို ပင်းဒယဂူထဲမှာ သွားတွေ့တော့ ပင်းဒယ လက်ရာတွေဟာလဲ ခရစ် တဆယ့်ရှစ်ရာစုနှစ်ကုန်ပိုင်းက လက်ရာတွေ ဖြစ်ကောင်းရဲ့လို့ သာမည ယူဆစရာဖြစ်ပါတယ်။ မန္တလေးခေတ် ပန်းအခွေအနွယ် အလုပ်တွေနဲ့ သိသိသာသာ ခြားနားပါတယ်။ တော်တော် ရိုးသေးတဲ့ လက်ရာ (ပုံ ၃၊ ဓာတ်ပုံ ၁၆) ရှိသလို နည်းနည်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိတဲ့ လက်ရာ (ပုံ ၄၊ ဓာတ် ပုံ ၁၇)ရယ်၊ အတော်လှပ ဆန်းကြယ်တဲ့ လက်ရာ (ပုံ ၅၊ ဓာတ်ပုံ ၁၈)လဲ တွေ့နိုင်ပါတယ်။ ဒီပန်းပလ္လင်နဲ့ ပန်းတံကဲကို ပြန်လည်ဖော်ထုတ်ဖို့ တိုက်တွန်းချင်ပါတယ်။ အုတ် အင်္ဂတေနဲ့လုပ်ပေမယ့် အင်မတန်သွက်လက်ပျော့ပျောင်းပြီး လှ ကောင်းမွန်တာကို တွေ့ရတယ်။ အခုခေတ်အတွင်း သံချောင်းခံပြီး အင်္ဂတေနဲ့လုပ်တဲ့ အနွယ်အလိပ်တွေကိုလဲ မနိုင်ဘူး၊ ခန့်ညားလှပ တယ်လို့ပဲ ပြောချင်ပါတယ်။ ဘုရားဖူးရောက်လာတဲ့ လူတွေထဲက

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအနုပညာ လက်ရာကောင်းတွေကို သတိမထားမိကြသေးလို့ ပြန်လည်ဆန်းသစ်တဲ့အနေနဲ့ မသုံးဖြစ်ကြသေးတာဖြစ်မယ်။ ပန်းပလ္လင်နဲ့ တံကဲကို အရင်ဆယ်နှစ်လောက် (၁၉၇၀)က မြန်မာလေယာဉ်ပြက္ခဒိန်မှာ ရောင်စုံပုံနှိပ်ဖော်ပြဖူးပါတယ်။ ကုသိုလ်ရှင်တွေက ဒီပလ္လင်နဲ့ တံကဲမျိုးမှာထားလုပ်ကိုင်စေပြီး ဘုရားရုပ်ပွားတင်ပြီး ကိုးကွယ် ပူဇော်ကြမယ်ဆိုရင် တစ်မျိုးကြည်ညိုစရာဖြစ်မှာ အမှန်ပါပဲ။

သစ်သားနဲ့ ပုံတူးပုံဆန်း တံကဲတွေကိုလဲ ပင်းဒယဂူထဲက တွေ့ရပါသေးတယ်။ အဲဒီသစ်သားတံကဲတွေကိုတော့ အခုဂူကို စောင့်ရှောက်နေတဲ့ ဆရာတော်ဦးဝိမလစာရကိုပဲ ကောင်းကောင်း ထိန်းသိမ်းပါလို့ တောင်းပန်ခဲ့ပါတယ်။ ပြတိုက်ရှိရင်လဲ ပြတိုက်မှာ ရွှေ့ပြီးပြသဖို့ တိုက်တွန်းခဲ့ပါတယ်။ ပင်းဒယဂူထဲမှာ တွေ့ရတဲ့ သစ်သားတံကဲတွေထဲမှာ စိုင်ပေါင်ခံပြီး ပြာသာဒ်သဘောမျိုး လုပ်ထားတဲ့ တံကဲ(ပုံ ၆၊ ဓာတ်ပုံ ၁၉)က အရိုးဆုံးဖြစ်ယမ်ထင်တယ်။ ပန်းပွင့်ကြက်တူရွေးနဲ့ ကိန္နရီတံကဲ (ပုံ ၇၊ ဓာတ်ပု ၂၀)က အင်မတန်လှတယ်။ ယဉ်တယ်လို့ တင်မိတယ်။ ဒီဟန်မျိုး ပုံစံမျိုးကို အပေါ်က ဖော်ပြခဲ့တဲ့ လွှတ်ကျောင်းမှာ တော်တော်များများ တွေ့ခဲ့ဖူးပါတယ်။ အားလုံး ၁၇၈၅ လောက်က လက်ရာတွေ ဖြစ်နိုင်ပါတယ်။ အခု ပြန်ကြည့်ရင် အရင်အနှစ်နှစ်ရာက သစ်သားလက်ရာတွေဖြစ်လို့ အခုလို မပျက်မစီးသေးဘဲ ကျန်သေးတာကို အနုပညာလေ့လာသူတွေအဖို့ အင်မတန် ကံကောင်းတယ်လို့ ဆိုရမယ်။ ပုဂံခေတ်က ပန်းအခွေ အနွယ်အပွင့်၊ အရွက်အလိပ်တွေနဲ့ ဆင်သလိုလိုရှိလို့ တစ်ဆယ့်ရှစ်ရာစုနှစ်လယ်က ထိုင်းလင်းပုံစံတွေ လာရောက်လွှမ်းမိုးတာကို လက်မခံဘဲ ရှေးဟန်အတိုင်းဆက်ပြီး ထွန်းကားတဲ့ လက်ရာလို့တောင် ကျွန်တော်တို့ ပြောချင်နေပါတယ်။ နောက် တံကဲတစ်ခုမှာ (ပုံ ၈၊ ဓာတ်ပုံ ၂၁)နဂါးရယ်၊ နဂါးခေါင်းနဲ့ ငှက်ကြီးရယ် တွေ့ရပါတယ်။ နဂါးကလဲ အခုအခါမှာလို သိပ်မဆန်းကြယ်သေးဘူး။ ပင်းဒယမြောက်ဘက်ဂူမှာလဲ အုတ်အင်္ဂတေနဲ့ ဒီနဂါးမျိုးတွေပါတယ်။ (ပုံ ၉၊ ဓာတ်ပုံ ၂၂)။ ပုဂံခေတ်လက်ရာ၊ အဝခေတ်လက်ရာနဲ့လဲ ပုံစံအရ မကွာလှမ်းလှသေးဘူးဆိုရမယ်။ နဂါးကို စိတ်ကူးနဲ့ပဲမှန်းပြီး မြွေနဲ့ကွဲအောင် ခွဲကြတဲ့အခါ အခုပုံတွေက ရှေးကျတယ်၊ တစ်ဆယ့်ရှစ်ရာစုနှစ်ပိုင်းက ပုံတွေဖြစ်ပါတယ်။ ငှက်ဆင်ရှိသလို ငှက်ခြင်္သေ့၊ ငှက်နဂါးရှိမယ်ဆိုတဲ့ သဘောနဲ့ အခုငှက်နဂါးကို ထုလုပ်ထားတာ တွေ့ရပါတယ်။ ရေဦးနားက ဖလံခုံမှာ မိဖုရားမယ်နု အမျိုးထဲက ကောင်းမှုကျောင်းကြီးတစ်ခုမှာ သစ်သားဖန်းပုနဲ့ ငှက်ခြင်္သေ့ တွေ့ရဖူးပါတယ်။



သစ်သားလက်ရာတွေ ပြောလက်စနဲ့ ဆက်ပြောချင်တာ တစ်ခုက တစ်မျက်နှာ သစ်သားခြောက်ပြားပါတဲ့ လေးမျက်နှာ သစ်သား နှစ်ဆယ့်လေးပြားနဲ့ ထုလုပ်ထားတဲ့ သမ္ဗုဒ္ဓေဘုရားတွေပဲ ဖြစ်ပါတယ်။ မုံရွာနားက မိုးညှင်းသမ္ဗုဒ္ဓေမှာလို ဘုရားအဆူပေါင်း ၅၈၂၃၅၇ (ပျော်ရာကျော်စွာမြနန်း ၊ ငါးသိန်းရှစ်သောင်း နှစ်ထောင် သုံးရာငါးဆယ့်ခုနစ်)တော့ မရှိဘူး။ သစ်သားတစ်ပြားမှာ အဆူခြောက်ဆယ်၊ သစ်သားနှစ်ဆယ့်လေးမျက်နှာ အဆူ ၁၄၄၀ ရှိပါတယ်။ ဒါပေမယ့် ဒီဇိုင်းပညာအရ အင်မတန် ချီးမွမ်းစရာဖြစ်တယ်လို့ ထင်ပါတယ်။ သစ်သားနဲ့ပဲ ဘုရားရုပ်ထုငယ်တွေ အများကြီးပါတဲ့

www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်တုံးကြီးပေါ်မှာ တံကဲလှလှနဲ့ ဘုရားရုပ်ပွားတစ်ခု၊ အဲဒီအထက်က သစ်သားနဲ့ပဲ ထုလုပ်ထားတဲ့ စေတီ (ပုံ ၁၀၊ ဓာတ်ပုံ ၂၃ ကြည့်) ဖြစ်ပါတယ်။ ဒီလို စိတ်ကူးကောင်းကောင်းနဲ့ တွဲဖက်ထားတဲ့ ပုံစံကိုတွေ့ရခဲပါတယ်။ ဒီပုံကိုလဲ ပြန်လည်ဆန်းသစ်တဲ့ ပုံအဖြစ်နဲ့ ထုလုပ်ကိုးကွယ်ကြမယ်ဆိုရင် ကောင်းမယ် ထင်ပါတယ်။

ပင်းဒယ ဂူထဲကိုဝင်ပြီး အနောက်ဘက် မယွက်ခင် အဆင်းတစ်ခုရှိတယ်။ အဲဒီအဆင်းရဲ့ ဆင်းစနံရံမှာ ပန်းစကြာ ခပ်ကြီးကြီး တစ်ခု (ပုံ ၁၁၊ ဓာတ်ပုံ ၂၄) အင်္ဂတေနဲ့ လုပ်ထားခဲ့တာ တွေ့ရပါတယ်။ ဒီပန်းစကြာကိုပဲ ပင်းဒယမြောက်ဘက်ဂူရဲ့ တံဆိပ်လုပ်ဖို့ ကောင်းတယ်လို့ ထင်မိတယ်။ စောစောကပြောခဲ့တဲ့ ပန်းပလ္လင်နဲ့ ပန်းတံကဲတွေမှာ တွေ့ရတဲ့ ဒီဇိုင်းတွေဟာ ဒီပန်းစကြာကို အခြေခံတယ်လို့ ဆိုနိုင်ပါတယ်။ ပန်းရွက်လေးခုနဲ့ ရိုးရိုးယဉ်ယဉ် လှပကောင်းမွန်တဲ့ ဒီဇိုင်းအပိုင်းတစ်ခုဖြစ်အောင် လုပ်ထားလို့ ချီးမွမ်းစရာဖြစ်ပါတယ်။ ပုဂံအာနန္ဒာဘုရား သစ်သားတံခါးရွက်ကြီး တွေမှာ ဒီလိုအရွက်ဒီဇိုင်း များများသုံးထားတာ တွေ့ရပါတယ်။ စေတီတော်က ပုဂံခေတ်ဖြစ်ပေမယ့် တံကါးရွက်တွေကတော့ အမရပူရ ပဒုံမင်းသားတော် အိမ်ရှေ့မင် ရဲ့ ကုသိုလ်ဖြစ်ပါတယ်။

ပင်းဒယဂူထဲမှာ ထူးဆန်းတယ်လို့ ထင်စရာရုပ်ပွားတော် လက်ဟန်ပုံစံတစ်မျိုးကိုလဲ သတိထားမိပါတယ်။ လက်တော်မြေထိ (ဘူမိဖွတ်မုဒြာ) ဆိုရင် လက်တော်ဟာ ဒူးအောက်နားကနေပြီး ပလ္လင်ကို ထိအောင် ချထားတာမျိုးပဲ ထုကြတယ်။ ပျူခေတ် (မော်ဇာ)မှာတော့ လက်ကိုချတဲ့အခါ ဒူးအထက်နဲ့ ဒူးပေါ်ကနေပြီး ချတာပဲ



မူကွဲတွေ့ဖူးတယ်။ ပင်းဒယဂူထဲမှာတော့ မြေထိရမယ့် လက်တော်ဟာ မြေကို (ပလ္လင်ကျမ်းကို) မထိဘဲ ဓါးကွက် (ပုံ ၁၁၊ ဓာတ်ပုံ ၂၅)ကို ထိထားတယ်။ ဆင် (ပုံ ၁၂၊ ဓာတ်ပုံ ၂၆)ကို ထိထားတယ်။ ကြွက် (ပုံ ၁၃၊ ဓာတ်ပုံ ၂၇)ကို ထိထားတယ်။ ပင်းဒယမြောက်ဘက်ဂူမှာ တော့ ခြင်္သေ့ (ပုံ ၁၃)ကို ထိထားတာတွေ့ရပါတယ်။ ဒီလို လက်တော်နဲ့ ပလ္လင်ကြားမှာ အရုပ်ကလေးတွေ ထည့်တာကို ဘယ်လိုအဓိပ္ပာယ်ကောက်ရမယ်လို့ မသိပါဘူး။ သဘာဝအနေအထား အတိုင်း လက်ဖျားနဲ့ ပလ္လင်ကြားမှာ ကွက်လပ်ရှိမှာဖြစ်လို့ ဒီကွက်လပ်ကို ဖြည့်တဲ့အခါ ရိုးရိုးလေးထောင့်တုံးကလေး ထည့်တာ ကိုလဲ တွေ့ဖူးပါတယ်။ လေးထောင့်တုံးကလေးမှာ ပန်းဖော်ထားတာလဲ ရှိပါတယ်။ အဲဒါကနေပြီး အသစ်တီထွင်လိုက်လို့ ကြွက်၊ ခြင်္သေ့၊ ဆင်နဲ့ ဓါးကွက်ကို ပင်းဒယဂူထဲမှာ လာတွေ့နေပါတယ်။ တခြားဒေသ တွေမှာ ဒီလိုတီထွင်တာ မရှိသေးလို့ ဆန်းတယ်ပဲ ပြောရပါမယ်။ အမှန်တကယ်ကတော့ အစဉ်အလာကို တော်လှန်တဲ့ ပုံစံရယ်လို့ အသိအမှတ်ပြုရမယ် ထင်ပါတယ်။

ပင်းဒယဂူ တောင်ဘက်ခေါင်းထဲက တောင်ဘက်နံရံမှာ ပျားအုံယူလာတဲ့ မျောက်ရုပ်တစ်ရုပ် တွေ့ပါတယ်။ (ဓာတ်ပုံ ၂၈)။ မျောက်ပုံစံကတော့ တယ်မပီသဘူး။ ဒါပေမယ့် ကွက်လပ် မကျန် အောင် ဘုရားဆင်းတုတွေ အထပ်ထပ် ဖြည့်နေတဲ့နေရာမှာ အခုလို မျောက်ရုပ်တစ်ရုပ်၊ လူနှစ်ယောက် လက်ဝှေ့ရေးပြနေတဲ့ အရုပ် (ဓာတ်ပုံ ၂၉)၊ အောက်ငုံ့ကြည့်နေတဲ့ရှဉ့်ရုပ် (ဓာတ်ပုံ ၃၀)၊ အပေါ်မော့ကြည့်နေတဲ့ ရှဉ့်ရုပ် (ဓာတ်ပုံ ၃၁)၊ ကဗ္ဗတ် (ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



၃၂)၊ ဟသ်ာ (ဓာတ်ပုံ ၃၃) ရုပ်တွေ တွေ့ရတော့ ထူးဆန်းနေပါတယ်။ အရုပ်တွေကတော့ ဟန်မာန်ပီပြင် ကျော့ရှင်းလှပတဲ့ လက်ရာမဟုတ်လို့တယ်ပြီး ချိုးမွမ်းစရာ မဟုတ်ပေမယ့် ဘုရားရုပ်တုကို အကြီးအငယ်မရွေး ကွက်လပ်မကျန်ရအောင် ထုမြဲပုံစံက ဖွဲ့ထွက်လို့ ဆန်းတဲ့အနေနဲ့ မှတ်သားမိပါတယ်။

ဆံပင်ရှေညှစ်တဲ့ အရုပ်တွေလဲ တွေ့ရပါတယ်။ မာရ်နတ်က ဗောဓိပင်ရင်းက ဘုရားကို လာပြီးနှောင့်ယှက်တဲ့အခါ မြေနတ်သားက ပေါ်လာပြီး ဆံပင်ရှေညှစ်တဲ့အခါ စစ်သားတွေထွက်ပြေးကြတယ်လို့ အပြောများတယ်။ အခုံ ပင်းဒယမှာ မြေနတ်သားဝသုန္ဒြေမဟုတ်ဘူး။ မြေနတ်သမီး ဝသုန္ဒရီဖြစ်နေတယ်။ (ဓာတ်ပုံ ၃၄)။ မြောက်ဘက် ဂူနံရံမှာလဲ ဆေးရေးပုံ (ဓာတ်ပုံ ၃၅)မှာ ဆံပင်ရှေညှစ်တဲ့ အမျိုးသမီးအရုပ်ကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ အရုပ်အပေါ်ကစာက –

"ဖြား ဒါယကာ အောင်ကျော်သို့ မောင်နှံ့ ကောင်းမှု နိဗ္ဗာဆုသာခု"

လို့ တွေ့ရတယ်။ ရေးသားထားတဲ့ လက်ရေးနဲ့ ရေးပုံက ကုန်းဘောင်ခေတ်လယ် ဖြစ်နိုင်ပါတယ်။ အမျိုးသမီးရဲ့ ပဝါက အဝါနု၊ အင်္ကျီက အဖြူခံ ပန်းနုကွက်၊ အချိတ်လုံချည်မှာ အနီ၊ အဝါ၊ အနက်၊ အဖြူနဲ့ ချိတ်ထားတယ်။ အဲဒါတွေအားလုံး ပေါင်းလိုက်ရင် ဆိုလိုတာက မြန်မာမြေပြင်နဲ့မှာ ဆံပင်ရှေညှစ်တာ နတ်အမျိုးသားဖြစ်ပေမယ့် ရှမ်းပြည်မှာ နတ်အမျိုးသမီးဖြစ်တယ်။ မူရင်း ...ယက ရေးသားတဲ့ ဗုဒ္ဓစာပေပေဟွေဆဲမှာတော့ မာရ်နတ်က



တဏှာ၊ အရတိ၊ ရာဂဆိုတဲ့ သမီးသုံးယောက်နဲ့ ဖြားယောင်းတယ်ဆိုတာတော့ တွေ့ပါတယ်။ မြို့ဂူအာနန္ဒ အပြင်စင်္ကြံ အပေါ်တန်းအရုပ်အမှတ်) ရှေညှစ်တာမပါဘူး။ မြောက်ဘက်ဂူမှာ နံရံဆေးရေးပန်းချီရှိတယ်။ တောင်ဘက်ဂူမှာ ဒီလိုဆေးရေး မရှိပေမယ့် တစ်ခေတ်တည်း လက်ရာတွေလို့ယူဆပြီး ပုံတစ်ပုံဖော်ပြ လိုက်ပါတယ်။ (ဆွဲပုံ ၁၆)။ ဒီပုံမှာ ပန်းခွေ အပွင့် အရွက် အလိပ် သွားလာပုံက နှောက်ပိုင်းကုန်းဘောင်ထက် အဝဘက်ကို ပိုနီးစပ်တယ်။ ဘီလူးဆောင်းထားတဲ့ ခေါင်းဆောင်းဟာ တကယ့် ဥရောပတိုက်သားတွေရဲ့ဦးထုပ်ဖြစ်တယ်။ ဥရောပတိုက်သားကို ဘီလူးနေရာကထားပြီး နံရံဆေးရေးကို တဆယ့်ခြောက်ရာစုနှစ် လောက်ကစပြီး မြန်မာနိုင်ငံမှာ တွေ့နေရပါတယ်။ ဥပမာ–ပုဂံ စူဠာမဏိဘုရား အဝခေတ် နံရံဆေးရေးတချို့မှာ ဦးထုပ်ဆောင်း ဥရောပတိုက်သား ဘီလူးတွေ တွေ့ရပါတယ်။ ဘီလူးတွေကို ဥရောပတိုက်သားအဝတ်နဲ့ ရေးဆွဲတာနဲ့ယှဉ်ပြီး ဥရောပတိုက်သား သင်္ဘောသားတွေနဲ့ ရွက်သင်္ဘောပုံအပီအသရေးဆွဲထားတာလဲ အဲဒီ ပုဂံစူဠာမဏိဘုရားနံရံမှာပဲ တွေ့ရပါတယ်။ အခုလို နှိုင်းယှဉ်ပြနေတဲ့ ရည်ရွယ်ချက်ကတော့ ပင်းဒယပန်းချီပန်းပုတွေဟာ ကုန်းဘောင်ခေတ်ဦးက လက်ရာများတယ်။ ရေးဆွဲထုလုပ်ပုံဟန်နဲ့ ပုံစံက အဝခေတ်ညောင်ရမ်းကာလနဲ့ ပိုပြီးနီးစပ်တယ်။ ဒါပေမယ့် အဝခေတ် ညောင်ရမ်းကာလ ဖြစ်ဖို့ထက် ကုန်းဘောင်ခေတ်ဦးဖြစ်ဖို့ များတယ်။ ရက်စွဲပါ ဆင်းတုထဲမှာလဲ ၁၇၇၃ က အစောဆုံးဖြစ်လို့ ဒီလိုပြောတာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပင်းဒယဂူသိမ်မိုင်းနဲ့ ပတ်သက်ပြီး အချုပ်ပြောရရင်—

၁။ ကုန်းဘောင်ခေတ်ဦးက ပန်းပုလက်ရာတွေများလို့ ဂူထဲမှာ ရုပ်ပွားတော် အများစုဟာ အဲဒီတစ်ဆယ့်ရှစ်ရာစုနှစ်လယ်က စတင် တည်ထား ပူဇော်ကိုးကွယ်တဲ့ ရုပ်ပွားကိုယ်စားတော်တွေ ဖြစ်မယ်လို့ ဆိုနိုင်ပါတယ်။

၂။ တစ်ဆယ့်ကိုးရာစုနှစ်ဦးလောက်စပြီး ပူဇော်ကိုးကွယ်ခြင်း လျော့နည်းပြီး နောက်ပိုင်းရောက်လာတဲ့အခါ ရုပ်ပွားတော်ကို လူအများစုက မြင်လို့မှ မမှတ်မိတော့တဲ့ သိသဏ္ဍာန်ရုပ်ပုံတော်တွေကို အရေအတွက် ခုနှစ်ဆယ်ကျော် ပင်းဒယဂူထဲမှာ တွေ့ရလို့ ဆေးပညာသင်ကြားခြင်း၊ ဆေးကုသခြင်း၊ ကျန်းမာချင်လို့ ဘုရားမှာ ဆုတောင်းခြင်း လုပ်လေ့ရှိတဲ့ ဘိသဏ္ဍာန်ရုပ်ဟာ ကုန်းဘောင်ခေတ်ဦးက အင်မတန် ခေတ်စားနေသေး တယ်လို့ သိရတယ်။ အခုလဲ ဒီကိုးကွယ်မှု ပြန်ပြီး ဖော်ထုတ်သင့်ပါတယ်။

၃။ မံဘုရားတွေလဲ တွေ့ရတော့ မံဘုရားသမိုင်း ပြန်ကြည့်တဲ့အခါ မံဘုရားလုပ်နည်းဟာ ကုန်းဘောင်ခေတ်ဦးလောက်ကမှ စတင်ထွန်းကားတဲ့ ပညာဖြစ်တယ်။ ရှေးဦးနယ် စည်သာမြေကလုပ်ပြီးသား



ဆင်းတုတွေကို ရှမ်းပြည်မှာ အများဆုံးသွားပြီး ရောင်းတယ်။ ဒီလိုမံဘုရား လုပ်ရောင်းတဲ့ လုပ်ငန်း ၁၉၂၉ လောက်မှာ တိမ်မြုပ်သွားလို့ နောက်ထပ် မတွေ့ရတော့ဘူးဆိုတဲ့ အချက်တွေနဲ့လဲ ကိုက်ညီနေတယ်။

၄။ ၁၉၂၇–၈ မှာ သံပြသာဒ်ကြီး ဖြစ်လာတော့ တိုးတက်တာတွေရှိသလို ယမ်းနဲ့ခွဲပြီး ဂူပေါက်ချဲ့တာကစပြီး ရှေးလက်ရာအချို့ ပျက်စီးရတာ နှမြောစရာ ဖြစ်ပါတယ်။ နောက်လဲ လူအရောက်အပေါက်များလေ ရှေးလက်ရာတွေ ပျောက်ပျက်လေဖြစ်မှာစိုးပါတယ်။ ထိန်းသိမ်းတဲ့ ဂေါပကအဖွဲ့က ဒီအချက်ကို ဂရုပြုဖို့ အင်မတန် လိုပါတယ်။

၅။ ဒဂုန်ခင်ခင်လေး ၂၆ ဇန်နဝါရီ ၁၉၅၇ ရွှေစက်ချပြီး လျှပ်စစ်ဓာတ်မီး သွယ်တန်းပူဇော်တဲ့ အခါကစပြီး ဂူတွင်းကိုဝင်ပြီး ဘုရားကြည်ညိုဖို့ လွယ်ကူတဲ့အတွက် ဘုရားဖူးတွေ အလာပိုတာတယ်။ ဒါကြောင့် ရှေးပစ္စည်းတွေ လက်ရာမပျက် ထိန်းပေးဖို့ တစ်ခါထက်တစ်ခါ လိုလာပြီလို့ သတိပေးချင်ပါတယ်။ ဘုရားဖူးတွေကိုလဲ ရှေးလက်ရာတွေ တိန်းရာမှာ ကူညီကြပါလို့ အထူး မေတ္တာရပ်ခံ သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဂူသမိုင်းပြတိုက်တစ်ခု ဖြစ်နိုင်ဖို့ကလဲ ကြိုးစားသင့်တယ်။ ရှိပြီးသား ပစ္စည်းတွေကို အညွှန်းစာတွေနဲ့ စီစဉ်ပြီး ပြသထားသင့်တယ်။ အထူးသဖြင့် မံဘုရားတွေ၊ သစ်သားဘုရားတွေဟာ ဂူထဲမှာ အခုအခါ အောက်ပိုင်းဆွေးနေတာကို တွေ့ရတယ်။ အပြင်ထုတ်ပြီး ပြတိုက်မှာထားဖို့ အကြံပြုသင့်ပါတယ်။ ။

www.burmeseclassic.com